# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**မကောင်းမှုကို ရှောင်ကြဉ်**

အဖော်နည်းသော၊ များသောဥစ္စာရှိသော ကုန်သည်ကြီးသည် ဘေးအန္တရာယ်များသောခရီးကို ရှောင်ကြဉ်သကဲ့သို့လည်းကောင်း၊ အသက်ရှင်လိုသောသူသည် လတ်တလော သေစေတတ်သောအဆိပ်ကိုရှောင်ကြဉ်သကဲ့သို့လည်းကောင်း ပညာရှိသည် မကောင်းမှုကို ရှောင်ကြဉ်ရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၃)


၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက်၊ အင်္ဂါနေ့။ Tuesday, 18 June 2019 ၉၆၈၄


# ဘဏ္ဍာရေးကော်မရှင် (၃/၂၀၁၉) ကြိမ်မြောက် အစည်းအဝေး ကျင်းပ

## နှစ်စဉ်ခွဲဝေပေးသည့်အသုံးစရိတ်များအား နိုင်ငံတော်နှင့် ပြည်သူများအတွက် ထိရောက်စွာအကျိုးပြုရန်လိုအပ်ကြောင်း နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ပြောကြား





နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဘဏ္ဍာရေးကော်မရှင် (၃/၂၀၁၉) ကြိမ်မြောက်အစည်းအဝေးတွင် လမ်းညွှန်အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇွန် ၁၇**

ဘဏ္ဍာရေးကော်မရှင် (၃/၂၀၁၉) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တက်ရောက်လမ်းညွှန်အမှာစကားပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဘဏ္ဍာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ ဘဏ္ဍာရေးကော်မရှင်အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဘဏ္ဍာရေးနှစ်လေးနှစ်ရှိလာ**

အစည်းအဝေးတွင် ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က ယနေ့ကျင်းပသည့် ဘဏ္ဍာရေးကော်မရှင် (၃/၂၀၁၉) ကြိမ်မြောက် အစည်းအဝေးတွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို ဆွေးနွေးအတည်ပြုကြရန် ဖြစ်ပါကြောင်း။

မိမိတို့ အစိုးရသက်တမ်းကာလအတွင်းတွင် ယခုဆိုလျှင် ဘဏ္ဍာရေးနှစ်လေးနှစ် ရှိလာပြီဖြစ်ပါကြောင်း၊ ၂၀၁၆-၂၀၁၇၊ ၂၀၁၇-၂၀၁၈ နှင့် ၂၀၁၈ ခုနှစ်ခြောက်လ ဘဏ္ဍာရေးနှစ်တို့ကို အကောင်အထည်ဖော်ခဲ့ပြီးဖြစ်ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ အကောင်အထည်ဖော်ဆောင်ရွက်ဆဲဖြစ်ပါကြောင်း၊ ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ်များက အားသာချက်၊ အားနည်းချက်များကို သုံးသပ်ပြီး လာမည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် အကောင်းဆုံးဖြစ်အောင် အကောင်အထည်ဖော်ကြရန် လိုအပ်ပါကြောင်း၊ ဌာန၊ အဖွဲ့အစည်းများကို နှစ်စဉ်ခွဲဝေပေးသည့် အသုံးစရိတ်များသည် နိုင်ငံတော်နှင့် ပြည်သူများ

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍**

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အာဆီယံထိပ်သီးအစည်းအဝေး တက်ရောက်ရန် ထိုင်းနိုင်ငံသို့ သွားရောက်မည်

**နေပြည်တော် ဇွန် ၁၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ်ချန်အိုချာ(ငြိမ်း)၏ ဖိတ်ကြားချက်အရ (၃၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန်အတွက် မကြာမီကာလအတွင်း ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ သွားရောက်မည်ဖြစ်သည်။

**သတင်းစဉ်**




# ကြေးမုံ

## ကုန်စျေးနှုန်းတည်ငြိမ်မှ လူမှုဘဝသာယာ

ပြည်သူများ၏ နေ့စဉ်လူမှုစီးပွားဘဝ အဆင်ပြေချောမွေ့စေရေးတွင် နေ့စဉ် ကုန်စျေးနှုန်းများ တည်ငြိမ်ရေးသည် အရေးကြီးသောအချက်ဖြစ်သည်။ နေ့စဉ် ကုန်စျေးနှုန်းများ တည်ငြိမ်မှသာ ရောင်းဝယ်ဖောက်ကား၊ ကူးလူးဆက်သွယ်မှုများ အဆင်ပြေချောမွေ့လာမည်ဖြစ်သည်။ လူမှုဘဝအတွက် ကုန်စျေးနှုန်းသည် အဓိကကျသည်။ ကုန်စျေးနှုန်းကို အဓိကထိန်းကျောင်းထားသည်မှာ ကမ္ဘာ့ရွှေစျေး၊ ငွေစျေးဖြစ်သလို ကမ္ဘာ့ရေနံစျေးသည်လည်း ပါဝင်နေသည်။

ကမ္ဘာ့ရွှေစျေး၊ ငွေစျေးအတက်၊ အကျသည် စျေးကွက်ကို အပြောင်းအလဲဖြစ်စေပြီး ယင်းစျေးနှုန်းများတက်ခြင်းကြောင့် ကုန်စျေးနှုန်းကြီးမြင့်ခြင်းကိုဖြစ်စေသည်။ ယခုအခါ ကမ္ဘာ့နိုင်ငံရေး၊ စီးပွားရေး မတည်ငြိမ်မှု၊ ဂယက်ရိုက်ခတ်မှုများကြောင့် ကမ္ဘာ့ရွှေစျေး၊ ငွေစျေးသာမက ကမ္ဘာ့ရေနံစျေးနှုန်းများပါ တစ်စတစ်စ မြင့်မားလာသည်ကို တွေ့ရမည်ဖြစ်သည်။ ယင်းအကျိုးဆက်များသည် ကမ္ဘာ့နိုင်ငံများ၊ စီးပွားရေးလုပ်ငန်းများနှင့်အတူ ကမ္ဘာ့ပြည်သူများ၏ လူမှုစီးပွားဘဝကိုပါ အနည်းနှင့် အများ ထိခိုက်မှုရှိလာသည်။

ပြီးခဲ့သည့်ရက်ပိုင်းက အိုမန်ပင်လယ်ကွေ့တွင် ရေနံတင်သင်္ဘောနှစ်စင်း တိုက်ခိုက်ခံရမှုကိုအကြောင်းပြု၍ ကမ္ဘာ့ရေနံစျေးကွက်ကို ထိခိုက်လာနိုင်မည်လောဟု စိုးရိမ်ပူပန်မှုများဖြစ်လာသည်။ ယင်းမတိုင်မီကလည်း အာရပ်စော်ဘွားများ ပြည်ထောင်စုကမ်းလွန်ပင်လယ်ပြင်တွင် မည်သူ့လက်ချက်မှန်းမသိသော တိုက်ခိုက်မှုကြောင့် ရေနံတင်သင်္ဘောကြီးလေးစင်း ထိခိုက်ပျက်စီးခဲ့ရသည့်အဖြစ်လည်း ဖြစ်ဖူးသည်။ ထိုအရေးတို့ကိုအကြောင်းပြု၍ နိုင်ငံအချင်းချင်းကြား တင်းမာမှုများနှင့် ကမ္ဘာ့ရေနံစျေးကွက် ဂယက်ရိုက်ခတ်မှုများဖြစ်လာမည်မှာတော့ သေချာနေသည်။

ကမ္ဘာ့ရေနံစျေးကွက် တည်ငြိမ်မှုမရှိလျှင် မြန်မာ့ရေနံစျေးကွက်လည်း တည်ငြိမ်မည်မဟုတ်ချေ။ မြန်မာနိုင်ငံသည် သယံဇာတပေါများကြွယ်ဝသည့်နိုင်ငံဖြစ်ပြီး နိုင်ငံအတွင်း ရေနံနှင့် သဘာဝဓာတ်ငွေ့အလျှံပယ်ထွက်သော်လည်း မြန်မာနိုင်ငံမှထုတ်လုပ်သည့် ရေနံထွက်ပစ္စည်းသည် တစ်ပြည်လုံးသုံးစွဲမှု၏ ခုနစ်ရာခိုင်နှုန်းသာ ထုတ်လုပ်နိုင်သည်။ ကျန် ၉၃ ရာခိုင်နှုန်းကို ပြည်ပမှ ဝယ်ယူတင်သွင်း သုံးစွဲနေရသည်။ ပြည်ပမှ ဝယ်ယူတင်သွင်းရာတွင် စင်ကာပူမှ အများဆုံးတင်သွင်းလျက်ရှိပြီး စင်ကာပူနိုင်ငံသည် ကမ္ဘာ့ရေနံထွက်နိုင်ငံကြီးများမှ ရေနံစိမ်းများကို ဝယ်ယူပြီး ရေနံချောထုတ်ကာ တစ်ဆင့်ပြန်လည်ရောင်းချခြင်း ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံ၌ စက်သုံးဆီစျေးနှုန်းတက်ခြင်း၊ ကျခြင်းသည် ကမ္ဘာ့ရေနံစျေးနှုန်းနှင့် စင်ကာပူစျေးကွက်အပေါ်တွင် မူတည်နေသည်။

ထို့အပြင် ပြည်တွင်းရှိ နိုင်ငံခြားငွေကြေးလဲလှယ်နှုန်းအပေါ်တွင်လည်း မူတည်နေပြီး နိုင်ငံခြားငွေစျေးတက်ပါက စက်သုံးဆီစျေးနှုန်းလည်း တက်မည်ဖြစ်သည်။ ငွေကြေးစျေးကွက်သည် မြန်မာနိုင်ငံတွင် ၂၀၁၅ ခုနှစ်မှစတင်၍ တက်လိုက်၊ ကျလိုက်ဖြစ်နေခဲ့ရာမှ ယခုနှစ်တွင် အကျမရှိဘဲ အတက်ဘက်တွင်ရပ်တည်နေသည်။ အလားတူ စက်သုံးဆီစျေးနှုန်းသည်လည်း ယခုနှစ်တွင် အကျထက် အတက်ဘက်တွင် အားသန်နေသည်။ အကျိုးဆက်မှာ ကုန်စျေးနှုန်းမှန်မှန်ကြီးမြင့်နေပြီး ပြည်သူများ စားဝတ်နေရေး ကျပ်တည်းလာသည်။

ငွေကြေးစျေးနှုန်း၊ စက်သုံးဆီစျေးနှုန်း တက်ခြင်း၊ ကျခြင်းသည် ကမ္ဘာ့စျေးကွက်အပေါ်တွင် မူတည်နေသည်ဖြစ်သော်လည်း နိုင်ငံအတွင်း တစ်ဆင့်ခံရောင်းဝယ်ဖောက်ကားခြင်း၌ ပြည်သူများ ဝန်ထုပ်ဝန်ပိုးကြီးကြီးမားမားမဖြစ်စေရေးအတွက် စျေးကစားခြင်း၊ ပစ္စည်းကစားခြင်း မပြုလုပ်ဘဲ ပြည်သူများအား စေတနာရှေ့ထား၍ အတတ်နိုင်ဆုံးသက်သာစေရန် ဆောင်ရွက်ပေးသင့်သည်။ စက်သုံးဆီစျေးနှုန်းထိန်းချုပ်ရေးကို သက်ဆိုင်ရာဌာနနှင့် စက်သုံးဆီအဖွဲ့အစည်းတို့က ထိန်းညှိဆောင်ရွက်ပေးသော်လည်း စျေးကွက်စီးပွားရေးစနစ်အရ ထိန်းချုပ်ရန် မလွယ်ကူလှချေ။

သို့ဖြစ်ရာ ပြည်သူများ လူမှုစီးပွားဘဝ ရှင်သန်ရပ်တည်လှုပ်ရှားဆောင်ရွက်ရာတွင် ကုန်စျေးနှုန်းကြီးမြင့်ခြင်းသည် ကြီးမားသော အခက်အခဲဖြစ်ရာ ကမ္ဘာ့စျေးကွက် မည်သို့ပင်ဂယက်ရိုက်ခတ်သည်ဖြစ်စေ ပြည်သူများအပေါ် အတတ်နိုင်ဆုံး စေတနာရှေ့ထား ဆောင်ရွက်ပေးစေလိုပါကြောင်း။ ။

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် ရှမ်းပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ (၂/၂၀၁၉) အစည်းအဝေး တက်ရောက်

**နေပြည်တော် ဇွန် ၁၇**

ခရီးသွားလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်သည် ဇွန် ၁၅ ရက်က ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပသော ရှမ်းပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ(၂/၂၀၁၉) အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။



**ကျွမ်းကျင်ပညာရှင်များ ခေါ်ယူ**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မိမိတို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံခြားသား ခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့ တိုးတက်ဝင်ရောက်လာရေးအတွက် Look-East Policy နှင့် Look-West Policy များ ချမှတ်ကာ visa relaxation များကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပေါင်းစပ်ပြီး ပြုလုပ်ပေးနေကြောင်း၊ ထို့အပြင် ဝန်ကြီးဌာန၌ Digital Marketing Taskforce ဖွဲ့စည်းထားပြီး Digital Marketing ဆိုင်ရာကိစ္စရပ်များကို အရှိန်အဟုန်ဖြင့် မြှင့်တင်ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီး၊ ပြည်နယ်များတွင်လည်း အကောင်အထည်ဖော်ဆောင်ရွက်သွားစေလိုကြောင်း၊ ယခုအစည်းအဝေးတွင်လည်း နည်းပညာကုမ္ပဏီတစ်ခုဖြစ်သော GTMH Telecom ကုမ္ပဏီကို လာရောက်စေပြီး ရှမ်းပြည်နယ် ညောင်ရွှေမြို့၏ ခရီးသွားလုပ်ငန်း စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေသော နည်းပညာကိစ္စရပ်များကို ကူညီသွားမည့် အစီအစဉ်များ ရှင်းလင်းသွားမည်ဖြစ်ကြောင်း၊ ရှမ်းပြည်နယ်အတွင်းရှိ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ဥပဒေနှင့်အညီ စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ကြိုးကြပ်ဆောင်ရွက်သွားရန်လိုအပ်ပြီး ဒေသတွင်းဟိုတယ်လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် လူထုအခြေပြု ခရီးသွားလုပ်ငန်း Community Based Tourism (CBT)ကိုပါ တိုးတက်လာအောင် အကောင်အထည်ဖော် ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ဟိုတယ်များ စံချိန်စံညွှန်းနှင့်အညီဖြစ်စေရေးအတွက် Star Rating သတ်မှတ်နိုင်ရေး၊ ပြည်တွင်းနှင့် နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင်များ ခေါ်ယူပြီး ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

**တွေ့ဆုံပွဲသို့ တက်ရောက်**

ထို့နောက် ရှမ်းပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရှမ်းပြည်နယ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွန့်လွင်က ရှမ်းပြည်နယ်ခရီးသွားလုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ညောင်ရွှေမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပသော ဟိုတယ်လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ခဲ့သည်။

**Online စနစ်သို့ ပြောင်းလဲ**

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက ယခုအခါတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၌ ခရီးသွားလုပ်ငန်းမြှင့်တင်ခြင်းကို Online စနစ်သို့ ပြောင်းလဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ဟိုတယ်များတွင်လည်း ဧည့်စာရင်းတိုင်ရာတွင် Online Guest List Management System ကို ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုသွားရန် လိုအပ်ကြောင်း၊ ဟိုတယ်များနှင့် အလှမ်းကွာဝေးသည့်နေရာဒေသများတွင် လူမှုအခြေပြုခရီးသွားလုပ်ငန်း Community Based Tourism (CBT)ကို အကောင်အထည်ဖော်သွားရန်လိုအပ်ပြီး PPP လုပ်ဆောင်သွားရန် လိုအပ်ကြောင်း၊ ခရီးသွားလုပ်ငန်းရောင်းကုန်သည် ဝန်ဆောင်မှု (Service) ဖြစ်သည့်အတွက် အထူးအလေးထား ဂရုပြုသွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

**တိုးတက်ဖွံ့ဖြိုးအောင် ဆောင်ရွက်**

ထို့နောက် အင်းသား တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာထွန်းလှိုင်က ဒေသခံအဖွဲ့အစည်းများနှင့် ပြည်သူလူထုများပူးပေါင်း၍ ခရီးသွားလုပ်ငန်း တိုးတက်ဖွံ့ဖြိုးအောင် ဆောင်ရွက်ရမည့် အခြေအနေနှင့်စပ်လျဉ်း၍ ပြောကြားသည်။

**နည်းပညာ အကူအညီ**

ယင်းနောက် GTMH Telecom ကုမ္ပဏီမှ ဦးမြတ်ကိုကိုစိန်က ညောင်ရွှေမြို့ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာအကူအညီပေးမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။ တက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များက သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြောင်း သိရသည်။

**သတင်းစဉ်**

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ရွှေစျေး၊ စက်သုံးဆီစျေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဇွန် ၁၇**

ရန်ကုန်(ရွှေစျေး) ၁၀၈၂၅၀၀ - ၁၀၈၂၅၀၀ မန္တလေး(ရွှေစျေး) ၁၀၈၂၅၀၀ - ၁၀၈၂၅၀၀

**စက်သုံးဆီစျေးနှုန်း**

| | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၁၅/၉၂၀ ကျပ် | ၉၂၀/၉၃၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၅၀/၉၀၅ ကျပ် | ၉၂၀/၉၄၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၇၀/၈၉၅ ကျပ် | ၈၃၀/၈၆၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၉၅/၉၃၀ ကျပ် | ၉၃၅/၉၄၅ ကျပ် |

**ရန်ကုန် လက်ကားစျေး**

ဒီဇယ် တစ်လီတာ ၈၄၀/၈၄၂ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၄၈/၈၅၂ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၃၀/၇၃၅ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၃၀.၂ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၇၁၆.၀ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၂၀.၉၁ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၈.၈၉၆ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၆၆.၃၈ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၉၀၉ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၄၀၉.၀ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၈.၉၅ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၅၁.၆ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၁၆.၂ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်**

ကြေးမုံ
စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၃၊ ဖက်စ် ၀၁-၂၉၄၅၂၇

○ ရှေ့ဖုံးမှ

အတွက် ထိရောက်စွာအကျိုးပြုရန် လိုပါကြောင်း၊ ယင်းအသုံးစရိတ်များသည် နိုင်ငံတော်က ချမှတ်ထားသည့် စီးပွားရေးမူဝါဒများ၊ ကဏ္ဍအလိုက် ဒေသအလိုက် စီမံကိန်းများ၊ နိုင်ငံတော်အတွက် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) တွင် ပါဝင်သည့် မဟာဗျူဟာမြောက် စီမံကိန်းများကို ထင်ဟပ်ပေါ်လွင်စေရမည် ဖြစ်ပါကြောင်း။

ခွဲဝေပေးသည့် အသုံးစရိတ်များကို ရှုံးချုပ်ကချုပ်ကိုင်ထားခြင်းမျိုး မဖြစ်စေဘဲ လုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် စနစ်ကျသည့် အသုံးစရိတ် စီမံခန့်ခွဲမှုစနစ်ဖြင့် မိမိလက်အောက် ရုံးခွဲအဆင့်ဆင့်ကို လုပ်ပိုင်ခွင့်အပ်နှင်းခွဲဝေပေးရန်လည်း လိုအပ်မည် ဖြစ်ပါကြောင်း။

**အချိန်မီအောင် စီမံခန့်ခွဲသုံးစွဲ**

လျာထားသည့် အသုံးစရိတ်နှင့် အမှန်တကယ်သုံးစွဲသည့် အသုံးစရိတ် နီးစပ်မှုရှိသင့်ပါကြောင်း၊ ပိုလျှံငွေ ပြန်အပ်မှု များပြားခြင်းသည်လည်း ဘတ်ဂျက်လျာထားမှု စွမ်းရည်အားနည်းသည်ကို ပြသနေခြင်းဖြစ်ပါကြောင်း။

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် မိမိတို့၏ လုပ်ငန်းများကို အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်နိုင်ရန် လိုငွေနှင့် GDP အချိုးကို ငါးရာခိုင်နှုန်းထက် ကျော်လွန်ခွင့်ပြုထားခြင်း ရှိပါကြောင်း၊ ပြည်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်ရေးအတွက် ပြည်သူများကို ချက်ချင်းလက်ငင်းအကျိုးဖြစ်ထွန်းစေမည့် အသုံးစရိတ်များဖြစ်သည့် လျှပ်စစ်မီးရရှိရေး၊ လမ်းတံတားလုပ်ငန်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပိုမိုတိုးမြှင့် သုံးစွဲသွားမည်ဖြစ်ပြီး တစ်ဖက်တွင်လည်း နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများတွင်လည်း ယခင်နှစ်များထက် များစွာ ပိုမိုသုံးစွဲသွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် အရေးတကြီး ပြီးပြတ်နိုင်မည့် စီမံကိန်းများကို ပြီးပြတ်အောင် ဆောင်ရွက်ရန် မှာကြားလိုပါကြောင်း၊ ခွဲဝေရရှိသည့် အသုံးစရိတ်ကို ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီအောင် စီမံခန့်ခွဲသုံးစွဲကြရန် ဖြစ်ပါကြောင်း။

ရငွေ လျာထားချက်အပေါ် တာဝန်ရှိသည့် ဌာန၊ အဖွဲ့အစည်းများအနေဖြင့်လည်း လျာထားသည့်အတိုင်း ရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားလိုပါကြောင်း၊ ပြည်ပအကူအညီရငွေ၊ ပြည်ပချေးယူရငွေများ ရှိသည့် ဌာနများအနေဖြင့် ဘဏ္ဍာနှစ်အတွင်း အမှန်တကယ် ရရှိနိုင်မည့် ပမာဏကိုသာ ခန့်မှန်းရေးဆွဲရန်နှင့် ပြည်ပအကူအညီ အထောက်အပံ့များကို အချိန်ဇယားနှင့်အညီ ထုတ်ယူသုံးစွဲနိုင်အောင် ဆောင်ရွက်ရန် လိုပါကြောင်း၊ ပြည်ပချေးငွေများသည် ပြန်လည်ပေးဆပ်ရမည် ဖြစ်သည့်အတွက် အလေအလွင့်မဖြစ်အောင် သုံးစွဲရန် လိုပါကြောင်း။

**တိုးတက်ရန် ရည်မှန်းထား**

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းဥပဒေအရ စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP)ကို ပုံမှန်ဈေးနှုန်းအရ ခုနစ်ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါကြောင်း၊ ယင်းရည်မှန်းချက်ရရှိရန် ပြည်ထောင်စုအစိုးရ၏ ရန်ပုံငွေသုံးစွဲနိုင်မှုသည် အရေးပါသည့် အခန်းကဏ္ဍတွင် ရှိပါကြောင်း၊ ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ဌာန၊ အဖွဲ့အစည်းများက မိမိတို့ ခွဲဝေရရှိသည့် အသုံးစရိတ်များအနက် သာမန်အသုံးစရိတ်များ၊ ငွေလုံးငွေရင်းအသုံးစရိတ်များ သုံးစွဲမှုမှတစ်ဆင့် ကုန်ထုတ်လုပ်မှုတိုးတက်စေခြင်း၊ ပြည်တွင်းစားသုံးမှု တိုးတက်စေခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ပေါက်စေခြင်း၊ ကုန်စည်ကူးသန်းရောင်းဝယ်ရေးများ တိုးတက်စေခြင်းစသည့်အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အရှိန်မြှင့်တင်ပေးနိုင်ရန် နိုင်ငံတော်၏ ဘဏ္ဍာငွေသုံးစွဲမှုကို မြှင့်တင်သုံးစွဲပေးခြင်းလည်း ဖြစ်ပါကြောင်း။

ဘဏ္ဍာရေးကော်မရှင် အတွင်းရေးမှူးဖြစ်သည့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ရှင်းလင်းတင်ပြမည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စုဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၏


ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ
ဒုတိယသမ္မတ ဦးမြင့်ဆွေ ဆွေးနွေးတင်ပြစဉ်။

အရအသုံးခန့်မှန်းခြေ ငွေစာရင်းနှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို ပြည်ထောင်စုလွှတ်တော်သို့ သတ်မှတ်ချိန်အမီပေးပို့နိုင်ရန် ဘဏ္ဍာရေးကော်မရှင်က ဆွေးနွေးအတည်ပြုကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးခန့်မှန်းခြေငွေစာရင်းအား စိစစ်ခဲ့သည့် အခြေအနေကို ဘဏ္ဍာရေးကော်မရှင်သို့ မတင်ပြမီ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်သည် ယခင်ဘဏ္ဍာရေးနှစ်များနှင့်မတူသည့် အချက်အချို့ကို ဦးစွာ တင်ပြလိုပါကြောင်း၊ ၎င်းတို့မှာ လိုငွေနှင့် ဂျီဒီပီအချိုးကို ငါးရာခိုင်နှုန်းထက် ကျော်လွန် ခွင့်ပြုခဲ့ခြင်း၊ ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အရေးပေါ်ရန်ပုံငွေ လျာထားသည့်ပုံစံကို ပြောင်းလဲခြင်း၊ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ငွေကြေးစီမံခန့်ခွဲမှု အစီအစဉ်ပြောင်းလဲခြင်းတို့ ဖြစ်ပါကြောင်း။

**ပိုမိုသုံးစွဲမည်**

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုကာကွယ်စောင့်ရှောက်ရေးကဏ္ဍများတွင် ယခင်နှစ်များထက် ပိုမိုသုံးစွဲသွားမည်ဖြစ်ပြီး နိုင်ငံတော်အတွက် အရေးတကြီး လိုအပ်နေသည့် လျှပ်စစ်ဓာတ်အား လုံလောက်ရေး၊ လမ်း၊ တံတား၊ အဆောက်အအုံ၊ ကျေးလက်လမ်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး စသည့်လုပ်ငန်းများတွင်လည်း အထူးအလေးပေးပြီး ပိုမို သုံးစွဲသွားမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုအဆင့် ဌာန၊ အဖွဲ့အစည်းများအနေဖြင့် ဆောင်ရွက်ဆဲ လုပ်ငန်းစီမံကိန်းများကို ယခုဘဏ္ဍာနှစ်တွင် တတ်နိုင်သမျှ ပြီးပြတ်အောင် ဆောင်ရွက်စေလိုပါကြောင်း၊ အထူးသဖြင့် ပြည်သူလူထုကို လက်ငင်းအကျိုးကျေးဇူး ဖြစ်စေမည့် ထင်သာမြင်သာဖြစ်စေသည့် စီမံကိန်းမျိုးကို ပြီးစီးအောင် ကြိုးပမ်းရမည်ဖြစ်ပါကြောင်း၊ ယင်းစီမံကိန်းများကို အမျိုးသားစီမံကိန်းတွင် ပါဝင်စေပြီး မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) နှင့်လည်း ချိတ်ဆက်ကာ အကောင်အထည်ဖော်ရမည်ဖြစ်ပါကြောင်း။

အရေးပေါ်ရန်ပုံငွေ ပြောင်းလဲလျာထားမှုနှင့်စပ်လျဉ်းပြီး ယခင်နှစ်များထက် သဘာဝဘေးအန္တရာယ် ကာကွယ်မှုနှင့်ကယ်ဆယ်မှုများကို လျင်လျင်မြန်မြန် တုံ့ပြန် ဆောင်ရွက်နိုင်စေရန် ငွေကျပ် ၁၀၀ ဘီလီယံ လျာထားမှုအစားဇဟိုတွင် ငွေကျပ် ၅၀ ဘီလီယံသာထားပြီး ကျန် ၅၀ ဘီလီယံကို ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်များသို့ ခွဲဝေလျာထားပေးထားပါကြောင်း၊ ဘဏ္ဍာနှစ်အတွင်း ကြိုတင်မမျှော်မှန်းနိုင်သည့် သဘာဝ ဘေးအန္တရာယ်များကြောင့် ဖြစ်ပေါ်လာမည့် ကိစ္စရပ်များနှင့် ဘဏ္ဍာနှစ်အတွင်း မသုံးစွဲလျှင်မဖြစ်သည့် ကိစ္စရပ်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရန် ဖြစ်ပါကြောင်း။

**ပြောင်းလဲဆောင်ရွက်မည်**

ထို့ပြင် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ငွေကြေးစီမံခန့်ခွဲမှုကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ကစပြီး ပြောင်းလဲဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေစာရင်း SEE Account ( UFA-SEE) နှင့် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေစာရင်း Other Account (UFA-OA) ဖွင့်လှစ်ဆောင်ရွက်နေသည့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများကို (UFA-


ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ
ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဆွေးနွေးတင်ပြစဉ်။

SEE) Account တစ်ခုတည်းနှင့်သာ ဆောင်ရွက်စေမည်ဖြစ်ပါကြောင်း၊ ယင်းအဖွဲ့အစည်းများ၏ ကုန်သွယ်မှု (အရှုံး/အမြတ်) စာရင်းအရ အမြတ်ရရှိပါက ဝင်ငွေခွန်ပေးဆောင်ရန်နှင့် ကျန်ရှိသည့် အမြတ်ငွေအားလုံးကို နိုင်ငံတော်သို့ ထည့်ဝင်ငွေအဖြစ် ထည့်ဝင်ရန် ပြောင်းလဲသတ်မှတ်ထားပါကြောင်း၊ UFA(OA) စာရင်းများကို စာရင်းစစ်ဆေးပြီးနောက် စနစ်တကျ ပိတ်သိမ်းသွားမည်ဖြစ်ပါကြောင်း။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် အဆင့်ဆင့်စိစစ်ပြီးသည့် ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေငွေစာရင်း၊ စာရင်းချုပ်မှာ ရငွေစုစုပေါင်း ငွေကျပ် ၂၅၃၁၃ ဘီလီယံ၊ သုံးငွေ စုစုပေါင်း ငွေကျပ် ၃၂၃၄၀ ဘီလီယံ၊ စုစုပေါင်းလိုငွေပမာဏ ငွေကျပ် ၇၀၂၇ ဘီလီယံ ဖြစ်ပြီး လိုငွေနှင့်ဂျီဒီပီအချိုး ၅ ဒသမ ၉ ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ အထက်ပါရငွေ၊ သုံးငွေ စုစုပေါင်းထဲတွင် ပြည်ပအကူအညီ ရငွေကျပ် ၇၀၄ ဘီလီယံ၊ ပြည်ပချေးယူ ရငွေကျပ် ၂၆၂၅ ဘီလီယံတို့ ပါဝင်ပြီး ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ လိုငွေအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ပေးငွေကျပ် ၂၁၁၄ ဘီလီယံဖြစ်ပြီး ယခင်နှစ်က ထောက်ပံ့မှုထက်ငွေကျပ် ၃၂၀ ဘီလီယံ ပိုမိုပါကြောင်း။

**အတည်ပြုပေးရန် တင်ပြ**

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့် ၎င်းကို အခြေပြုရေးဆွဲထားသည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို ဘဏ္ဍာရေးကော်မရှင်က သုံးသပ်ပြီး အတည်ပြုပေးရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၌ ပြည်ထောင်စုတွင် လိုငွေနှင့် ဂျီဒီပီအချိုးကို ၅ ဒသမ ၉ ရာခိုင်နှုန်းဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး တိုင်းဒေသကြီး/ပြည်နယ်များတွင်လည်း ပြည်သူများ၏ လိုအပ်ချက်များကို ပိုမိုဖြည့်ဆည်းဆောင်ရွက်နိုင်ရန် ပြည်ထောင်စုက တိုင်းဒေသကြီး/ပြည်နယ်များကို ပိုမိုထောက်ပံ့ပေးနိုင်ခဲ့သည်ကို တွေ့ရပါကြောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် မူလခန့်မှန်းခြေငွေစာရင်းအတွက် ပြည်ထောင်စုမှ တိုင်းဒေသကြီး/ပြည်နယ်များသို့ စုစုပေါင်းထောက်ပံ့ပေးမည့် ငွေမှာ ငွေကျပ် ၂၁၁၄ ဘီလီယံ ဖြစ်ပါကြောင်း၊ ယမန်နှစ်က ထောက်ပံ့ငွေကျပ် ၁၇၉၄ ဘီလီယံဖြစ်ပြီး ယမန်နှစ်ထက် ငွေကျပ် ၃၂၀ ဘီလီယံ ပိုမိုထောက်ပံ့ပေးခြင်းဖြစ်ပါကြောင်း။

**ရေးဆွဲတင်ပြ**

အခွန်ဝေစုအနေဖြင့် ငွေကျပ် ၃၅၀ ဘီလီယံကို ခွဲဝေပေးမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေမှာ ယခင်နှစ်များနည်းတူ ငွေကျပ် ၃၂ ဘီလီယံဖြစ်ပါကြောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် ပြည်ထောင်စုက ထောက်ပံ့မည့် ငွေကျပ် ၂၁၁၄ ဘီလီယံအပေါ် အခြေခံပြီး တိုင်းဒေသကြီး/ပြည်နယ်များက ရေးဆွဲတင်ပြလာသည့် အရအသုံးခန့်မှန်းခြေ ငွေစာရင်းတွင် စုစုပေါင်း ရငွေကျပ် ၁၂၁၁ ဘီလီယံ စုစုပေါင်းအသုံးစရိတ် ငွေကျပ် ၃၃၂၅ ဘီလီယံနှင့် လိုငွေကျပ် ၂၁၁၄ ဘီလီယံဖြစ်ပါကြောင်း။

တိုင်းဒေသကြီး/ပြည်နယ်များ၏ အရအသုံးခန့်မှန်းခြေ ငွေစာရင်းလျာထားချက်များကို ဘဏ္ဍာရေးကော်မရှင်သို့ မတင်ပြမီ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ဘဏ္ဍာရေးကော်မရှင်၏ တာဝန်၊ လုပ်ပိုင်ခွင့်နှင့်အညီ စိစစ်ခဲ့ရာ တိုင်းဒေသကြီး/ပြည်နယ်များ၏ သာမန်အသုံးစရိတ် စုစုပေါင်းငွေကျပ် ၉၉၅ ဘီလီယံနှင့် ငွေလုံးငွေရင်း အသုံးစရိတ်ငွေကျပ် ၂၃၃၀ ဘီလီယံဖြစ်ပါကြောင်း။

တိုင်းဒေသကြီး/ပြည်နယ်များကို စိစစ်ရာတွင် ဒေသဖွံ့ဖြိုးတိုးတက်ရေးအသုံးစရိတ်များကို ဦးစားပေးသုံးစွဲရန်နှင့် ရုံးများ၊ ဧည့်ရိပ်သာများ၊ ဝန်ထမ်းအိမ်ရာများ၊ မော်တော်ယာဉ် ဝယ်ယူမှုများကို လျှော့ချရန် လမ်းညွှန်ကြပ်မတ်ခဲ့ပါကြောင်း။

တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များကလည်း ပြည်သူအတွက် ထင်သာမြင်သာဖြစ်စေသည့် လုပ်ငန်းများ၊ ပြည်သူများ အဓိကလိုအပ်နေသည့် လုပ်ငန်းများကို ဦးစားပေးပြီး ဆောင်ရွက်သွားမည်ဖြစ်သည်ဟု တင်ပြခဲ့ပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များ၏ တင်ပြချက်များကိုလည်း မှတ်သားထားရှိပြီး ပြည်ထောင်စုနှင့် ပေါင်းစပ်ညှိနှိုင်းပေးမည် ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များအနေဖြင့် စီမံကိန်းလုပ်ငန်းများ အချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်ရေး၊ ရန်ပုံငွေ လွှဲပြောင်းသုံးစွဲမှုများ နည်းပါးစေရေး၊ ပိုလျှံငွေအမြောက်အမြား ပြန်လည်အပ်နှံမှု မဖြစ်စေရေးတို့ကိုလည်း ဂရုပြုဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

**ရှင်းလင်းတင်ပြ**

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် တိုင်းဒေသကြီး/ပြည်နယ်များမှ ရေးဆွဲတင်ပြလာသည့် အရအသုံးခန့်မှန်းခြေငွေစာရင်းများကို ဘဏ္ဍာရေးကော်မရှင်က ဆွေးနွေးသုံးသပ်အတည်ပြုပေးနိုင်ရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဘဏ္ဍာရေးကော်မရှင် အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဘဏ္ဍာရေးကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို ထောက်ခံဆွေးနွေးကြသည်။

ယင်းနောက် ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတက ယနေ့ကျင်းပပြုလုပ်သည့် ဘဏ္ဍာရေးကော်မရှင် (၃/၂၀၁၉) ကြိမ်မြောက် အစည်းအဝေးတွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၏ ပြည်ထောင်စုအရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို အတည်ပြုပြီးဖြစ်သည့်အတွက် ဘဏ္ဍာရေးကော်မရှင်၏ ထောက်ခံချက်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့က ပြည်ထောင်စုလွှတ်တော်သို့ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေနှင့်အညီ ပေးပို့တင်သွင်းသွားမည်ဖြစ်ပါကြောင်း။

**ဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်**

မိမိတို့ ပေးပို့သည့် အရအသုံးစာရင်းများကို လွှတ်တော်ကော်မတီအသီးသီးနှင့် စိစစ်ရေးအဖွဲ့များက စိစစ်သည့်အပြင် လွှတ်တော်ကိုယ်စားလှယ်များကလည်း ဆွေးနွေးကြမည်ဖြစ်ပါကြောင်း၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီကလည်း ၎င်း၏ သုံးသပ်တွေ့ရှိချက်များနှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို တင်သွင်းမည် ဖြစ်ပါကြောင်း၊ ထို့အတူ တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်အသီးသီး၏ အရအသုံးခန့်မှန်းခြေ ငွေစာရင်းကိုလည်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်အသီးသီးက ဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်ကြမည်ဖြစ်ပါကြောင်း၊ လွှတ်တော်ကလိုအပ်၍ ခေါ်ယူမေးမြန်းစိစစ်သည့်အခါ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းအနေဖြင့် မိမိတို့၏ လျာထားရသည့် အကြောင်းရင်းများကို ပြည့်ပြည့်စုံစုံနှင့် ခိုင်ခိုင်မာမာ ရှင်းရှင်းလင်းလင်းတင်ပြနိုင်အောင် ဆောင်ရွက်ကြရန် မှာကြားလိုပါကြောင်း။

ဘတ်ဂျက်လည်ပတ်မှု လုပ်ငန်းစဉ်များဖြစ်သည့် စတင်ရေးဆွဲသည့်အဆင့်၊ စိစစ်သည့်အဆင့်၊ အကောင်အထည်ဖော်သည့်အဆင့်၊ အကောင်အထည်ဖော်နိုင်မှု

စာမျက်နှာ ၅ သို့ ❖

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အမျိုးသားစီမံကိန်းကော်မရှင် (၁/၂၀၁၉) အစည်းအဝေးသို့ တက်ရောက်အဖွင့်အမှာစကားပြောကြား

နေပြည်တော် ဇွန် ၁၇

**အမျိုးသားစီမံကိန်းကော်မရှင် (၁/၂၀၁၉) အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။**




**အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အမျိုးသားစီမံကိန်းကော်မရှင် (၁/၂၀၁၉) အစည်းအဝေးတွင် အဖွင့်အမှာစကားပြောကြားစဉ်။**

အစည်းအဝေးသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ အမျိုးသားစီမံကိန်းကော်မရှင် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ စီမံကိန်းကော်မရှင် အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ မြန်မာနိုင်ငံဗဟိုဘဏ်ဥက္ကဋ္ဌ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသဦးစီးဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ညှိနှိုင်းအတည်ပြုချက်ရယူရန် ကျင်းပ

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က ယနေ့ကျင်းပသည့် အစည်းအဝေးသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းကို ပြည်ထောင်စုလွှတ်တော်သို့မတင်သွင်းမီ ညှိနှိုင်းအတည်ပြုချက်ရယူရန် ကျင်းပသည့် အစည်းအဝေးဖြစ်ပါကြောင်း။

ယခုနှစ် အမျိုးသားစီမံကိန်းကိုရေးဆွဲရာတွင် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ပြင် စီမံကိန်းများရေးဆွဲရာတွင်လည်း လက်တွေ့အကောင်အထည်ဖော်နိုင်ရန်နှင့် ပြည်သူများအတွက် လက်ငင်းအကျိုးရှိစေမည့် ထင်သာမြင်သာဖြစ်စေသည့် လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီစဉ်ထားပါကြောင်း။

စီမံကိန်းနှင့် ဘတ်ဂျက်သည် ချိတ်ဆက်မှု အားကောင်းရန်လိုပါကြောင်း၊ လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် ဘတ်ဂျက်ကိုအခြေခံပြီး မိမိတို့၏လုပ်ငန်းများကို ဆောင်ရွက်မည့်အစား လုပ်ငန်းစီမံကိန်းများကို ဦးစားပေးအလိုက် ရွေးချယ်သတ်မှတ်ထားပြီး အမှန်တကယ် လုပ်သင့်လုပ်ထိုက်သည့် နိုင်ငံတော်နှင့်ပြည်သူကို အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းစီမံကိန်းများကို ရွေးချယ်အကောင်အထည်ဖော်ရမည် ဖြစ်ပါကြောင်း။

### အစီအစဉ်တကျ ရေးဆွဲထားရှိရန်လို

ထို့ကြောင့် ဘတ်ဂျက်တောင်းခံခြင်း မပြုမီကတည်းက စီမံကိန်းများကို စနစ်တကျ၊ အစီအစဉ်တကျ ရေးဆွဲထားရှိရန်လိုအပ်ပါကြောင်း၊ ယင်းကိစ္စသည် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များကပါ အားလုံးလိုက်နာပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စဖြစ်ပါကြောင်း။

လုပ်ငန်းစီမံကိန်းများကို ရွေးချယ်ရာတွင်လည်း စီမံကိန်းမစတင်မီအဆင့်ကတည်းက စီမံကိန်းစက်ဝန်းတစ်ခုလုံးကို ကြိုတင်ဆန်းစစ်လေ့လာသုံးသပ်ရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်၏ ဘဏ္ဍာငွေလေလွင့်ဆုံးရှုံးမှု မရှိစေရေးနှင့် ပေးချေရသည့်တန်ဖိုးနှင့် ညီမျှသည့်ရလဒ်ရရှိရေးသည်လည်း အရေးကြီးပါကြောင်း။

စီမံကိန်းအတွက် ကြိုတင်ပြင်ဆင်မှုအားနည်းလျှင် အကောင်အထည်ဖော်သည့်အဆင့်တွင်လည်း အားနည်းမည်ဖြစ်ပါကြောင်း၊ ဌာန၏ ဆောင်ရွက်နိုင်မည့် စွမ်းရည်ကို ကျော်လွန်ပြီး လုပ်ငန်းများအားလုံးကို ဖြန့်ကြက်ပြီး တစ်ပြိုင်တည်း လျာထားဆောင်ရွက်မည့်အစား အမှန်တကယ် ဆောင်ရွက်နိုင်မည့် ဆောင်ရွက်သင့်သည့် လုပ်ငန်းများကို ဦးစားပေးအလိုက်ရွေးချယ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်မှသာ အားလုံးအတွက် အကျိုးရှိမည်ဖြစ်ပါကြောင်း။

### စီမံကိန်းများကို အလေးထားအကောင်အထည်ဖော်

နိုင်ငံတော်အတွက် အရေးပါပြီး မပြီးပြတ်သေးသည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ရန် လမ်းညွှန်ထားပြီးဖြစ်ပါကြောင်း၊ လုပ်ငန်းစီမံကိန်းသစ်များကို ရွေးချယ်ရာတွင်လည်း ပြည်သူများအတွက် အမှန်တကယ် အကျိုးရှိမည့်စီမံကိန်းများနှင့် ထုတ်လုပ်မှုစွမ်းအားတိုးတက်နိုင်မည့် စီမံကိန်းများကို အလေးထား အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ဖြစ်ပါကြောင်း၊ ထို့ပြင် စီမံကိန်းကိုဆောင်ရွက်ရာ၌ အနာဂတ်တွင် အကျိုးရှိမည့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ၊ ပြည်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့်စီမံကိန်းများကို အလေးထား အကောင်အထည်ဖော်ရန်လည်း လိုအပ်ပါကြောင်း။

ယခုနှစ်တွင် လုပ်ငန်းစီမံကိန်းများကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊ ပွင့်လင်းမြင်သာမှု တိုးမြှင့်နိုင်ရန်နှင့် နိုင်ငံတော်က ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများကို ပုဂ္ဂလိကကဏ္ဍအနေဖြင့်သိရှိပြီး ယှဉ်ပြိုင်မှုစွမ်းရည် တိုးမြှင့်လုပ်ဆောင်နိုင်ရန် စီမံကိန်းဘဏ်ကိုလည်း တည်ထောင်ပြီးဖြစ်ပါကြောင်း။

ထို့ကြောင့် စီမံကိန်းဘဏ် ညွှန်ကြားချက်နှင့်အညီ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရေးသည် အရေးကြီးပါကြောင်း၊ နိုင်ငံတော်၏ လုပ်ငန်းစီမံကိန်းများသည် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ပါက ယှဉ်ပြိုင်တင်ဒါစနစ်ဖြင့် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း၊ နိုင်ငံတော်က ထုတ်ပြန်ထားသည့် ညွှန်ကြားချက်ကို တိတိကျကျ လိုက်နာကြရန်အတွက် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များကပါ ကြီးကြပ်ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပါကြောင်း။

### တိုးတက်မည်ဟု မျှော်မှန်းထား

လာမည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် အခြေခံအဆောက်အအုံဆိုင်ရာ လုပ်ငန်းစီမံကိန်းကြီးများ ဆောင်ရွက်ရန်လျာထားခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများစီးဝင်ခြင်း၊ ငွေကြေးအရင်းအနှီး လိုအပ်သည့် စီးပွားရေးအခြေခံလုပ်ငန်းများသို့ ချေးငွေများ ဆက်လက်ထုတ်ချေးခြင်း၊ နိုင်ငံတော်က ဖြေလျှော့ပေးထားသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြောင့် လုပ်ငန်းများတိုးချဲ့လာနိုင်ခြင်း၊ ပုဂ္ဂလိကဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် ညှိနှိုင်းပေါင်းစပ်မှုများ တွန်းအားပေးဆောင်ရွက်လျက်ရှိခြင်းတို့ကြောင့် ပုဂ္ဂလိက အသေးစားနှင့်အလတ်စား လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဟု မျှော်မှန်းထားပါကြောင်း၊ ထို့ပြင် ပြည်သူ့အစိုးရဖြစ်သည်နှင့်အညီ ပြည်သူ့မျက်နှာကို ထောက်ထားပြီး နိုင်ငံတော်နှင့် ပြည်သူများအတွက် အမှန်တကယ်လိုအပ်သည့် ကိစ္စရပ်များကိုလည်း အမျိုးသားစီမံကိန်း ရည်မှန်းရန် အဆိုပြုချက်များတွင် ထည့်သွင်းဆောင်ရွက်သွားရန် ဖြစ်ပါကြောင်း။

အခြားတစ်ဖက်တွင်လည်း နိုင်ငံတော်၏စီးပွားရေးတွင် အဓိကကျသည့် လယ်ယာကဏ္ဍကြီး ဖွံ့ဖြိုးတိုးတက်စေရန်နှင့် စက်မှုကဏ္ဍကြီးအတွက် အဓိကလိုအပ်သည့် လျှပ်စစ်ဓာတ်အား တိုးတက်ရရှိနိုင်ရေး၊ ၂၀၂၀ ပြည့်နှစ် နွေရာသီတွင် ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေးတို့အတွက် စီမံဆောင်ရွက်ခြင်း၊ ခရီးသည်နှင့် ကုန်စည်သယ်ယူပို့ဆောင်ရေးတွင် အဓိကကျသည့် လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်စေရေးအတွက် လမ်းကွန်ရက်များနှင့် ကျေးလက်လမ်းများ တိုးတက်ကောင်းမွန်လာစေခြင်း၊ ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများ ခေတ်မီတိုးတက်လာခြင်း၊ ငွေကြေးဝန်ဆောင်မှု အမျိုးအစားအသစ်များ ဖြစ်ထွန်းလာခြင်း၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းတို့ကြောင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် အမျိုးသားစီမံကိန်းသည် နိုင်ငံ၏ GDP ကို ခုနစ်ရာခိုင်နှုန်း တိုးတက်မည်ဟု မျှော်မှန်းထားပါကြောင်း၊ နိုင်ငံတော်၏စီးပွားရေးသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် နှစ်ကုန်ခန့်မှန်းခြေတွင် သင့်တင့်သည့် စီးပွားရေးတိုးတက်မှုနှုန်း ရရှိမည်ဟု မျှော်မှန်းထားပြီး ၆ ဒသမ ၈ ရာခိုင်နှုန်းတိုးတက်မည်ဟု ခန့်မှန်းထားပါကြောင်း။

### စွမ်းရည်ပြည့်ဝစွာ အသုံးပြုနိုင်မည်

ထို့ပြင် ကိန်းဂဏန်းအချက်အလက်များမှ မူဝါဒ (Data to Policy) ချမှတ်ရာတွင် စာရင်းအင်းကိန်းဂဏန်းအချက်အလက်များ ပြည့်စုံမှု၊ တိကျမှု၊ မှန်ကန်ခိုင်မာမှု ရှိရန်လည်း အားလုံးက ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်ပါကြောင်း၊ တင်ပြချက်ပါ စီမံကိန်းရည်မှန်းရန် အဆိုပြုချက်များတွင် စီမံကိန်းစက်ဝန်းတစ်ခုလုံးအတွက် ကြိုတင်ဆန်းစစ်ပြီးဖြစ်ရန် လိုအပ်သည့်အပြင် ဖြစ်မြောက်နိုင်စွမ်း ရှိ၊ မရှိ၊ စီးပွားရေးတွက်ခြေကိုက်မှု ရှိ၊ မရှိ၊ ပြည်သူပြည်သားများအတွက် အကျိုးရှိ၊ မရှိ၊ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူ ပြု၊ မပြု၊ ပတ်ဝန်းကျင်ထိခိုက်မှု ရှိ၊ မရှိ တို့ကို လေ့လာစိစစ်ပြီးဖြစ်ရန် လိုအပ်ပါကြောင်း၊ သို့မှသာ နိုင်ငံတော်၏ အကန့်အသတ်နှင့်သာရှိသည့် အရင်းအမြစ်များကို ထိရောက်စွာနှင့် စွမ်းရည်ပြည့်ဝစွာ အသုံးပြုနိုင်မည်ဖြစ်ပါကြောင်း။

ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ စီမံကိန်းများကို ပြန်လည်သုံးသပ်ပြီး လုပ်ငန်းစီမံကိန်းများ ပိုမိုတိုးတက်ကောင်းမွန်အောင် ကြိုးပမ်းရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များကို ပြည်သူပြည်သားများအားလုံး ရရှိခံစားနိုင်ရေးနှင့် အမှန်တကယ် ဆောင်ရွက်သင့်သည့် ဦးစားပေးလုပ်ငန်းများ၊ နိုင်ငံတော်နှင့်ပြည်သူကို အကျိုးပြုမည့်လုပ်ငန်းများကို ဖော်ထုတ်ဆောင်ရွက်ပေးကြရန် မှာကြားလိုပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံတော်၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းကို နိုင်ငံတော်၏ ဗျူဟာမြောက်မူဘောင်အဖြစ် ချမှတ်ထားသည့်အတွက် စီမံကိန်းများရေးဆွဲအဆိုပြုရာတွင် အဆိုပါစီမံကိန်းပါ မဏ္ဍိုင်သုံးရပ်၊ ပန်းတိုင်ငါးရပ်၊ မဟာဗျူဟာ ၂၈ ရပ်၊ လုပ်ငန်းစဉ် ၂၅၁ ရပ်တို့နှင့်အညီ ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ မဏ္ဍိုင်သုံးခုမှ တစ်ခုဖြစ်သည့် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးမရှိဘဲ ဖွံ့ဖြိုးတိုးတက်ရန် ခက်ခဲသည့်အတွက် စီမံကိန်းအားလုံးတွင် နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းရေးကို အထောက်အကူပြုသည့် လုပ်ငန်းများနှင့် ပြည်သူလူထုလိုအပ်နေသည့် ကိစ္စရပ်များကို ထည့်သွင်းစဉ်းစားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

### အားနည်းချက်များကို ပြင်ဆင်ရန်လို

နိုင်ငံတော်က ဆောင်ရွက်သည့် စီမံကိန်းအားလုံးသည် နိုင်ငံတော်အတွက် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှု ဖြစ်နိုင်မည့်အခြေအနေကို ကြည့်ပြီး အကောင်အထည်ဖော်မည့် စီမံကိန်းများကို ဆုံးဖြတ်ရွေးချယ်ကြရမည် ဖြစ်ပါကြောင်း၊ စီမံကိန်းများရွေးချယ်ရာတွင်လည်း ဗျူဟာမြောက်စီမံကိန်းများဖြစ်စေရန်အတွက် စီမံကိန်းဘဏ် စိစစ်ရေးလုပ်ငန်းစဉ်များနှင့် စိစစ်ရွေးချယ်နိုင်ရန် လိုအပ်ပါကြောင်း။

စီမံကိန်းများကို အကောင်အထည်ဖော်သည့်အခါတွင် အတိတ်ကသင်ခန်းစာများကို ပြန်လည်သုံးသပ်ပြီး အားသာချက်များကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန်၊ အားနည်းချက်များကို ပြင်ဆင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

စီမံကိန်းများရွေးချယ်ရာတွင် ဘတ်ဂျက်ကိုကြည့်ပြီး ရွေးချယ်ခြင်းမျိုးမဖြစ်ရန် လိုပါကြောင်း၊ ငွေရေးကြေးရေးက အရေးကြီးသော်လည်း အမှန်တကယ် လုပ်သင့်လုပ်ထိုက်သည်ကို ရွေးချယ်ရန် ပိုပြီးအရေးကြီးပါကြောင်း၊ ပြည်သူများ၏ သာယာဝပြောရေးနှင့် နိုင်ငံအတွက် အများဆုံးအကျိုးဖြစ်စေသည့် ကိစ္စရပ်များကို အကောင်အထည်ဖော်နိုင်မည့်

စာမျက်နှာ ၅ သို့

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဗီယက်နမ် ဒုတိယဝန်ကြီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ပေါလစ်ဗျူရိုကော်မတီအဖွဲ့ဝင် Mr. Vuong Dinh Hue အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**နေပြည်တော် ဇွန် ၁၇**
နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ပေါလစ်ဗျူရိုကော်မတီအဖွဲ့ဝင် Mr. Vuong Dinh Hue ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၃ နာရီခွဲတွင် နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သည့် ချစ်ကြည်ရင်းနှီးသောဆက်ဆံရေး ပိုမိုတိုးမြှင့်ရေးကိစ္စ၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးကိစ္စ၊ နှစ်နိုင်ငံခေါင်းဆောင်များအကြား အပြန်အလှန်လည်ပတ်မှုတိုးမြှင့်ရေးဆိုင်ရာကိစ္စ၊ ပြည်သူအချင်းချင်း အပြန်အလှန်ဖလှယ်မှုနှင့် ထိတွေ့ဆက်ဆံမှုတိုးမြှင့်ခြင်းဖြင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ရေရှည်ခိုင်မာစေရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးမင်းသူနှင့် ဦးကျော်တင်၊ ဒုတိယဝန်ကြီး ဦးလှကျော်၊ ဦးသာဦး၊ ဦးအောင်ထူးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံအမတ်ကြီး မဒမ်လူသွေယောင်းနှင့် ဗီယက်နမ်နိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

---

❖ စာမျက်နှာ ၃ မှ
အခြေအနေကို အစီရင်ခံသည့်အဆင့် စသည့် အဆင့်အားလုံးတွင် မပြတ်သော သတိနှင့် စနစ်တကျဆောင်ရွက်ကြရန် ဖြစ်ပါကြောင်း။

**ကြိုးပမ်းဆောင်ရွက်**

ရငွေလျာထားသည့် ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်ဌာန၊ အဖွဲ့အစည်းများ အားလုံးသည် လျာထားသည့်ရငွေကို အနည်းဆုံးရရှိရမည့် ငွေအဖြစ်သတ်မှတ်ပြီး ယင်းထက် ပိုမိုရရှိအောင် ကြိုးပမ်းဆောင်ရွက်စေလိုပါကြောင်း၊ ခွင့်ပြုထားသည့် အသုံးစရိတ်များကို သုံးစွဲရာတွင် အများဆုံးသုံးစွဲနိုင်မည့် ငွေအဖြစ်သတ်မှတ်ပြီး တတ်နိုင်သမျှ လျှော့နည်းသုံးစွဲပြီး လုပ်ငန်းပြီးမြောက်အောင် ဆောင်ရွက်စေလိုပါကြောင်း။

ဘဏ္ဍာငွေရရှိမှု၊ သုံးစွဲမှုများနှင့်ပတ်သက်ပြီး ပွင့်လင်းမြင်သာမှုရှိရန်၊ သုံးစွဲလိုက်သည့် ငွေကြေးကိစ္စရပ်တိုင်းအတွက် ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်းနှင့်အညီ သုံးစွဲကြရန်၊ ဌာနတွင်းစာရင်းစစ်အဖွဲ့များက သေချာစစ်ဆေးရန်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၏ စစ်ဆေးမှုကို စနစ်တကျခံယူရန်၊ ဘဏ္ဍာငွေအရအသုံးများကို တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်အဝဖြင့် ဆောင်ရွက်သွားကြရန် ပြောကြားသည်။

**သတင်းစဉ်**

---

❍ စာမျက်နှာ ၄ မှ
စီမံကိန်းများ ရွေးချယ်စေလိုပါကြောင်း၊ အမျိုးသားစီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ဒေသ၊ ကဏ္ဍလိုအပ်ချက်များနှင့် နိုင်ငံ့လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် မဟာဗျူဟာမြောက် စဉ်းစားဆောင်ရွက်ကြရန်ကိုလည်း တိုက်တွန်းလိုပါကြောင်း။

**မြော်တွေးစဉ်းစား**

နိုင်ငံတော်အနေဖြင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို ဦးတည်ဆောင်ရွက်နေသည့်အတွက် တိုင်းဒေသကြီး/ပြည်နယ်များက နောင်တွင် ဖြစ်ပေါ်လာမည့်တာဝန်နှင့် လုပ်ပိုင်ခွင့်များကို မြော်တွေးစဉ်းစားပြီး တာဝန်ယူမှု၊ တာဝန်ခံမှုနှင့်အတူ အမျိုးသားစီမံကိန်းနှင့် ဒေသန္တရစီမံကိန်းများကို မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းနှင့် ချိတ်ဆက်ပြီး ရေးဆွဲရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် တွေ့ကြုံလာမည့် အခက်အခဲနှင့် လိုအပ်ချက်များကို အားလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် အပြန်အလှန်အချိတ်အဆက်မိမိ ဖြေရှင်းဆောင်ရွက်သွားရန် မှာကြားလိုပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ကြရန်နှင့် ဗဟိုနှင့်တိုင်းဒေသကြီး/ပြည်နယ်များ၏ ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးပါကြောင်း၊ ရာသီဥတုပြောင်းလဲမှုနှင့် အသစ်ဖြစ်ပေါ်နေသော အခြေအနေများအပေါ် စီမံကိန်းများ ရေးဆွဲသွားကြရန်လည်းလိုအပ်ပါကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် အမျိုးသားစီမံကိန်းကော်မရှင် အတွင်းရေးမှူးစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း (အဆိုပြုမူကြမ်း)ရေးဆွဲ ဆောင်ရွက်ထားရှိမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတက ယနေ့အတည်ပြု ညှိနှိုင်းဆွေးနွေးဆောင်ရွက်ခဲ့သည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်းကို မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းနှင့် ချိတ်ဆက်ရေးဆွဲခြင်း၊ အတည်ပြုချက်ရယူခြင်း၊ အကောင်အထည်ဖော်ခြင်း လုပ်ငန်းစဉ်ကို သတ်မှတ်ပြဋ္ဌာန်းထားသည့် နည်းလမ်းများအတိုင်း ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

ပြည်သူများ၏ လတ်တလော လိုအပ်ချက်နှင့် တိုင်းပြည်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ယခင်နှစ်ကထက် ပိုမိုဖြည့်ဆည်းနိုင်ရေးနှင့် ယခုနှစ်စီမံကိန်းများတွင် နိုင်ငံတော်၏အသုံးစရိတ်များကို ပိုမိုကျခံသုံးစွဲသွားမည်ဖြစ်ပါကြောင်း၊ ကျခံသုံးစွဲမှုကို ထိရောက်စေရေးအတွက် နိုင်ငံတော်မှ ချမှတ်ထားသည့် မူဝါဒ၊ ညွှန်ကြားချက် ဘောင်အတွင်းမှ အလေးထားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ စီမံကိန်းများ အကောင်အထည်ဖော်မှုအခြေအနေကို စီမံကိန်းကာလတစ်လျှောက်လုံး မျက်ခြည်မပြတ် တစိုက်မတ်မတ် ကြိုးကြပ်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

**အချိန်နှင့်တစ်ပြေးညီ ချမှတ်ဆောင်ရွက်**

ဒေသတွင်းနှင့် နိုင်ငံတကာ စီးပွားရေးဖြစ်စဉ်များအပေါ် မျက်ခြည်မပြတ်စေရေးသည် အရေးကြီးပြီး မိမိနိုင်ငံအတွက် အကျိုးရှိထိရောက်မည့် အစီအမံများကိုလည်း အချိန်နှင့်တစ်ပြေးညီ ချမှတ်ဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော်သည့်အခါတွင် ယခင်ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် အမျိုးသားစီမံကိန်းများမှ ရရှိခဲ့သည့် အားသာချက်များကို အခွင့်အလမ်းများ ဖြစ်ပေါ်ရေးအတွက် ရယူရမည်ဖြစ်ပြီး တွေ့ကြုံခဲ့သည့် အားနည်းချက်များကို ပြန်လည်စိစစ်သုံးသပ်၍ အလားတူဖြစ်ရပ်များ မဖြစ်စေရေးအတွက် ပြုပြင်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ထို့ပြင် ပြည်ထောင်စုလွှတ်တော်၏ အကြံပြုဆွေးနွေးချက်များကိုလည်း အလေးထားစဉ်းစားကြရမည် ဖြစ်ပါကြောင်း၊ ပူးပေါင်းဆောင်ရွက်မှု၊ ချိတ်ဆက်မှုအားကောင်းစွာဖြင့် ပြည်သူတို့၏ လိုအပ်ချက်၊ လိုလားချက်များကိုလည်း စီမံကိန်းရည်မှန်းချက်ဘောင်အတွင်းမှ ဖြည့်ဆည်းပေးနိုင်ရေးအတွက် အားလုံးက ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်က မျှော်မှန်းထားသည့်အတိုင်း ဟန်ချက်ညီသည့် စီးပွားရေးဖွံ့ဖြိုးမှုနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းပေါ် ရောက်ရှိရန်အတွက် အားလုံး တက်ညီလက်ညီဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန် မှာကြားလိုပါကြောင်း ပြောကြားသည်။ **သတင်းစဉ်**

---



# ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်အတွင်း ကြည့်ရှုလေ့လာ

**နေပြည်တော် ဇွန် ၁၇**
မြန်မာနိုင်ငံ၌ အလုပ်သဘောခရီးရောက်ရှိနေသည့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ပေါလစ်ဗျူရိုကော်မတီအဖွဲ့ဝင် Mr. Vuong Dinh Hue နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ မြန်မာ့ကျောက်မျက်ရတနာပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ရှေးဦးစွာ ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးသို့ ရောက်ရှိကြပြီး ဥပ္ပါတသန္တိစေတီတော်လိုဏ်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်းများကပ်လှူပူဇော်ကာ အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

**ကြည့်ရှုလေ့လာ**

ဆက်လက်၍ ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြန်မာ့ကျောက်မျက်ရတနာပြတိုက်သို့ သွားရောက်၍ ကျောက်မျက်ပြခန်းဆောင်နှင့် ကျောက်မျက်ရတနာဈေးတို့တွင် ပြသထားသော မြန်မာနိုင်ငံထွက် အဖိုးတန်ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ၊ ငွေထည်နှင့် သယံဇာတများကို ကြည့်ရှုလေ့လာကြသည်။

**သတင်းစဉ်**

# လူမှုကွန်ရက်နှင့် ယဉ်ကျေးမှု

သိုက်စိုးထွန်း(နတ်ရွာ)

ဒီကနေ့ခေတ်မှာ လူမှုကွန်ရက်ကို လူတော်တော်များများသုံးကြပါတယ်။ လူငယ်ပိုင်း၊ လူလတ်ပိုင်းတွေဆိုရင်တော့ မသုံးတဲ့သူ တော်တော်နည်းလိမ့်မယ် ထင်ပါတယ်။ ဘယ်လောက်အထိ သုံးလာကြသလဲဆိုတော့ တချို့က ဒုတိယဘဝလို့တောင် တင်စားကြတဲ့အထိပါ။

လူမှုကွန်ရက်ရဲ့လွှမ်းမိုးမှုက နယ်ပယ်စုံကိုဖြန့်ကြက်လာတယ်။ နယ်ပယ်စုံတဲ့အတွက် ကိုယ်ရွေးချယ်တဲ့ လမ်းကြောင်းအပေါ်မူတည်ပြီးတော့ အကျိုးရှိခြင်း၊ မရှိခြင်း၊ အကျိုးများခြင်း၊ မများခြင်းက ပြောင်းလဲသွားတယ်။ လူမှုကွန်ရက်သုံးလို့ အချိန်တွေအလဟဿကုန်တယ်၊ ငွေတွေကုန်တယ်၊ အကျိုးမရှိဘူးလို့တော့ မပြောနိုင်ပါဘူး။ သူ့ရဲ့ ကောင်းကွက်တွေလည်း အများကြီးရှိပါတယ်။ တစ်ယောက်နဲ့တစ်ယောက် ဒီအပေါ်မှာအပြန်အလှန်ပြောဆို၊ ဆက်သွယ်နိုင်ကြတဲ့အတွက်၊ အမြင်ချင်း၊ အတွေးချင်း ဖလှယ်နိုင်ကြတဲ့အတွက် ပိုမိုရင်းနှီးခင်မင်မှုတွေကိုလည်း ဆောင်ကြဉ်းပေးနိုင်ပါတယ်။

**လူမှုကွန်ရက်ရဲ့လွှမ်းမိုးမှုက နယ်ပယ်စုံကို ဖြန့်ကြက်လာတယ်။ နယ်ပယ်စုံတဲ့အတွက် ကိုယ်ရွေးချယ်တဲ့ လမ်းကြောင်းအပေါ် မူတည်ပြီးတော့ အကျိုးရှိခြင်း၊ မရှိခြင်း၊ အကျိုးများခြင်း၊ မများခြင်းက ပြောင်းလဲသွားတယ်။ လူမှုကွန်ရက်သုံးလို့ အချိန်တွေ အလဟဿကုန်တယ်၊ ငွေတွေကုန်တယ်၊ အကျိုးမရှိဘူးလို့တော့ မပြောနိုင်ပါဘူး။ သူ့ရဲ့ ကောင်းကွက်တွေလည်း အများကြီးရှိပါတယ်။ တစ်ယောက်နဲ့တစ်ယောက် ဒီအပေါ်မှာ အပြန်အလှန်ပြောဆို၊ ဆက်သွယ်နိုင်ကြတဲ့အတွက်၊ အမြင်ချင်း၊ အတွေးချင်း ဖလှယ်နိုင်ကြတဲ့အတွက် ပိုမိုရင်းနှီးခင်မင်မှု တွေကိုလည်း ဆောင်ကြဉ်းပေးနိုင်**

### လူ့အသိုင်းအဝိုင်းထဲကို မိတ်ဆက်ဖြန့်ချိ

လူမှုကွန်ရက်ကိုမသုံးမဖြစ်၊ မရှိမဖြစ်လို့ပြောနိုင်တဲ့ အနေအထားအထိ ရောက်လာတယ်။ မသုံးရရင် ဘာဖြစ်မှာလဲလို့ မေးရင်တော့ ဖြေဖို့အတော်ခက်လိမ့်မယ် ထင်ပါတယ်။ ဒီကွန်ရက်တွေမပေါ်ခင်တုန်းကလည်း ဘာပြဿနာမှတော့ မဖြစ်ခဲ့ကြပါဘူး။ အဲဒီတုန်းက လူတွေ လူမှုကွန်ရက်မသုံးရလို့ဆိုပြီး အော်လည်း မအော်ခဲ့ကြပါဘူး။ ဒါပေမယ့် လိုအပ်ချက်ကို သိတဲ့သူက လူမှုကွန်ရက်ကို တီထွင်လိုက်တယ်။ တီထွင်ပြီးတော့ လူ့အသိုင်းအဝိုင်းထဲကို မိတ်ဆက်ဖြန့်ချိပေးလိုက်တော့ လူအတော်များများက သုံးလာကြတယ်။

လက်ရှိအခြေအနေမှာလည်း တချို့နိုင်ငံတွေမှာ မူဝါဒအရ တစ်နိုင်ငံလုံး facebook မသုံးရလို့ ပိတ်ထားတာမျိုး၊ ယဉ်ကျေးမှုအရ မိန်းကလေးတွေ facebook မသုံးရလို့ တားမြစ်ထားတာမျိုးတွေရှိပါတယ်။ ဒါတောင်မှ ဒီဘက်က သုံးနေကျလူတွေ ဟိုဘက်ရောက်တော့ ရတဲ့နည်းနဲ့ ကွန်ရက်ချိတ်ပြီး သုံးကြတာပါပဲ။ facebook ကိုမသုံးရဘူးဆိုပြန်တော့လည်း We Chat တို့၊ Whats App တို့ သုံးကြပြန်တာပါပဲ။ ဒါတွေကလည်း လူမှုကွန်ရက်အနွယ်ဝင်တွေလို့ ပြောရမှာပါပဲ။

ဒီကွန်ရက်တွေမပေါ်ခင်ကတော့ သူသူကိုယ်ကိုယ် ဒီအတိုင်းနေလာခဲ့ကြတာပါပဲ။ စသိတော့သုံးမိ၊ သုံးမိရာက များများလာ၊ များရင်းများရင်းနဲ့ ဒီအပေါ်မှာအချိန်ကုန်တာတွေများလာတဲ့အထိ ဖြစ်ကုန်တတ်ပါတယ်။ ဒီအပေါ်မှာကလည်း အကြောင်းအရာစုံ၊ ကဏ္ဍစုံရှိနေပါတယ်။ သုံးတဲ့သူကလည်း ကိုယ်အားသန်ရာသန်ရာအလိုက် သုံးကြတာပေါ့။ တစ်ဦးချင်း၊ တစ်ယောက်ချင်းသုံးတဲ့သူတွေရှိသလို စာမျက်နှာတစ်ခုအဖြစ်နဲ့တင်တဲ့ ပုဂ္ဂိုလ်၊ အဖွဲ့အစည်းတွေရှိတယ်၊ ဝါသနာတူရာတူရာစုဖွဲ့ထားတဲ့အဖွဲ့တွေရှိတယ်။ ရသကြိုက်တဲ့သူက ရသလိုင်း၊ သုတကြိုက်တဲ့သူက သုတလိုင်း၊ ဟာသကြိုက်တဲ့သူက ဟာသလိုင်း၊ သီချင်းကြိုက်တဲ့သူက သီချင်းလိုင်း၊ ဆိုင်ရာဆိုင်ရာလေးတွေကိုရွေးပြီး အဖွဲ့ဝင် ဝင်ထားလိုက်တယ်၊ like & follow လုပ်ထားလိုက်တယ်။ ပေါ်လာသမျှ သတင်းတွေ၊ ရုပ်ရှင်တွေ၊ ကြော်ငြာတွေ၊ ပုံတွေ၊ စာတွေကို ကြည့်တယ်။ သဘောကျတော့ သဘောကျကြောင်းတွေ ပြတယ်။ ပြန်လည်မျှဝေတယ်။ ဒီသံသရာထဲမှာ တဝဲလည်လည်ပါပဲ။

ဘယ်သူတွေ ဘာတင်ထားသလဲ ရှာကြည့်တယ်၊ ကိုယ်တင်ထားတာတွေအပေါ် ဘယ်သူတွေက ဘယ်လိုတုံ့ပြန်ထားသလဲဆိုတာကို ပြန်ပြန်ကြည့်ပြီးတော့ တစ်ဖက်ကမှတ်ချက်တွေကိုပြန်ကြားပေးတယ်။ ဒါတွေက လုပ်ရိုးလုပ်စဉ်တွေပါပဲ။ ကိုယ်ဘယ်သွားတယ်၊ ဘာလုပ်တယ်ဆိုတာတွေကိုတင်တယ်။ တချို့ဆို ဘာစားတယ်၊ ဘာဝတ်တယ်ဆိုတာတွေတောင် တင်တတ်သေးတော့။

ကိုယ်တင်တဲ့အပေါ် ဘယ်လိုတုံ့ပြန်သလဲဆိုတာ ကြည့်ပြီး တစ်ခါတစ်ခါကျတော့လည်း ပြဿနာတွေဖြစ်ကြပြန်တယ်။ ဟဟတွေချည်းပေးနေလို့ မကျေမနပ်ဖြစ်ပြီး ဘလော့သွားတာကတစ်မျိုး၊ ကိုးလိုးကန့်လန့်တွေချည်း ပြန်ပြန်ပြောနေလို့ မိုက်ကြေးခွဲတာကတစ်ဖုံ၊ တစ်ခါမှ သဘောကျကြောင်းမပြသူတွေကို မိတ်ဆွေအဖြစ်က ရုပ်စဲမယ်ဆိုတာက တစ်နည်း။ စုံလို့ပါပဲ။

အစကရိုးရိုး၊ နောက်တော့တစ်မျိုးတိုးဆိုသလိုပဲ။ ယဉ်ကျေးသိမ်မွေ့စွာသုံးစွဲလာရာကတစ်ဆင့် ကြမ်းတမ်းရိုင်းပျမှုတွေပါလာတယ်။ ယဉ်ကျေးမှုနဲ့ မလျော်ညီတဲ့ ဝတ်စားဆင်ယင်မှုဆိုတာမျိုး၊ ယဉ်ကျေးမှုနဲ့ မလျော်ညီတဲ့ အပြောအဆို၊ စကားလုံးအသုံးအနှုန်းမျိုးတွေလည်း ပါပါလာကြတယ်။

တကယ်ဆို လူမှုကွန်ရက်ပေါ်မှာ ပြောဆိုရေးသားတာတွေက အပြင်မှာပြောဆိုတာထက်တောင် ပိုပြီး အလေးထားကြရမှာပါ။ အပြင်မှာက အလွတ်ပြောရင် လေးငါးဆယ်ယောက်ကြားလိမ့်မယ်၊ ဒါတောင်မှ ကိုယ့်ဘေးမှာ လူတွေရှိနေဦးမှ။ ကွန်ရက်ပေါ်မှာပြောတော့ ကွန်ရက်ဆိုတဲ့အတိုင်း အားလုံးက ချိတ်ဆက်နေတယ်။ တစ်ယောက်တည်း၊ နှစ်ယောက်တည်းသိတာမဟုတ်ဘူး။ ပေါက်သွားတဲ့အခါများ လူထောင်၊ သောင်း၊ သိန်းချီ ကြည့်မိကြတာမျိုး။ တချို့က လူတစ်ယောက်ယောက်ကို မကျေမနပ်ဖြစ်တယ်။ ဒါကိုပဲ လူမှုကွန်ရက်မှာ စာတွေရေးတင်တယ်၊ ဗီဒီယိုဖိုင်တွေတင်တယ်၊ တချို့များ ပြောနေဆိုနေတုန်း တိုက်ရိုက်တောင် လွှင့်လိုက်သေးတယ်။ ဒီလိုဆိုတော့ အကုန်ပြဿနာတွေတက်ကုန်ရော။

ပါးစပ်ပြောပြောတာနဲ့ လိုင်းပေါ်တင်တာကွာတဲ့ အချက်ရှိပါတယ်။ ပြောမယ့်ဆိုမယ့်စကားတွေ ရင်ထဲက ပွင့်အန်ထွက်လာလို့ ပြောမယ်ကြံလိုက်ပေမယ့် အနားမှာ တစ်ဖက်လူရှိမှပြောလို့ရတာ။ တစ်ဖက်လူဆီသွားနေတုန်း၊ တစ်ဖက်လူနဲ့တွေ့ဖို့ရှာနေတုန်း အကြောင်းတစ်စုံတစ်ရာကြောင့် စိတ်လက်ကြည်လင်သွားပြီး ဒေါသတွေ ပြေပျောက်သွားနိုင်သေးတယ်။ လိုင်းပေါ်တင်တာကျတော့ ဒီလိုမဟုတ်တော့ဘူး။ ထစ်ခနဲရှိ ဘာပဲဖြစ်ဖြစ် ခဏမဆိုင်းတင်ပစ်လိုက်တယ်။ ဘယ်သူကမှလည်း တည်းဖြတ်ပေးမှာမဟုတ်ဘူး။ မတည်းဖြတ်တော့ ကိုယ်ထင်ရာကို ဟောဟောဒိုင်းဒိုင်း ပြောချလိုက်ရော။ ဒါကို တစ်ဖက်ကတွေ့၊ ဟိုတစ်ဖက်ကလည်း ဒေါသသမားအချင်းချင်းဆိုရင် ဒီအပေါ်မှာတင် တစ်ဖက်နဲ့တစ်ဖက် ပြဿနာတွေဖြစ်ကုန်ကြရော။ ကြမ်းကျွံတာ နုတ်လို့ရ၊ စကားကျွံတာ နုတ်မရတဲ့။ တချို့စကားတွေကမှ ပြောပြီးရင် လေထဲပျောက်သွားသေးတယ်။ လိုင်းပေါ်တင်ထားတဲ့ စကားလုံးတွေကတော့ ပြန်မဖျက်မချင်း ဒီအပေါ်မှာ ရှိနေကြဦးမှာ။ တစ်ဖက်က ကြည့်မိတဲ့အချိန် ပြဿနာတွေ ဖြစ်ကြဦးမှာ။

### အမြင်တင့်အောင် ရေးသားနိုင်ဖို့လို

ပြဿနာမဖြစ်ဘူးပဲဆိုပါဦးတော့။ လူမှုကွန်ရက်ဆိုတာက လူမှုကွန်ရက်ဆိုတဲ့အတိုင်း ကိုယ့်သူငယ်ချင်းတွေ သာမက ဆရာသမားတွေ၊ ကိုယ့်ထက်အသက်၊ သိက္ခာ၊ ဂုဏ်ဝါကြီးမြင့်တဲ့သူတွေ အစုံပါနေကြတယ်။ ဒီလိုဆိုတော့ ကိုယ်ရေးသားပြီးတင်လိုက်တဲ့ စာတစ်ကြောင်းကို သူများအမြင်တင့်အောင် ရေးသားနိုင်ဖို့လိုပါတယ်။ တချို့က ပြောကြတယ်။ ကိုယ့်ပိုက်ဆံနဲ့ကိုယ်သုံးတာ၊ ဘယ်သူ့မှ ဂရုစိုက်စရာမလိုဘူးတဲ့။ တကယ်တော့ ကိုယ့်ပိုက်ဆံနဲ့ကိုယ်သုံးတာမှန်ပေမယ့် ကိုယ်ရေးလိုက်တဲ့ စကားလုံးတစ်လုံးကို ကိုယ်တစ်ယောက်တည်း မြင်ရတာမှ မဟုတ်တာ။ တစ်ဖက်လူတွေလည်း မြင်ရတာဆိုတော့ သူတို့အတွက်ပါ စဉ်းစားမှဖြစ်မှာပါ။

ကိုယ်က ဘယ်သူ့ကိုမှ ဂရုမစိုက်ဘူးဆိုတဲ့ စိတ်မျိုးနဲ့ ကိုယ့်အမြင်၊ ကိုယ့်အတွေးတွေ မှန်၊ မမှန်ကိုလည်း မစဉ်းစား၊ မသုံးသပ်ဘဲနဲ့ ကိုယ့်စိတ်ထင်ရာအတိုင်း ပေါက်ကွဲသံစဉ်တွေလွှတ်ချလိုက်တယ်။ တစ်ဖက်လူကို စော်ကားမော်ကားတွေ ရေးပစ်လိုက်တယ်။ တစ်ဖက်မှာ ဘယ်လောက်ထိသွားသလဲဆိုတာ မစဉ်းစားတော့ဘူး။ တစ်ဖက်လူ ဘယ်လိုပဲ ခံရခံရ ကိုယ့်စိတ်ထဲမှာ ရှိနေတာတွေကို အန်ချလိုက်ရရင်ပြီးရောဆိုပြီး ရေးပစ်လိုက်တတ်ကြတယ်။ သည်းခံတတ်တဲ့သူနဲ့တွေ့ရင်တော့ တော်ရဲ့။ သည်းမခံတတ်တဲ့သူနဲ့ တွေ့တော့ တည်ဆဲဥပဒေတွေနဲ့အညီ အမှုဖွင့်တိုင်တန်းလို့ အရေးယူခံရတာတွေ ဘာတွေဖြစ်ကုန်ရော။ ဒီတော့ တစ်ယောက်နဲ့တစ်ယောက်ကြားမှာ လိုက်နာစောင့်ထိန်းအပ်တဲ့ ကျင့်ဝတ်လေးတွေ လိုအပ်လာပါတယ်။ ဒီလိုပါပဲ။ လူမှုကွန်ရက်ပေါ်မှာ ပြောဆိုရေးသားကြတဲ့အခါ တစ်ဖက်လူတွေအတွက် ထည့်သွင်းစဉ်းစားတတ်တဲ့ အလေ့အကျင့်လေးတွေ မွေးမြူကြရမှာပါ။ လူယဉ်ကျေးပီပီ ပြောဆိုနေထိုင် သုံးနှုန်းတတ်တဲ့ အလေ့အထလေးတွေ မွေးမြူကြရမှာပါ။

### ဖြစ်တတ်တဲ့သဘာဝ

ရေးတုန်းကတော့ ဘာမှသိပ်မစဉ်းစားဘူး။ သူများတွေလည်း ဒီလိုပဲ သူတို့ရေးချင်ရာတွေ လျှောက်ရေးနေကြတာပဲ၊ ကိုယ်လည်း ကိုယ်မှန်တယ်ထင်တာ ကိုယ်ရေးမှာပေါ့ဆိုပြီး တွေးမိတတ်တယ်။ ဒါပေမယ့် ကိုယ်မှန်တယ်ထင်တာကြီးက တကယ်မမှန်တော့ ခက်ကုန်ရော။ သူများတွေရေးတုန်းက ဘာမှမဖြစ်ဘူး၊ ကိုယ့်ကျမှ ဘယ်လိုဖြစ်တယ်ဆိုပြီး ပြောကြပြန်တယ်။ ဒါလည်း ဖြစ်တတ်တဲ့သဘာဝပါပဲ။ သူများတွေရေးတုန်းက တစ်ဖက်က ခံရတဲ့သူက သည်းခံတတ်တဲ့သူမို့၊ ဒါမှမဟုတ် ဘယ်လိုအရေးယူရမယ်ဆိုတာ မသိလို့ ဖြစ်နိုင်တယ်။ ကိုယ့်အလှည့်ကျတော့မှ သည်းမခံတဲ့သူ၊ ဘယ်လိုတုံ့ပြန်ရမယ်ဆိုတာလည်း သိတဲ့သူနဲ့တိုးတော့ ဒုက္ခတွေ့ရော။ တွေ့လည်း တွေ့ကြတာပါပဲ။ စည်းလွတ်ဘောင်လွတ်တွေလျှောက်လုပ်နေရင်တော့ တစ်ကွေ့ကွေ့မှာ တွေ့သွားတတ်ကြတာပါပဲ။

ဟုတ်ပြီ၊ ထားတော့၊ ကိုယ်ရေးချင်တာတွေ လျှောက်ရေးလို့ ကိုယ့်မှာ ဘာအမှုမှမပတ်ဘူးပဲ ထားတော့။ ကိုယ်က တစ်ဖက်ကို အရှက်ခွဲလိုက်ရတော့ ကျေနပ်စရာကောင်းရောတဲ့လား။ ကိုယ်က ဘယ်သူ့မှ အလေးမထားတဲ့ ပုံတွေတင်တော့ရော ဝမ်းသာစရာကောင်းရောတဲ့လား။ တကယ်ဆို တစ်ဖက်လူတွေကလည်း ခံစားနားလည်တတ်ကြပါတယ်။ ပါးစပ်က ပြောမထွက်ရင်တောင်မှ စိတ်ထဲမှာတော့ ခိုးလိုးခုလုဖြစ်သွားတတ်ကြပါတယ်။ အားလုံးက အာသဝေါကုန်ခန်းနေသူတွေမှ မဟုတ်ကြတာလေ။ သူသူကိုယ်ကိုယ် စိတ်တိုတတ်ကြတာချည်းပါပဲ။

တစ်ဖက်သားကို မနှစ်မြို့အောင်လုပ်လိုက်တာလည်း တစ်နည်းအားဖြင့် အကြမ်းဖက်မှုပါပဲ။ ဥပမာ ရပ်ကွက်ထဲမှာ အသံချဲ့စက်ကို နားမခံနိုင်လောက်အောင်အထိ ဖွင့်တယ်၊ ဒါအသံနဲ့အကြမ်းဖက်နေတာပါပဲ။ ကိုယ့်ရဲ့ လုပ်ငန်းက အနံ့ဆိုးတွေသိပ်ပြင်းနေတယ်၊ ဒါကို ရပ်ထဲရွာထဲမှာ ခပ်တည်တည်နဲ့ ဆက်လုပ်နေမယ်ဆိုရင် အနံ့နဲ့ အကြမ်းဖက်နေတာပါပဲ။ ဒီလိုပါပဲ လိုင်းပေါ်မှာ ကိုယ်တင်ချင်ရာလျှောက်တင်တဲ့အထဲမှာ အများအတွက် စိတ်ငြိုငြင်စရာအသုံးအနှုန်းတွေ၊ ပုံတွေ၊ အသံတွေပါနေမယ်ဆိုရင် ကိုယ်ကတခြားလူတွေအပေါ် အကြမ်းဖက်ရာကျသွားပါတယ်။ မမြင်ချင်ကျော်သွားပေါ့လို့ ပြောချင်ပြောပါလိမ့်မယ်။ ဒါပေမယ့် အဲသလိုကျော်ဖို့ကိုက မြင်ပြီးမှ ကျော်လို့ရမှာကိုး။ လုံးဝမမြင်ချင်တော့ရင်တော့ သူငယ်ချင်းမိတ်ဆွေအဖြစ်က ရုပ်စဲလိုက်တာမျိုးပဲဖြစ်ဖြစ်၊ လုံးဝပိတ်ပစ်လိုက်တာမျိုးပဲဖြစ်ဖြစ် ဒါမျိုးပဲ လုပ်လို့ရတာပါ။ ဒီအဆင့်တွေအထိ လုပ်ဖို့မလိုသေးဘူးဆိုရင်လည်း တစ်ဖက်လူမှာ မမြင်လို၊ မကြားလိုတဲ့ အရာတွေကို ကြားနေ၊ မြင်နေရဦးမှာပါပဲ။

တကယ်တော့ လူမျိုးတစ်မျိုးစီတစ်မျိုးစီမှာ ကိုယ်ပိုင်ယဉ်ကျေးမှုဆိုတာတွေ ရှိကြပါတယ်။ ကမ္ဘာမှာ သူ့နိုင်ငံ၊ သူ့လူမျိုးနဲ့သူ သူတို့ယဉ်ကျေးမှုတွေရှိကြသလိုပဲ မြန်မာတို့ရဲ့ တိုင်းရင်းသားတစ်ရာကျော်ထဲမှာလည်း ကိုယ်စီကိုယ်စီ ယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာတွေရှိကြပါတယ်။ ပြောဆိုနေထိုင်မှု၊ သွားလာလှုပ်ရှားမှု၊ ပေါင်းသင်းဆက်ဆံရေး၊ လူမှုပတ်ဝန်းကျင် စသည် စသည်အားဖြင့် အရာအားလုံးမှာ သူ့ဓလေ့နဲ့သူ၊ သူ့အစဉ်အလာ ယဉ်ကျေးမှုတွေနဲ့သူ ရှိကြပါတယ်။ ဒါတွေကို ကိုယ်ကမှ မထိန်းသိမ်းရင် ဘယ်သူကလာထိန်းသိမ်းမလဲ။ ကျန်တဲ့သူတွေ အများကြီးရှိနေတာပဲ၊ ကိုယ်တစ်ယောက်တည်းမလိုက်နာရုံနဲ့တော့ ဘာမှမဖြစ်နိုင်ပါဘူးလို့ တွေးချင်စရာပါ။ တကယ်တော့ တစ်ဦးချင်းတစ်ယောက်ချင်းတွေကို စုစည်းထားလို့ လူ့အသိုင်းအဝိုင်းဆိုတာကြီး ဖြစ်လာတာမဟုတ်ပါလား။

### ကိုယ့်ရဲ့တန်ဖိုးလေးကို ထိန်းသိမ်းမြှင့်တင်

လက်တွေ့နယ်ပယ်နဲ့ လူမှုကွန်ရက်ပေါ်ကနယ်ပယ်တွေက ဆက်စပ်နေကြတယ်။ လက်တွေ့နယ်ပယ်မှာ ကိုယ်၊ နှုတ်၊ စိတ်တွေ ခက်ထန်ကြမ်းတမ်းလာတော့ ကွန်ရက်ပေါ်မှာလည်း ဒီအတိုင်းပဲဖြစ်လာကြတယ်။ ကွန်ရက်မရှိခင်တုန်းက ရွာထဲရပ်ထဲမှာ မူးပြီးဆဲ၊ ရမ်းကားနေတဲ့သူကို ရပ်ရွာရဲ့လူရမ်းကားတစ်ယောက်အဖြစ် ရှုမြင်ကြတာပေါ့။ ကွန်ရက်တွေပေါ်လာတော့ ကွန်ရက်ပေါ်မှာပါ ပတ်ဆဲနေတဲ့အတွက် သူနဲ့ပတ်သက်မိတဲ့သူတွေမှာ ကြားရ၊ မြင်ရတဲ့ဒုက္ခတွေဖြစ်ကုန်တော့တာပါပဲ။ တကယ်တော့ မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာတွေနဲ့အညီ ပြောဆိုပြုမူနေထိုင်တာ အကောင်းဆုံးဖြစ်သလို လိုင်းသုံးတဲ့အခါလည်း ကိုယ့်ရဲ့တန်ဖိုးလေးကို ထိန်းသိမ်းမြှင့်တင်ရင်းနဲ့သာ သုံးစွဲသင့်ပါတယ်။

တစ်ခါတစ်ခါကျတော့ တစ်ယောက်ယောက်က တစ်ခုခုကို ရေးတင်လိုက်တယ်။ ထောက်ခံတယ်ဆိုရင် အောက်ကနေ တသီတတန်းကြီး ထောက်ခံကြောင်း၊ သဘောကျကြောင်း၊ နှစ်ခြိုက်ကြောင်းတွေ ဝင်ရေးကြတယ်။ ဒီလိုမဟုတ်ဘဲ ကိုယ်နဲ့အမြင်မတူတာလေး တစ်ခုခုကိုများ တင်လိုက်ပြီဆိုမှဖြင့် အားလုံးဝိုင်းပြီး ဆဲလိုက်ဆိုလိုက်ကြတာ။ ဆဲကြတာ ဆဲကြတာတွေဆိုတာ မြင်လို့မကောင်းတော့ဘူး။ အလကားနေရင်း တစ်ဖွဲ့နဲ့တစ်ဖွဲ့၊ တစ်ဖက်နဲ့တစ်ဖက် လိုင်းပေါ်မှာတင် အမုန်းပွားပြီး စကားထိုးစစ်တွေဆင်နေကြတာ။ လိုင်းပေါ်မှာတင် မငြိမ်းမချမ်းဖြစ်ကုန်ကြတော့တာ။ တချို့လိုင်းပေါ်ကကိစ္စတွေ အပြင်မှာရောက်လာတဲ့ အထိပါပဲ။

ရောက်လာတဲ့ပုံစံတွေက အမျိုးမျိုးရှိပါတယ်။ ယဉ်ကျေးတဲ့သူတွေကလည်း သူ့အုပ်စုနဲ့သူ တွေ့ကြ၊ ဆုံကြ၊ လိုင်းပေါ်မှာတင် ခင်မင်ကြပြီးတော့ လက်တွေ့နယ်ပယ်မှာလည်း မျက်နှာချင်းဆိုင်တွေ့ဆုံရင်းက လူမှုကောင်းကျိုးပြုလုပ်ငန်းတွေ၊ ဘာသာရေးကောင်းကျိုးပြုလုပ်ငန်းတွေလုပ်ကိုင်ကြတယ်။ အနုပညာဝါသနာပါတဲ့သူတွေကလည်း အနုပညာအရေးတွေ ဆွေးနွေးမေးမြန်းရင်းကတစ်ဆင့် ရင်းနှီးချစ်ကြည်မှုတွေတိုးလာပြီးတော့ အပြင်မှာတကယ်တွေ့ပြီး ပူးပေါင်းဆောင်ရွက်တတ်လာကြတယ်။ စာအကြောင်း ပေအကြောင်းတွေ ဆွေးနွေးကြ၊ အမြင်ချင်းဖလှယ်ကြရင်းကတစ်ဆင့် တကယ့်စာပေဝါသနာရှင်တွေ၊ နောက်ပိုင်းမှာ တကယ့်စာပေပညာရှင်တွေအဆင့်အထိ တက်လှမ်းနိုင်လာကြတယ်။ ဒါမှမဟုတ် စိုက်ရေးပျိုးရေးကိစ္စတွေ၊ ရောင်းရေးဝယ်တာကိစ္စတွေ ဆွေးနွေးကြရင်းက ကိုယ့်အိမ်ရဲ့စီးပွားရေးကို တစ်ဖက်တစ်လမ်းက မြှင့်တင်ပေးနိုင်လာကြတယ်။ ဒါတွေက လူမှုကွန်ရက်ရဲ့ကောင်းကျိုးတွေပါ။ ယုတ်စွအဆုံး ဘယ်သူတွေဘာတင်ထားတယ်၊ ဘယ်သူက ဒီကိစ္စအပေါ် ဘယ်လိုမြင်တယ်ဆိုတာလောက်တော့ သိရတာပေါ့။

စာမျက်နှာ ၇ သို့ ❐

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၂၃ / ၂၀၁၉**
၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၁၅ ရက်
(၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၇ ရက်)

## "တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျလက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** သို့ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ မှိုတောက်ကျေးရွာနေ မောင်ကံသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၉-၆-၂၀၁၉ ရက်နေ့တွင် ဟုမ္မလင်းမြို့နယ်၊ မှိုတောက်ကျေးရွာ၊ သစ်ထုတ်လုပ်ရေးလမ်းမပေါ်၌ ၎င်းကျေးရွာနေ မောင်ကံ(ခ)မင်းမင်းထွန်း(၃၆)နှစ်၊ (ဘ)ဦးမောင်စိန် မောင်းနှင်လာသည့်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဟုမ္မလင်း)မယ(ပ)၅၉/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ မြေနီတောင်ကျေးရွာနေ ဒေါ်သန်းမြင့်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၀-၆-၂၀၁၉ ရက်နေ့တွင် ကျွန်းစုမြို့နယ်၊ မြေနီတောင်ကျေးရွာနေ ဒေါ်သန်းမြင့်(၄၆)နှစ်၊ (ဘ)ဦးဖေလှိုင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ကံမော်)မယ (ပ)၁၇/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ကလော့ကျေးရွာနေ စိုးသိန်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၅-၆-၂၀၁၉ ရက်နေ့တွင် ချောင်းဆုံမြို့နယ်၊ ကလော့ကျေးရွာနေ စိုးသိန်း(၃၀)နှစ်၊ (ဘ)ဦးစိန်သောင်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ICE များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ချောင်းဆုံ)မယ(ပ)၅/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၀(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ကျောက်ရေတွင်းရပ်ကွက်နေ ဖိုးချိုသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၅-၆-၂၀၁၉ ရက်နေ့တွင် မြောက်ဥက္ကလာပမြို့နယ်၊ ကျောက်ရေတွင်းရပ်ကွက်နေ ဖိုးချို(ခ)ကိုကိုလွင်(၂၉)နှစ်၊ (ဘ)ဦးမျိုးသန့်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့် တံတားကြီးရပ်ကွက်နေ ပြည့်ဖြိုးထွန်း(၂၀)နှစ်၊ (ဘ) ဦးမောင်လှတို့(၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဓားရှည်(၂)ချောင်းတို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မြောက်ဥက္ကလာပ)မယ(ပ)၄၉/ ၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၉(က)/ ၂၀/ ၂၂(ခ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ နောင်ချိုမြို့နယ်၊ နမ့်လင်းခံကျေးရွာနေ တင့်ဆွေအောင်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၉-၆-၂၀၁၉ ရက်နေ့တွင် နောင်ချိုမြို့နယ်၊ နမ့်လင်းခံကျေးရွာနေ တင့်ဆွေအောင်(၄၂)နှစ်၊ (ဘ)ဦးအောင်လွင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(နောင်ချို) မယ(ပ)၅၂/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆ | ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ကျောက်မဲမြို့ အမှတ်(၆) ရပ်ကွက်နေ နေလင်းထွန်း(ခ) ငပေါက်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၂-၆-၂၀၁၉ ရက်နေ့တွင် ကျောက်မဲမြို့ အမှတ်(၆) ရပ်ကွက်နေ နေလင်းထွန်း(ခ)ငပေါက်(၃၄)နှစ်၊ (ဘ) ဦးသိန်းဌေး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့် အမှတ်(၉)ရပ်ကွက်နေ ဇော်မင်း(၅၀)နှစ်၊ (ဘ)ဦးထွန်းအေး၊ ဇော်မွေးသိန်း(ခ)ဖိုးချွန်(၃၅)နှစ်၊ (ဘ)ဦးဝင်းအောင်တို့ (၃)ဦးအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကျောက်မဲ)မယ(ပ)၃၂/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ၁၆(ဂ)/ ၂၀ (က)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၇ | ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်၊ ဥတ္တံတားရပ်ကွက်နေ ဝင်းလှိုင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၃-၆-၂၀၁၉ ရက်နေ့တွင် ရပ်စောက်မြို့နယ်၊ ဥတ္တံတားရပ်ကွက်အနီး ရပ်စောက်-လွယ်ဆင်သွားကားလမ်းပေါ်၌ ဥတ္တံတားရပ်ကွက်နေ ဝင်းလှိုင်(၃၃)နှစ်၊ (ဘ)ဦးကြည်နှင့် ကျော်ကျော်(၂၄)နှစ်၊(ဘ)ဦးချိုတို့ စီးနင်းလာသည့်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ဝင်းလှိုင်၏ နေအိမ်အား ဆက်လက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများ ထပ်မံသိမ်းဆည်းရမိသဖြင့် ၎င်းတို့(၂)ဦးအား မမစ(ရပ်စောက်) မယ(ပ) ၃၀/ ၂၀၁၉၊ မူး/ စိတ်ပုဒ်မ ၁၉(က)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီး ရမိမှုအပါအဝင် ၁၅-၆-၂၀၁၉ ရက်နေ့အထိ စုစုပေါင်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၆၅၈)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံ ကျား(၈၆၉)ဦး၊ မ(၁၆၅)ဦး၊ ပေါင်း (၁၀၃၄)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၆၁၇၂.၈၁၈၄) ဂရမ်၊ ICE (၇၃.၇၂)ဂရမ်၊ ဘိန်း(၃၉၇၀၉.၇၄)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၃၂၉.၆)ဂရမ်၊ ဘိန်းစာမှုန့်(၁၉၃၉၉.၂၇)ဂရမ်၊ ဘိန်းစာရွက်(၇၈၃၃.၁၉)ဂရမ်၊ ဘိန်းစာရည်(၁.၅)လီတာ၊ စိတ်ကြွဆေးပြား(၃၀၁၈၂၀)ပြား၊ ဆေးခြောက် (၈၃၀၉.၂၂) ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၅၁၃.၂၆)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြား အကြေမှုန့် (၂၈.၄၅)ဂရမ်၊ Ecstasyအကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၁၆)လက်၊ ကျည်မျိုးစုံ(၂၅၇)တောင့်၊ လက်ပစ်ဗုံး (၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှု အခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သော သတင်းများကို စိစစ်ဖော်ထုတ်အရေးယူခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်ပူးပေါင်းစစ်ဆေးရေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ နယ်မြေရှင်းလင်းခြင်း၊ သတင်းအရ မော်တော်ယာဉ်/ဆိုင်ကယ်များကိုရှာဖွေစစ်ဆေးခြင်း၊ အချို့ဒေသများတွင် စီမံချက်ဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေးဆောင်ရွက်ခြင်းတို့ ပြုလုပ်ခဲ့ရာ ယခုသီတင်းပတ်အတွင်း နယ်စပ်ဒေသများ၊ ပူးပေါင်းစစ်ဆေးရေးဂိတ်များအပါအဝင် ပြည်နယ်/တိုင်းဒေသကြီးအသီးသီး၌ ဖမ်းဆီးရမိမှုများမှာ ကချင်ပြည်နယ်၊ လွယ်ဂျယ်မြို့ လွယ်ဂျယ်-မန်ကောင်းသွားကားလမ်းပေါ်၌ သတင်းအရ Ipsum ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၅၇၀၀)ပြား၊ ဘိန်းဖြူ (၁၂၂၀)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ မံစီမြို့နယ်၊ မံရကျေးရွာအဝင်လမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၉၂၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ အိုင်စန့်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်း(၂.၃)ဂရမ်၊ ကရင်ပြည်နယ်၊ မြဝတီမြို့ အမှတ်(၅)ရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၂၀၆)ပြား၊ မွန်ပြည်နယ်၊ ကျိုက္ကမီမြို့ ရန်မျိုးအောင်ရပ်ကွက်လမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၉၈)ပြား၊ICE(၁)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ရခိုင်ပြည်နယ်၊မောင်တောမြို့နယ်၊ ခရေမြိုင်ကျေးရွာအနီး မောင်တော-အငူမော်သွားကားလမ်းဘေး ခြုံပိုဒေါင်မှ တရားခံအမျိုးသား(၅)ဦးထံမှ စိတ်ကြွဆေးပြား(၃၉၉၅၅၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ မြောက်ဦးမြို့ ဆင်ချဆိပ်ရပ်ကွက်၌ တရားခံအမျိုးသား (၁)ဦး၊ ကျီးကန်းပြင်စစ်ဆေးရေးဂိတ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၉၅၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ နှစ်နိုင်ငံနယ်စပ်နတ်မြစ်အတွင်း ရေယာဉ်လှည့်ကင်းဆောင်ရွက်စဉ် ဇီးပင်ချောင်းအနီး တစ်ဖက်နိုင်ငံသို့ လှော်ခတ်နေသည့် လက်ခတ်လှေ(၁)စင်းအား တွေ့ရှိဖမ်းဆီးခဲ့ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၂၂၉၅၀၀)ပြား၊ လက်ခတ် လှေ(၁)စင်း၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ ရေတွင်းပြင်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦး၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ လွယ်ဆောင်ကျေးရွာအနီး ကျောက်တလုံး-ဆိုက်ခေါင်သွားကားလမ်းမပေါ်၌ သတင်းအရ Crown ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား(၁၉၀၀)ပြား၊ မော်တော်ယာဉ်(၁)စီး၊ တောင်ကြီး-မိုင်းပျဉ်းသွားကားလမ်း မိုင်တိုင်(၆)၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ရွှေညောင်မြို့ ရွှေဘုံသာရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၇၅၀)ပြား၊ ဟိုပုံးမြို့နယ်၊ လဲသက်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၅၉၆၀)ပြား၊ ပင်လောင်းမြို့နယ်၊ နောင်ပီးကျေးရွာအနီး ပင်လောင်း-ညောင်ရွှေသွားကားလမ်း မိုင်တိုင် (၄၄/၁)၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၄၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကျေးသီးမြို့အထွက် ကျေးသီး-မိုင်းကိုင်သွား ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၉၂၅၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ မူဆယ်မြို့ စွမ်စော်ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၅၉၉၅)ပြား၊ ကွင်းဆက်သတင်းအရ ၎င်းရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၂၄၀၀၀)ပြား၊ နမ့်ခမ်းမြို့ အမှတ်(၁၃) သာယာကုန်းရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၈၀၀)ပြား၊ နောင်ချိုမြို့နယ်၊ သဲခေါကျေးရွာအနီး ဟိုခို-သဲခေါသွားကားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၉၈၉၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ မိုးမိတ်မြို့နယ်၊ မန်ကျည်းပင်ကျေးရွာ၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား (၈၁၅)ပြား၊ ဆိုင်ကယ်(၁)စီး၊ အထက်ညောင်နီကျေးရွာအဝင် မိုးမိတ်-မန်တုံသွား ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၂၂၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ မိုးကုတ်-မိုးမိတ်သွားကားလမ်း မိုင်တိုင်(၂၅/၁)၌ သတင်းအရ Kluger ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား (၂)ဦးထံမှ ဘိန်းဖြူ(၈၀၀)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ မဘိမ်းမြို့နယ်၊ ပြချောင်းကျေးရွာအနီး ငါးအိုး-မဘိမ်းကားလမ်း သရက်ပင်ခေါင်းပေါက်လမ်းဆုံ၌ အချိန်ကြာမြင့်စွာ မသင်္ကာဖွယ်ရပ်တန့်ထားသည့် ဆိုင်ကယ်အား စိစစ်ရာ ဆာလာအိတ်အတွင်းမှ ပိုင်ရှင်မဲ့ စိတ်ကြွဆေးပြား(၁၉၆၀၀၀)ပြား၊ ဘိန်းဖြူ(၁၁၀၀) ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ဟိုပန်မြို့ နမ့်လုံ့ရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၅၂၀၀)ပြား၊ စိတ်ကြွဆေးပြား အကြေမှုန့်(၅)ဂရမ်၊ လောက်ကိုင်မြို့နယ်၊ ကြာစီရှူးကျေးရွာ ဝန်းကျင်နယ်မြေရှင်းလင်းစဉ် တောင်ယာတဲဟောင်းတစ်ခုအတွင်းမှ ပိုင်ရှင်မဲ့ စိတ်ကြွဆေးပြား(၁၇၂၅)ပြား၊ ကွင်းဆက်စိစစ်ချက်အရ ၎င်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၃၇၅)ပြား၊ ကျိုင်းတုံမြို့နယ်၊ ကတ်ဝိုးကျေးရွာအဝင် လမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၀၉၈)ပြား၊ ဘိန်းဖြူ(၀.၅)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ တာချီလိတ်မြို့နယ်၊ ရေပူစမ်းကျေးရွာ၌ သတင်းအရ နေအိမ်အား ဝင်ရောက်စစ်ဆေးရှာဖွေရာ အိမ်ရှင်တိမ်းရှောင်နေပြီး ပလတ်စတစ်အိတ်များဖြင့် ထည့်ထားသည့် ဘိန်းဖြူ (၅၃၀၀)ဂရမ်၊ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ ၎င်းကျေးရွာဝန်းကျင်အား ဆက်လက်နယ်မြေရှင်းလင်းစဉ် လျှိုအတွင်း၌ ဝှက်သိမ်းထားသည့် စိတ်ကြွဆေးပြား (၂၆၉၀၀၀၀)ပြား၊ စိတ်ကြွဆေးပြားအကြေမှုန့်(၁၉၆၃၀၀)ဂရမ်၊ ကဖင်း(၁၀၅၀၀၀၀)ဂရမ်၊ ဘိန်းဖြူ (၁၄၀၀၀)ဂရမ်၊ မူးယစ်ဆေးဝါး ချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ သီတာကျေးရွာအနီး သီတာ-ဂဟဲကျေးရွာသွားလမ်းပေါ်၌ သတင်းအရဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား (၁)ဦးထံမှ ဘိန်း(၁၁၁)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၈.၅)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ဗန်းမောက်မြို့နယ်၊ ပါသက်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၂၁)ဂရမ်၊ ဘိန်း(၁၃၀၀)ဂရမ်၊ ဖောင်းပြင်မြို့နယ်၊ ရွှေထီးကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၉၀၀)ပြား၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့ အိမ်ရှေ့ပြင်ရပ်ကွက်လမ်းပေါ်၌ သတင်းအရဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား (၃)ဦးထံမှ စိတ်ကြွဆေးပြား(၉၅)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ ၎င်းရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၂၈)ပြား၊ ဆိုင်ကယ်(၁)စီး၊ မြိတ်မြို့နယ်၊ ရွှေဘေးကျေးရွာ၌ တရားခံအမျိုးသား(၂)ဦးထံမှ ဘိန်းစာမှုန့်(၈၅)ဂရမ်၊ ပုလောမြို့နယ်၊ မလိကျွန်းအနီးပင်လယ်ပြင်၊ သရက်ချောင်းမြို့နယ်၊ ကနက်သီရိကျေးရွာ၊ ပင်လယ်ကမ်းစပ်တို့၌ စက်လှေနစ်မြုပ်ပြီး မျောပါလာသည်ဟု ယူဆရသည့် ပလတ်စတစ်ထုပ်များအတွင်းမှ ရေစို၍ အလေးချိန်စိစစ်မရ ICE အထုပ်(၃၄)ထုပ်နှင့် ရေစိုပျက်စီးမှုမရှိသည့် အထုပ်(၉၅)ထုပ်အတွင်းမှ ICE (၉၃၈၁၀)ဂရမ်၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး (၃)လမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ

**စာမျက်နှာ ၉ သို့ »»**

»»» စာမျက်နှာ ၈ မှ

စိတ်ကြွဆေးပြား(၁၁၅)ပြား၊ ဆိုင်ကယ်(၁)စီး၊ ရပ်ကွက်ကြီး(၅)၌ တရားခံအမျိုးသား(၁)ဦးထံမှ ဆေးခြောက်(၁၀၅)ဂရမ်၊ တောင်ငူမြို့ အမှတ်(၂၂)ရပ်ကွက်၊ ခပေါင်းတံတားပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား (၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၁၁)ပြား၊ ဆိုင်ကယ်(၁)စီး၊ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့ မြို့မလမ်းနှင့် ရေစကြိုသွား ကားလမ်းဘေး၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၇၈၇)ပြား၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ ရွှေချောင်းကျေးရွာ၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၇)ပြား၊ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ (၁၆)မိုင်စစ်ဆေးရေးဂိတ်၌ မူဆယ်မှမန္တလေးသို့လာသည့် ခရီးသည်တင်ယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်ပါ ခရီးသည် တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၁၉၀၀၀)ပြား၊ ဘိန်းဖြူ (၃၃၀)ဂရမ်၊ (၁၆)မိုင်စစ်ဆေးရေးဂိတ်၌Canter ယာဉ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ Sulphuric Acid (၁၀၀၀)လီတာ၊ မော်တော်ယာဉ်(၁)စီး၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ မဟာအောင်မြေမြို့နယ်၌ တရားခံအမျိုးသား(၁)ဦး၊ ထပ်မံဖော်ထုတ်ချက်အရ လားရှိုးမြို့ အမှတ်(၇)ရပ်ကွက်၌ တရားခံအမျိုးသား (၁)ဦးထံမှ Sulphuric Acid (၄၀)လီတာနှင့် ချမ်းအေးသာစံမြို့နယ်၊ (၆၆)လမ်းနှင့် ၂၉ × ၃၀ကြား၌ Pickup ယာဉ်နှင့်အတူ တရားခံအမျိုးသား(၁)ဦးထံမှ Sulphuric Acid (၂၀)လီတာ၊မော်တော်ယာဉ်(၁)စီး၊ ကျောက်ချောကျေးရွာ၊ AAA ဘိလပ်မြေစက်ရုံအနီးလမ်းမပေါ်၌ ပိုင်ရှင်မဲ့ရပ်ထားသည့်(၁၂)ဘီးယာဉ်ပေါ်ရှိ ပလတ်စတစ်ပုံးများအတွင်းမှ Hydrocloric Acid(၁၁၀၀၀)လီတာ၊ Sulphuric Acid(၅၀၀)လီတာ၊ မော်တော်ယာဉ်(၁)စီး၊ ပြင်ဦးလွင်-မန္တလေးသွား ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား (၂)ဦးထံမှ ဘိန်းဖြူ (၆၆၀)ဂရမ်၊ စိတ်ကြွဆေးပြား(၁၉၅)ပြား၊ ဆိုင်ကယ်(၁)စီး၊ သပိတ်ကျင်းမြို့နယ်၊ ချောင်းကြီးကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၇၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ ၎င်းကျေးရွာ၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၆၅)ပြား၊ သာစည်မြို့ အမှတ်(၁)ရပ်ကွက် လမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၁၂၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၌ တရားခံ အမျိုးသမီး(၂)ဦးထံမှ စိတ်ကြွဆေးပြား(၄၀၅) ပြား၊ ICE (၀.၂၅)ဂရမ်၊ ပုဇွန်တောင်မြို့နယ်၊ (၃)ရပ်ကွက်၌ တရားခံ အမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၅၉၇) ပြား၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ ဦးဝိစာရလမ်းပေါ်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၇၀)ပြား၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ ၎င်းရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၄) ဦး၊ ပေါင်း(၅)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၉၀၃)ပြား၊ ဆိုင်ကယ်(၁)စီး၊ (၄၂)ရပ်ကွက်၊ ဦးဝိစာရလမ်းပေါ်၌ သတင်းအရ Insight ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ ICE(၂၉)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ ကမာရွတ်မြို့နယ်၊ (၅)ရပ်ကွက်၊ ဆရာစံလမ်းပေါ်၌ သတင်းအရ စက်ဘီးစီးလာသူအား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁) ဦးထံမှ စိတ်ကြွဆေးပြား (၉၈၃)ပြား၊ စက်ဘီး(၁)စီး၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်ရှိ DHL ရုံးချုပ်(ရန်ကုန်)၌ အမေရိကန်နိုင်ငံသို့ ပို့ဆောင်မည့် ပါဆယ်ထုပ်အား စိစစ်ခဲ့ရာ အထုပ်အတွင်းမှ Ketamine (၂၇၀၀)ဂရမ်၊ ရောဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ အမှတ်(၁၃)ရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၀၀)ပြား၊ မြောင်းမြမြို့နယ်၊ မြောင်းမြ အကျဉ်းထောင်သို့ ထောင်ဝင်စာလာရောက်တွေ့သူ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၄၁၀)ပြား၊ ICE(၂၄)ဂရမ်၊ ဝါးခယ်မမြို့ ရေကျော်ရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၇၃)ပြား၊ ဖျာပုံမြို့နယ်၊ အပြောင်ကျေးရွာ၌ တရားခံအမျိုးသား(၂)ဦး၊ အမျိုးသမီး(၂)ဦး၊ ပေါင်း(၄) ဦးတို့ထံမှ စိတ်ကြွဆေးပြား (၃၈၀)ပြား၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ ဒေးဒရဲမြို့နယ်၊ အုန်းပင်ကျေးရွာ၊ ဖျာပုံ-ဒေးဒရဲသွားကားလမ်းပေါ်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၅၈၀)ပြား၊ Fielder ယာဉ်(၁)စီးအားလည်းကောင်း၊ နိုင်ငံခြားသားများ ပါဝင်ပတ်သက်သော ဖမ်းဆီးရမိမှုဖြစ်စဉ်(၅)ခုရှိခဲ့ပြီး ကရင်ပြည်နယ်၊ မြဝတီမြို့ အမှတ်(၅)ရပ်ကွက်လမ်းမပေါ်၌ တရားမဝင် ဝင်ရောက်လာသည့် ထိုင်းနိုင်ငံသား တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၂)ပြား၊ ရှမ်းပြည်နယ်၊ တာချီလိတ်မြို့ ဝိန်းကျောက် ရပ်ကွက်၌ တရားမဝင် ဝင်ရောက်လာသည့် ထိုင်းနိုင်ငံသား တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၁၀)ပြား၊ ဆမ်ဆိုင်း(ခ) ရပ်ကွက်၊ ဝမ်မိုင်ရွာလယ်လမ်းမပေါ်၌ တရားမဝင် ဝင်ရောက်လာသည့် ထိုင်းနိုင်ငံသား တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၀၀၀) ပြား၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနယ်စပ်၌ တရားမဝင် ဝင်ရောက်လာသည့် အိန္ဒိယနိုင်ငံသား တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၈၅)ပြား၊ ဘိန်းဖြူ(၀.၀၁)ဂရမ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် Terminal-1 ၌ မလေးရှားနိုင်ငံသို့ ထွက်ခွာမည့် ခရီးစဉ်နှင့်လိုက်ပါမည့် ဖိလစ်ပိုင်နိုင်ငံသူ တရားခံအမျိုးသမီး (၁)ဦးထံမှ Ketamine(၄၈၀၀)ဂရမ်အားလည်းကောင်း၊ လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိမှုဖြစ်စဉ် (၅)ခု ရှိခဲ့ပြီး ရှမ်းပြည်နယ်၊ နောင်ချိုမြို့နယ်၊ မက်လွတ်ကျေးရွာ၌ တရားခံအမျိုးသမီး (၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၂)ပြား၊ စိတ်ကြွဆေးပြားအကြေမှုန့်(၁.၆၂)ဂရမ်၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ ဈေးကုန်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ တူမီးသေနတ်(၁)လက်၊ မိုင်းဆတ်မြို့နယ်၊ မယ်ကြုတ် (၁)ကျေးရွာ၌ သတင်းအရ နေအိမ်အားဝင်ရောက် စစ်ဆေးရှာဖွေရာ အိမ်ရှင်တိမ်းရှောင်နေပြီး နေအိမ်အတွင်းမှ စိတ်ကြွဆေးပြား (၁၆၂၀၀)ပြား၊ ဘိန်းဖြူ(၁၉၁)ဂရမ်၊ ကဖင်း(၁၈၀၀၀)ဂရမ်၊ Winchester သေနတ်(၁)လက်၊ လက်လုပ် လေသေနတ် (၁)လက်၊ ၁၃-၆-၂၀၁၉ ရက်နေ့ တာဆန်းတံတားတွင် လက်နက်/ခဲယမ်းများ ဖော်ထုတ်ဖမ်းဆီးရမိမှုဖြစ်စဉ်မှ ကွင်းဆက်ဖော်ထုတ်ချက်အရ မိုင်းတုံမြို့နယ်၊ နားကောင်းမူးကျေးရွာ၌ နေအိမ်အား ဝင်ရောက်စစ်ဆေးရှာဖွေရာ တရားခံအမျိုးသမီးမှာ ကြိုတင်တိမ်းရှောင်နေပြီး နေအိမ်အတွင်းမှ စိတ်ကြွဆေးပြား (၁၁၅)ပြား၊ Ketamine (၂၇၀၀)ဂရမ်၊ ၉ မမကျည်(၃၅)တောင့်၊ ပွိုင့်၃၈ ကျည်(၅၀)တောင့်၊ လက်နက်ငယ် အပစ်လက်ကိုင် (၁)ခု၊ တာချီလိတ်မြို့နယ်၊ ပါခါးကျေးရွာအား သတင်းအရ စိစစ်ရှာဖွေစဉ် လမ်းဘေးရေမြောင်းအတွင်း၌ တာလပတ်စဖြင့် ဖုံးကွယ်ဝှက်သိမ်းထားသည့် ဆာလာအိတ်များအတွင်းမှ ပိုင်ရှင်မဲ့ စိတ်ကြွဆေးပြား (၄၂၅၄၀၀၀)ပြား၊ စိတ်ကြွဆေးပြားအကြေမှုန့်(၁၉၀၀)ဂရမ်၊ Ketamine(၉၀၀)ဂရမ်၊ ဘိန်းညိုမှုန့်(၅၀၀၀)ဂရမ်၊ MK-10 သေနတ်(၁)လက်၊ M-22 သေနတ်(၁)လက်၊ ၎င်းကျည်အိမ်(၂)ခု၊ ၅.၅၆ ကျည်(၁၅၉)တောင့်၊ ပွိုင့် ၂၂ သေနတ်(၃)လက်၊ ၎င်းကျည်(၁၈၀၀) တောင့်၊ Winchester ၁၂ ဗိုသေနတ် (၁)လက်၊ ၎င်းကျည်အိမ်(၂)ခု၊ ၎င်းကျည်(၃၂၀)တောင့်၊ ၉ မမပစ္စတိုသေနတ် (၂)လက်၊ ၎င်းကျည်အိမ်(၂)ခု၊ ပွိုင့် ၃၈ ပစ္စတိုသေနတ်(၁)လက်၊ ၎င်းကျည်အိမ်(၁)ခု၊ M-16 ကျည်အိမ်(၁)ခု၊ လက်ကိုင်စကားပြောစက်(၄)လုံး၊ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ပြင်စာကျေးရွာ၌ တရားခံအမျိုးသား(၁) ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၁၅)ပြား၊ လုပ်သေနတ်(၁)လက်၊ ခဲသီး(၅၀)တောင့်၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ ၎င်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၁၅)ပြားအားလည်းကောင်း၊ လက်နက်ဖြင့် ပြန်လည်ခုခံသဖြင့် ပစ်ခတ်ဖမ်းဆီးရမိမှုဖြစ်စဉ်(၂)ခုရှိခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ မော်လိုက်ကလေးကျေးရွာဟောင်း(တောင်ရွာ)၌ သတင်းအရ နေအိမ်အား ဝင်ရောက်စစ်ဆေးဖော်ထုတ်ဖမ်းဆီးစဉ် တရားခံအမျိုးသား(၁)ဦးမှ ဓားဖြင့်ပြန်လည်ခုခံတိုက်ခိုက်သဖြင့် သတိပေးပစ်ခတ်ဖမ်းဆီးရာ သေဆုံးခဲ့ပြီး ဘိန်းဖြူ(၅)ဂရမ်၊ ဓား(၂)ချောင်း၊ မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ သစ်ခွဲပင်သစ်ဆိပ်အနီး မိုးမိတ်-တွင်းငယ်သွားကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား စစ်ဆေးရန် တားဆီးစဉ် မောင်းနှင်ထွက်ပြေးသဖြင့် သတိပေးပစ်ခတ်ဖမ်းဆီးခဲ့ရာ တရားခံအမျိုးသား(၂)ဦး မစိုးရိမ်ရဒဏ်ရာရရှိပြီး ဘိန်း(၃၀၂.၆၆) ဂရမ်၊ ဆိုင်ကယ်(၁)စီးတို့အား ဖမ်းဆီးရမိခဲ့ကြောင်းနှင့် သီးခြားဖော်ထုတ် ဖမ်းဆီးမှု စုစုပေါင်းအနေဖြင့် ယခုသီတင်းပတ်(၉-၆-၂၀၁၉ ရက်နေ့မှ ၁၅-၆-၂၀၁၉ရက်နေ့အထိ)အတွင်း အမှုပေါင်း(၂၅၅)မှု၊ တရားခံကျား (၃၀၉)ဦး၊ မ(၅၀)ဦး၊ ပေါင်း(၃၅၉)ဦး၊ စိတ်ကြွဆေးပြား(၇၉၉၀၅၄၂)ပြား၊ စိတ်ကြွဆေးပြား အကြေမှုန့် (၁၉၈၂၀၉.၈၂)ဂရမ်၊ ဘိန်းဖြူ(၁၁၉၁၁.၅၇၉)ဂရမ်၊ ICE(၉၃၈၄၃.၅၅)ဂရမ်၊ Ketamine(၁၁၁၀၀)ဂရမ်၊ ကဖင်း (၁၀၆၈၀၀၀)ဂရမ်၊ ဘိန်း(၁၇၃၂.၉၆)ဂရမ်၊ ဘိန်းညိုမှုန့် (၅၀၀၀)ဂရမ်၊ အဆင့်နိမ့်ဘိန်း (၈.၅)ဂရမ်၊ ဘိန်းစာမှုန့် (၁၄၅)ဂရမ်၊ ဆေးခြောက်(၂၀၃.၀၄)ဂရမ်၊ Hydrochloric Acid(၁၁၀၀၀)လီတာ၊ Sulphuric Acid(၁၅၆၀) လီတာ၊ သေနတ်မျိုးစုံ(၁၃)လက်၊ ကျည်မျိုးစုံ(၁၉၃၆၄) တောင့်၊ ခဲသီး(၅၀)တောင့်၊ ကျည်အိမ်မျိုးစုံ (၈)ခု၊ လက်နက်ငယ် အပစ်လက်ကိုင်(၁)ခု၊ လက်ကိုင်စကားပြောစက်(၄)လုံး၊ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့်ဆက်စပ်ပစ္စည်းများအား ဖော်ထုတ်သိမ်းဆည်းရမိကြောင်း သတင်းရရှိပါသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”** အောက်ဖော်ပြပါ တယ်လီဖုန်း/ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာတိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

| | | |
|---|---|---|
| **အော်တိုတယ်လီဖုန်းနံပါတ်** | - | ၀၆၇-၅၉၀၂၀၀ |
| **ဖက်စ်ဖုန်းနံပါတ်** | - | ၀၆၇-၅၉၀၂၃၃ |
| **အီးမေးလ်လိပ်စာ** | - | antinarcotics@presidentoffice.gov.mm |

# ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ တက္ကသိုလ်ဝင်ခွင့် လျှောက်ထားနိုင်

**နေပြည်တော် ဇွန် ၁၇**

၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများသည် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားနိုင်ရန်အတွက် မိမိတို့စာမေးပွဲဖြေဆိုခဲ့သော စာစစ်ဌာန ကြီးကြပ်ရေးမှူးများ (အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီးများ)ထံတွင် အမှတ်စာရင်း၊ အရည်အချင်းမှတ်တမ်းချုပ် ရမှတ်အဆင့်၊ တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်နှင့် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရမည့် ပုံစံစာအိတ်ကို ဇွန် ၂၄ ရက် (တနင်္လာနေ့)မှစ၍ ကိုယ်တိုင်ထုတ်ယူကြရမည်ဖြစ်ကြောင်း သိရသည်။

သီးခြားဝင်ခွင့်ရွေးချယ်မည့်တက္ကသိုလ်များသို့ ပထမဦးစားပေးလျှောက်ထားပါက ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ ရန်ကုန်နည်းပညာတက္ကသိုလ်၊ မန္တလေးနည်းပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် (မန္တလေး)၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၊ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်၊ မန္တလေးကွန်ပျူတာတက္ကသိုလ်၊ ရန်ကုန်စီးပွားရေး တက္ကသိုလ်(ရွာသာကြီးနယ်မြေ)၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် (လှိုင်နယ်မြေ)၊ ရန်ကုန်ပညာရေးတက္ကသိုလ်၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး)၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ် (မိတ္ထီလာမြို့)များသို့ တိုက်ရိုက်တင်သွင်းလျှောက်ထားရမည် ဖြစ်သည်။

ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များ၊ တက္ကသိုလ်ဝင်ခွင့်ရွေးချယ်ရေးအဖွဲ့မှ ရွေးချယ်မည့်တက္ကသိုလ်များသို့ ပထမဦးစားပေး လျှောက်ထားပါက မြစ်ကြီးနားတက္ကသိုလ်၊ လွိုင်ကော်တက္ကသိုလ်၊ ဘားအံတက္ကသိုလ်၊ ဟားခါးကောလိပ်၊ မုံရွာတက္ကသိုလ်၊ စစ်ကိုင်းတက္ကသိုလ်၊ ထားဝယ်တက္ကသိုလ်၊ တောင်ငူတက္ကသိုလ်၊ ပြည်တက္ကသိုလ်၊ ပဲခူးတက္ကသိုလ်၊ မကွေးတက္ကသိုလ်၊ ပခုက္ကူတက္ကသိုလ်၊ မန္တလေးအဝေးသင်တက္ကသိုလ်၊ မိတ္ထီလာတက္ကသိုလ်၊ မော်လမြိုင်တက္ကသိုလ်၊ စစ်တွေတက္ကသိုလ်၊ တောင်ကုတ်ဒီဂရီကောလိပ်၊ ရန်ကုန်အဝေးသင်တက္ကသိုလ်၊ တောင်ကြီးတက္ကသိုလ်၊ လားရှိုးတက္ကသိုလ်၊ ကျိုင်းတုံတက္ကသိုလ်၊ ပုသိမ်တက္ကသိုလ်၊ ဟင်္သာတတက္ကသိုလ်၊ ကောလိပ်များသို့ တင်သွင်းလျှောက်ထားရမည်ဖြစ်သည်။

တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာအိတ်များကို ဇွန် ၂၄ ရက်မှ ဇူလိုင် ၂၃ ရက်အထိ စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များအပါအဝင် (ပိတ်ရက်မရှိ) အထက်ပါ တက္ကသိုလ်များ၌ လက်ခံမည်ဖြစ်သည်။

သတ်မှတ်ရက်ကျော်လွန်မှ လျှောက်ထားသူများသည် အဆင့်မြင့် ပညာဦးစီးဌာန (ရန်ကုန်ရုံးခွဲ) သထုံလမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့သို့ ပေးပို့လျှောက်ထားရမည် ဖြစ်သည်။

အသေးစိတ်သိရှိလိုပါက အဆင့်မြင့်ပညာဦးစီးဌာန(ရန်ကုန်ရုံးခွဲ) သထုံလမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့ ဖုန်း - ၅၃၇၆၇၇ နှင့် ၅၀၃၁၄၇ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နောင်ချိုတွင် CLUB အဖွဲ့ဝင်များ စာဖတ်ဝိုင်း ကျင်းပ

**နောင်ချို ဇွန် ၁၇**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ Youth Club၊ Book Club၊ Woman Club တို့ ပူးပေါင်း၍ စာဖတ်ဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းထွေးက စာဖတ်ဝိုင်းများ လစဉ်ဆောင်ရွက်ရခြင်းသည် စာဖတ်သူများ တစ်ဦးနှင့် တစ်ဦး အမြင်ဖလှယ်ခြင်း၊ စာဖတ်ခြင်း အကျိုးကျေးဇူးများရရှိစေခြင်း၊ ဗဟုသုတ၊ အတွေးအခေါ် တိုးတက်မြင့်မားလာခြင်းစသည့် အကျိုးကျေးဇူးများ ရရှိစေနိုင်ကြောင်း ပြောကြားသည်။

ထို့နောက် စာအုပ်စာပေချစ်မြတ်နိုးသူများအသင်း (Book Club) အဖွဲ့ဥက္ကဋ္ဌ ဦးပေါင်ခန့်လျန်က ဦးဆောင်၍ စာရေးဆရာ မောင်မင်းစိုး၏ “လူငယ်နဲ့အထက်တန်းစားစိတ်ဓာတ်” စာအုပ်အား ဖတ်ကြားဆွေးနွေးခဲ့ပြီးနောက် တက်ရောက်လာကြသော Club အဖွဲ့ဝင်များက ပြန်လည်ဆွေးနွေးခဲ့ကြပြီး စာဖတ်ဝိုင်းများကို ယခုထက် ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်သွားစေလိုကြောင်း အကြံပြုဆွေးနွေးခဲ့ကြသည်။ **စိုးဝင်း(နောင်ချို)**

# ရွှေတိဂုံစေတီတော် လုံးတော်ပြည့် ရွှေစင်ရွှေပြားကပ်လှူပူဇော်ခြင်းအထိမ်းအမှတ် ဗုဒ္ဓါဘိသေကအနေကဇာတင်မင်္ဂလာနှင့် ရေစက်ချအခမ်းအနား ကျင်းပ

**ရန်ကုန် ဇွန် ၁၇**

၂၀၁၈-၂၀၁၉ ခုနှစ် ရွှေတိဂုံစေတီတော်လုံးတော်ပြည့် ရွှေစင်ရွှေပြားကပ်လှူပူဇော်ခြင်း မဟာကုသိုလ်တော် အောင်ပွဲအထိမ်းအမှတ် စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာနှင့် ရေစက်ချမင်္ဂလာ အခမ်းအနားကို ယနေ့နံနက် ၈ နာရီက စေတီတော် အောင်မြေရှိ ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပသည်။

**သီလဆောက်တည်**

ရှေးဦးစွာ နံနက် ၅ နာရီခွဲတွင် ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာအခမ်းအနားကို ကျင်းပသည်။

ယင်းနောက် ရေစက်ချမင်္ဂလာအခမ်းအနား ဆက်လက်ကျင်းပရာ နိုင်ငံတော် သြဝါဒါစရိယ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ရန်ကင်းမြို့နယ် မဟာဓမ္မိကာရုံ ပရိယတ္တိစာသင်တိုက် ကျိုက်ပိကျောင်းဆရာတော် ဘဒ္ဒန္တ ဂုဏောသနထံမှ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်းနှင့် ဧည့်ပရိသတ်များက ကိုးပါး သီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးကြည်မင်းက ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းမှုအခြေအနေနှင့် သာသနာတော်ဆိုင်ရာ များကို လျှောက်ထားသည်။




ယင်းနောက် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဇဟန်းမြို့နယ် ညောင်တုန်းပါဠိတက္ကသိုလ် ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ပဝရာဘိဝံသထံမှ ရေစက်ချ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီး ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းကို ၂၀၁၄ - ၂၀၁၅ ခုနှစ်က ကပ်လှူပူဇော်ခဲ့ပြီး ယခု လေးနှစ်အကြာတွင် ရွှေစင်ရွှေပြား၊ ရွှေသင်္ကန်းများ ဆက်ကပ်လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

**ကပ်လှူပူဇော်**

ရွှေတိဂုံစေတီတော်ကြီးကို ကပ်လှူခဲ့သော ရွှေသား အလေးချိန်မှာ ၃၄၈ ပိဿာဖြစ်ပြီး စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် သိန်းပေါင်း သုံးသိန်းလေးသောင်းကျော်နှင့် ရွှေပြားအရေအတွက်မှာ ၂၂၁၆၇ ချပ် ကပ်လှူပူဇော်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ရွှေစင်ရွှေပြား၊ ရွှေသင်္ကန်းများ ကပ်လှူပူဇော်ရာတွင် စက်မှုဝန်ကြီးဌာန၏ ဆောင်ရွက်ချက်ဖြင့် ပုဂ္ဂလိက အလှူရှင်များ၏ လှူဒါန်းငွေကျပ် သိန်းပေါင်း ၁၂၀၀ ကျော် အပါအဝင် စုစုပေါင်းကုန်ကျငွေကျပ် ၃၉၈၃ သိန်း ကျော်ရှိ ရွှေပြားကြိတ်စက်ရုံ တစ်ခုကို တည်ဆောက် ထားနိုင်ခဲ့ပြီး ရွှေစင်ရွှေပြားများကို ထုတ်လုပ်ပူဇော်လျက် ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် နဝမပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ

**ရန်ကုန် ဇွန် ၁၇**

ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် နဝမပုံမှန်အစည်းအဝေးပထမနေ့ကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်လမ်းရှိ တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ပျံကျဈေးတည်ဆောက်မည်**

အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းကြရာ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ဇော်လင်း၏ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အမှတ်(၄၆) ရပ်ကွက်ရှိ ဗိုလ်မှူးဗထူးလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်တွင်ရှိသော ယခင်မြေပုံပါ ဗိုလ်မှူးဗထူးဈေးနေရာသည် (အလျားပေ ၄၂၀ × အနံ ပေ ၃၆၀) ရှိခဲ့ပြီး အခြားစီမံကိန်း အကောင်အထည်မဖော်ရသေးသော (အလျားပေ ၁၂၀ × အနံပေ ၂၄၀) ဈေးနေရာအဖြစ် ပြန်လည်ဖော်ထုတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်ပတ်သက်၍ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက ယင်းအကွက်များရှိ ကျူးကျော်များကို ဖယ်ရှားမည်ဖြစ်ကြောင်း၊ ပျံကျဈေးတည်ဆောက်ရာတွင် ငွေလုံးငွေရင်းသုံးစွဲ၍ မရသည့်အတွက် သာမန်ငွေစာရင်းမှ အကုန်အကျခံ၍ ကွန်ကရစ်လမ်းခင်း ပျံကျဈေးတည်ဆောက်မည်ဖြစ်ကြောင်း၊ နဂိုမူရင်းအနေဖြင့် လုပ်ဆောင်၍ မရသည့်အတွက် လက်ရှိအစီအစဉ်ကိုသာ အကောင်အထည်ဖော်မည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် မြောက်ဥက္ကလာပမြို့နယ် မဲဆန္ဒနယ် အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်၏ မြောက်ဥက္ကလာပမြို့နယ် (ဂ)ရပ်ကွက် ဥက္ကာ(၁)လမ်းနှင့် ဥက္ကာလမ်းမကြီးထောင့်ရှိ ကစားကွင်းအား ပြန်လည်ဖော်ထုတ်ပေးနိုင်ခြင်း ရှိ၊ မရှိ၊ ပြန်လည်ဖော်ထုတ်ပေးနိုင်ပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက ယာယီအားကစားကွင်းအပါအဝင် ယင်းဧရိယာ၏ တစ်စိတ်တစ်ဒေသဧရိယာတွင်လည်း ဥက္ကာလမ်းမကြီးအတိုင်း အပြိုင်သွယ်တန်းထားသည့် လျှပ်စစ်ဝန်ကြီးဌာန၏ မဟာဓာတ်အားလိုင်း တည်ရှိကြောင်း၊ ဖော်ပြပါမြေနေရာသည် မဟာဓာတ်အားလိုင်း အောက်တွင် တည်ရှိနေခြင်းကြောင့် အားကစားကွင်း အဖြစ် သတ်မှတ်ဖော်ဆောင်ပေးရန် အစီအစဉ်မရှိကြောင်း ပြန်လည်ဖြေကြားသည်။

**ဆက်လက်အကောင်အထည်ဖော်**

ယင်းနောက် အလုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဒေါ်နွယ်နွယ်ဝင်း၏ အလုံမြို့နယ် ဆင်မင်းရပ်ကွက် ကွင်းကျောင်းကစားကွင်းနေရာအား ခြံစည်းရိုးခတ်ခြင်း၊ အများပြည်သူအနားယူအပန်းဖြေရန်နှင့် ကလေးများကစားကွင်းအဖြစ် အသုံးပြုနိုင်ရေးအတွက်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ၊ အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်၊ အစီအစဉ်မရှိပါက မည်သည့်အတွက်ကြောင့် ဖြစ်သည်ကို သိရှိလိုကြောင်း မေးမြန်းမှုအပေါ် ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက လာမည့်နှစ်တွင် လိုအပ်သည့် အချက်အလက်များထည့်သွင်းဖြည့်စွက်ပြီး ဘတ်ဂျက်တင်ပြတောင်းခံကာ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**ပြန်လည်ဖြေကြား**

ဆက်လက်၍ ဒဂုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျ၏ ရန်ကုန်တိုင်းဒေသကြီးမှ ရင်းနှီးထည့်ဝင်ခဲ့သော အများပိုင်မော်တော်ယာဉ် ကုမ္ပဏီများဖြစ်သည့် YBPC နှင့် YUPT တို့ရှိ ပုံသေပိုင်ပစ္စည်းအပါအဝင် မော်တော်ယာဉ်များ၏ တန်ဖိုးလျော့စရိတ်အား ဖော်ပြရာတွင် မော်တော်ယာဉ်များ၏ တန်ဖိုးလျော့ရာခိုင်နှုန်းမှာ ၁၂ ဒသမ ၅ ရာခိုင်နှုန်းဖြစ်သည်ဟု ဖော်ပြထားရာ အဆိုပါရာခိုင်နှုန်းသည် မှန်ကန်မှု ရှိ၊ မရှိ၊ မှန်ကန်မှုရှိပါက အဆိုပါမော်တော်ယာဉ်များအနေဖြင့် (၈)နှစ်အချိန်ကာလကြာမြင့်စွာသုံးစွဲနိုင်သော ခိုင်ခံ့မှု ရှိ၊ မရှိ၊ မှန်ကန်မှုမရှိပါက မော်တော်ယာဉ်များအား မည်သည့်ရာခိုင်နှုန်းဖြင့် တန်ဖိုးလျော့ ပြင်ဆင်သတ်မှတ်ထားသည်ကို သိရှိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းက မော်တော်ယာဉ်များ၏ တန်ဖိုးလျော့ရာခိုင်နှုန်း ၁၂ ဒသမ ၅ ရာခိုင်နှုန်းမှာ မှန်ကန်မှု ရှိ၊ မရှိနှင့်ပတ်သက်၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်ဦးစီးဌာန၊ ဝင်ငွေခွန် စည်းမျဉ်း ပုဒ်မ(၁၀)၊ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မ(၁၁)၊ ပုဒ်မခွဲ (ခ)တို့အရ ဝင်ငွေခွန် တွက်ချက်ရာတွင် ကုန်ကျသော စရိတ်နှင့် စည်းမျဉ်းများအရ ပြဋ္ဌာန်းသည့် တန်ဖိုးလျော့ငွေကို နုတ်ပေးရမည်ဟု ပြဋ္ဌာန်းထားရှိကြောင်း၊ ဝင်ငွေခွန် စည်းမျဉ်း ၁၃၊ စည်းမျဉ်းခွဲ(က)နှင့် အမှတ်စဉ် ၆(က)(၁)အရ မော်တော်ယာဉ်များ၏ မူရင်းတန်ဖိုးအပေါ် တန်ဖိုးလျော့နှုန်းကို ၁၂ ဒသမ ၅ ဟု ပြဋ္ဌာန်းထားရှိသည့်အတွက် အဆိုပါရာခိုင်နှုန်းသည် မှန်ကန်မှုရှိကြောင်း၊ ဝင်ငွေခွန်စည်းမျဉ်း ၁၃၊ စည်းမျဉ်းခွဲ ၆(ခ)အရ အငှားယာဉ်၊ ကုန်တင်ကားများနှင့် ခရီးသည်တင်ယာဉ်များ၏ မူရင်းတန်ဖိုးအပေါ် တန်ဖိုးလျော့ရာခိုင်နှုန်း ၂၀ ရာခိုင်နှုန်း သို့မဟုတ် ယင်းကား၏ သက်တမ်းကို ငါးရာခိုင်နှုန်း သတ်မှတ်ကာ ဆက်လက်ပြဋ္ဌာန်းထားရှိကြောင်း၊ ထို့အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မော်တော်ယာဉ်များ၏ တန်ဖိုးလျော့နှုန်းကို ၂၀ ရာခိုင်နှုန်းအဖြစ် ပြောင်းလဲသတ်မှတ်ခဲ့ကြောင်း ပြန်လည်ဖြေကြားသည်။



**ဥပဒေကြမ်း တင်သွင်း**

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ကိုယ်စား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းက ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းနှင့် နောက်ထပ်ဘဏ္ဍာ ငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းကို လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်းနှင့် ဥပဒေကြမ်း တင်သွင်းခြင်းတို့ကိုဆောင်ရွက်သည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ရေချိုငါးလုပ်ငန်း ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ လေ့လာစိစစ်တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို ကော်မတီအဖွဲ့ဝင် ဖြစ်သည့် မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်သန္တာမိုးက လွှတ်တော်သို့ဖတ်ကြားတင်ပြသည်။

**သတင်း-ဇော်ကြီး**
**ဓာတ်ပုံ-ဖေဇော်**

# ဓမ္မာစရိယစာမေးပွဲအောင်စာရင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇွန် ၁၇**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပပြီးစီးခဲ့သော ၁၃၈၀ ပြည့်နှစ် (၂၀၁၉ ခုနှစ်) ဓမ္မာစရိယစာမေးပွဲတွင် သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် လူပုဂ္ဂိုလ်များ ဝင်ရောက်ဖြေဆိုခဲ့ကြရာ ဓမ္မာစရိယဖြေဆိုသူ သုံးကျမ်းအောင် (ကျမ်းပြီး) ၁၀၁၇ ပါး၊ နှစ်ကျမ်းအောင် ၉၀၅ ပါး၊ တစ်ကျမ်းအောင် ၁၁၂၃ ပါး၊ ပါဠိဂုဏ်ထူးအောင် နှစ်ပါး၊ မြန်မာစာ ဂုဏ်ထူးအောင် ခုနစ်ပါး စုစုပေါင်း ၃၀၅၄ ပါး အောင်မြင်တော်မူကြသည်။

စုစုပေါင်းဖြေဆိုသူ ၂၂၈၄၄ ပါး/ဦးအနက် အောင်မြင်သူ ၃၀၅၄ ပါး/ ဦးဖြစ်၍ ၁၃ ဒသမ ၃၇ ရာခိုင်နှုန်း အောင်မြင်ကြသည်။

၁၃၈၀ ပြည့်နှစ် (၂၀၁၉ ခုနှစ်) ဓမ္မာစရိယစာမေးပွဲတွင် အောင်မြင်ကြသော သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် လူပုဂ္ဂိုလ်များအနက် ဓမ္မာစရိယသုံးကျမ်းအောင် ပထမ၊ ဒုတိယ၊ တတိယနှင့် သီလရှင် ပထမရရှိခဲ့ကြသော အထူးအောင်ပုဂ္ဂိုလ်များမှာ ပထမ (အဂ္ဂမဟာကျော်)၊ ခုံအမှတ် (ပဂ/၇၃၁)၊ ဦးကာရုဏိက၊ ၈/ငမန(သ)၀၀၁၀၉၂၊ မစိုးရိမ်တိုက်သစ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ဒုတိယ-ခုံအမှတ်(ကန/၁၀၄၅)၊ ဦးကောဝိဒ၊ ၉/ခအဇ(သ)၀၀၂၈၃၀၊ တပ်တွင်းပရိယတ္တိစာသင်တိုက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ တတိယ-ခုံအမှတ်(ပဂ/၇၄၀)၊ ဦးယသဗလ၊ ၉/ပကခ(သ)၀၀၁၃၇၉၊ မစိုးရိမ်တိုက်သစ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊ သီလရှင် ပထမ - ခုံအမှတ်(ကန/၁၈၂၂)၊ မဒီပစာရီ၊ သမိဒ္ဓေါဒယသုခိတာရာမ၊ ဒေါ်ဥက္ကာစာရီ၊ မြန်အောင်ကျောင်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတို့ဖြစ်ကြသည်။

၁၃၈၀ ပြည့်နှစ်(၂၀၁၉)ခုနှစ်၊ ဓမ္မာစရိယစာမေးပွဲ အောင်စာရင်းများကို နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ်သံဃနာယကအဖွဲ့ရုံးများတွင်လည်းကောင်း၊ နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ် သာသနာရေးမှူးရုံးများတွင်လည်းကောင်း သက်ဆိုင်ရာစာဖြေဌာနများရှိ မြို့နယ်သံဃနာယကအဖွဲ့ရုံးများနှင့် မြို့နယ်သာသနာရေးမှူးရုံးများတွင်လည်းကောင်း ကြည့်ရှုနိုင်ပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ Website www. mahana.org.mm၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန Website www. mora gov.mm နှင့် သာသနာရေးဦးစီးဌာန Website www. dra.gov.mm တို့တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဒေါ်လှမျိုးနွယ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ကိုရီးယားသမ္မတနိုင်ငံသို့ထွက်ခွာ

**နေပြည်တော် ဇွန် ၁၇**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဒေါ်လှမျိုးနွယ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ကိုရီးယားသမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥက္ကဋ္ဌ၏ ဖိတ်ကြားချက်အရ ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့၌ ဇွန် ၁၇ ရက်မှ ၂၀ ရက်အထိ ကျင်းပမည့် အာရှဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးများနှင့် အဆင့်တူတရားရုံးများအဖွဲ့ (AACC)၏ ဒုတိယအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာဆွေးနွေးပွဲသို့တက်ရောက်ရန် ယမန်နေ့ည ၁၁ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့မှ ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့သို့ လေကြောင်းခရီးဖြင့်ထွက်ခွာရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်ကြသည်။



နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် ဒေါ်လှမျိုးနွယ်နှင့်အတူ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာချိုမာဋ္ဌေး လိုက်ပါသွားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

### ❖ မြန်မာ့လက်ရွေးစင်အသင်းမှ

အုပ်စုမဲခွဲရန် ဆီဒင်သတ်မှတ်ချက်များအရ Pot-1 တွင် အီရန်၊ ဂျပန်၊ တောင်ကိုရီးယား၊ သြစတြေးလျ၊ ကာတာ၊ ယူအေအီး၊ ဆော်ဒီအာရေဗျ၊ တရုတ်၊ Pot-2 တွင် အီရတ်၊ ဥဇဘက်ကစ္စတန်၊ ဆီးရီးယား၊ အိုမန်၊ လက်ဘနွန်၊ ကာဂျစ္စတန်၊ ဗီယက်နမ်၊ ဂျော်ဒန်၊ Pot-3 တွင် ပါလက်စတိုင်း၊ အိန္ဒိယ၊ ဘာရိန်း၊ ထိုင်း၊ တာဂျစ်ကစ္စတန်၊ မြောက်ကိုရီးယား၊ တရုတ်(တိုင်ပေ)၊ ဖိလစ်ပိုင်၊ Pot-4 တွင် တာ့ခ်မင်နစ္စတန်၊ မြန်မာ၊ ဟောင်ကောင်၊ ယီမင်၊ အာဖဂန်နစ္စတန်၊ မော်လ်ဒိုက်၊ ကူဝိတ်၊ မလေးရှား၊ Pot-5 တွင် အင်ဒိုနီးရှား၊ စင်ကာပူ၊ နီပေါ၊ ကမ္ဘောဒီးယား၊ ဘင်္ဂလားဒေ့ရှ်၊ မွန်ဂိုလီးယား၊ ဂူအမ်၊ မကာအို (သို့) သီရိလင်္ကာအသင်းတို့ ပါဝင်နေသည်။

ဒုတိယအဆင့်ခြေစစ်ပွဲတွင် အုပ်စုပထမနေရာရ ရှစ်သင်းနှင့် အကောင်းဆုံးအုပ်စုဒုတိယနေရာရ လေးသင်းမှာ ၂၀၂၃ အာရှဖလားပြိုင်ပွဲ ခြေစစ်ပွဲအောင်မြင်ပြီး ၂၀၂၂ ကမ္ဘာ့ဖလား တတိယအဆင့်ခြေစစ်ပွဲသို့ တက်ရောက်ခွင့်ရမည်ဖြစ်သည်။ ဒုတိယနေရာရလေးသင်း၊ တတိယနေရာရ ရှစ်သင်းနှင့် အကောင်းဆုံးစတုတ္ထနေရာရ လေးသင်းမှာ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲသို့ တက်ရောက်ခွင့်ရမည်ဖြစ်ပြီး ကျန်စတုတ္ထနေရာရလေးသင်းနှင့် အောက်ဆုံးအသင်းများမှာ Play-off ပြန်လည်ကစားရမည်ဖြစ်သည်။

မြန်မာအသင်းကို နည်းပြချုပ်အဖြစ် မွန်တီနီဂရိုးနိုင်ငံသား ရာဒူလိုဗစ်က ကိုင်တွယ်မည်ဖြစ်ပြီး ရာဒူလိုဗစ်သည် ဧပြီလကမှ မြန်မာအသင်းကို ကိုင်တွယ်ခဲ့ခြင်းဖြစ်သည်။ ရာဒူလိုဗစ်သည် မြန်မာအသင်းနည်းပြဘဝ ပထမဆုံးပွဲအဖြစ် ဇွန် ၁၁ ရက်တွင် စင်ကာပူလက်ရွေးစင်အသင်းနှင့် ခြေစမ်းခဲ့ရာ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် ၂၀၁၉ အာရှဖလားပြိုင်ပွဲတွင် တတိယအဆင့်ခြေစစ်ပွဲသို့ တက်ရောက်ခွင့်ရခဲ့သော်လည်း ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းမရှိပေ။ **သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

# Air KBZ က ဝယ်ယူထားသည့် လေယာဉ်သစ်တစ်စင်း ရောက်ရှိ

**ရန်ကုန် ဇွန် ၁၇**

Air KBZ Ltd က ဝယ်ယူထားသည့် ကိုးစင်းမြောက် ATR-72-600 (2019 Model) လေယာဉ်သစ်တစ်စင်းသည် ယနေ့ညနေပိုင်းက လေယာဉ်ထုတ်လုပ်ရာ ပြင်သစ်နိုင်ငံမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာသည်။

Air KBZ လေကြောင်းလိုင်းသည် ပြည်တွင်းခရီးစဉ်များစွာကို ပျံသန်းလျက်ရှိသလို မကြာမီ ပြည်ပခရီးစဉ်များ ပျံသန်းပြေးဆွဲရန် စီစဉ်လျက်ရှိသည်။ Air KBZ လေကြောင်းလိုင်းသည် ယခုရောက်ရှိလာသည့် ATR-72-600 လေယာဉ်သစ် တစ်စင်းအပါအဝင် ATR-72-600 ရှစ်စင်း၊ ATR-72-500 တစ်စင်း စုစုပေါင်း လေယာဉ် ကိုးစင်းရှိသွားပြီဖြစ်ကာ ခရီးစဉ်များ တိုးချဲ့ပျံသန်းပြေးဆွဲသွားမည်ဖြစ်သည်။ ထပ်မံဝယ်ယူထားသည့် ATR-72-600 လေယာဉ်သစ်တစ်စင်းမှာ ဇွန် ၂၂ ရက်တွင် ထပ်မံ ရောက်ရှိလာမည်ဖြစ်သည်။ Air KBZ လေကြောင်းလိုင်းကို ၂၀၁၀ ပြည့်နှစ် ဇူလိုင် ၁ ရက်တွင် စတင်တည်ထောင်ခဲ့ပြီး ပြည်တွင်းလေကြောင်းခရီးစဉ်များကို ၂၀၁၁ ခုနှစ် ဧပြီ ၂ ရက်မှစ၍ ပျံသန်းပြေးဆွဲလျက်ရှိသည်။

မကြာမီကာလတွင် အိမ်နီးချင်းနိုင်ငံများဖြစ်သော အိန္ဒိယနိုင်ငံ အင်ဖာမြို့နှင့် ထိုင်းနိုင်ငံ ချင်းမိုင်မြို့၊ ဆူရတ်သန်နီ စသည့်မြို့များသို့ တိုက်ရိုက်ပျံသန်းပြေးဆွဲရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ **သတင်း-ဖိုးသော်ဇင်၊ ဓာတ်ပုံ-စိုးညွန့်**




# ဆင်ထိုးသတ်ခံရ၍ သေဆုံးသူမိသားစုအတွက် လူမှုဖူလုံရေးအဖွဲ့က အကျိုးခံစားခွင့် ငွေကျပ် ၅၄ သိန်း ပေးအပ်

**တောင်ကြီး ဇွန် ၁၇**

လုပ်ငန်းခွင်ထိခိုက်မှုကြောင့် သေဆုံးသွားသူ မြန်မာ့သစ်လုပ်ငန်း တောင်ကြီးသစ်ထုတ်လုပ်ရေးဒေသမှ အာမခံအလုပ်သမားတစ်ဦးအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့် ငွေလုံးငွေရင်း ပေးအပ်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက တောင်ကြီးမြို့ ပြည်နယ်လူမှုဖူလုံရေးရုံး၌ ကျင်းပသည်။

သေဆုံးသူ အာမခံအလုပ်သမား ဦးဇော်မင်းထွေးမှာ ဧပြီ ၈ ရက်က ပင်လောင်းမြို့နယ် ထိန်ပင်အုပ်စု ရွာဆိုးကျေးရွာအနီး ဆင်စခန်းတွင် သစ်ပင်ပျိုးအိတ်များ ချနေစဉ် ဆင်စားကျက်မှ ဆင်တစ်ကောင်က ထိုးသတ်ခဲ့သဖြင့် သေဆုံးခဲ့ရခြင်းဖြစ်သည်။ လူမှုဖူလုံရေးဥပဒေအရ ဦးဇော်မင်းထွေးသည် လုပ်ငန်းခွင်တွင် အလုပ်တာဝန်ထမ်းဆောင်စဉ် ကွယ်လွန်သွားခဲ့ခြင်းဖြစ်သည့်အတွက် လူမှုဖူလုံရေးအဖွဲ့က ကျန်ရစ်သူ အကျိုးခံစားခွင့် ငွေကျပ် ၅၄ သိန်းကို မိသားစုထံ ပေးအပ်ခဲ့သည်။



အခမ်းအနားတွင် ပြည်နယ်လူမှုဖူလုံရေးရုံးမှ ပြည်နယ်တာဝန်ခံအရာရှိ ဒေါ်တင်တင်အောင်က လူမှုဖူလုံရေးဥပဒေကို ရှင်းလင်းတင်ပြပြီး တောင်ကြီးသစ်ထုတ်လုပ်ရေးဒေသ လက်ထောက်မန်နေဂျာ ဦးဝေလှိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ **သီတာဦး**

# ထုံးကြီးစံပြကျေးရွာ အထက်တန်းကျောင်းသို့ ကိုရီးယားအထည်ချုပ်စက်ရုံမှ သင်ထောက်ကူပစ္စည်း လှူဒါန်း

**ပဲခူး ဇွန် ၁၇**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ထုံးကြီးစံပြကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်းသို့ ပဲခူးမြို့နယ် အင်းတကော်စက်မှုဇုန်တွင် တည်ရှိသည့် MYANMAR WISE-PACIFIC APPAREL BAGO. ကိုရီးယားအထည်ချုပ်စက်ရုံမှ ကိုရီးယားလူမျိုး စက်ရုံမန်နေဂျင်း ဒါရိုက်တာနှင့်အဖွဲ့သည် ဇွန် ၁၄ ရက်က HAPPY TOGETHER PAN-PACIFIC MWB SCHHOOL DONATION အစီအစဉ်အရ ကျောင်းသား ကျောင်းသူများ သင်ခန်းစာများ သင်ယူရာတွင် စာကြည့်တိုက်များမှ ကောင်းမွန်သော အထောက်အပံ့ကောင်းများ ရရှိစေရန်နှင့် စာကြည့်တိုက်များကို စနစ်တကျအသုံးချပြီး အထောက်အကူကောင်းများရရှိစေရန် ရည်ရွယ်၍ ကျောင်းတွင်းစာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ပြီး ကျောင်းအတွက် အသုံးဝင်မည့် သင်ထောက်ကူပစ္စည်းများဖြစ်သော 49" LED TV တစ်လုံး၊ သုတရသစာအုပ် လေးပါကင်၊ စာအုပ်ထည့်ရန် ဗီရိုကြီးတစ်လုံး မြန်မာငွေကျပ် ၂၅ သိန်းဖိုးခန့်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းလှထံ လွှဲပြောင်းပေးအပ်ခဲ့သည်။




**ဆရာဗိုလ်(ထုံးကြီး)**

# သမ္မတ ရှီကျင့်ဖျင် မြောက်ကိုရီးယားသို့ သွားရောက်မည်

**ပေကျင်း ဇွန် ၁၇**
တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ ရှီကျင့်ဖျင်သည် ယခုရက်သတ္တပတ်အတွင်း မြောက်ကိုရီးယားနိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း၊ မြောက်ကိုရီးယားနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုအကြား တင်းမာမှုများဖြစ်ပေါ်နေစဉ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ၏ မြောက်ကိုရီးယားခရီးစဉ် ထွက်ပေါ်လာခြင်းဖြစ်ကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

တရုတ်နိုင်ငံ သမ္မတ ရှီကျင့်ဖျင်သည် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်၏ ဖိတ်ကြားချက်အရ ဇွန် ၂၀ ရက်မှ ၂၁ ရက်အတွင်း မြောက်ကိုရီးယားနိုင်ငံသို့ သွားရောက်မည်ဟု တရုတ်အစိုးရ ရုပ်မြင်သံကြားသတင်းဌာန စီစီတီဗွီတွင် သတင်းဖော်ပြသည်။

ဂျပန်နိုင်ငံတွင် ကျင်းပမည့် ဂျီ-၂၀ နိုင်ငံများမှ ထိပ်သီးခေါင်းဆောင်များ အစည်းအဝေး မကျင်းပမီ ရက်သတ္တပတ်အလိုတွင် တရုတ်သမ္မတ၏ မြောက်ကိုရီးယားခရီးစဉ်ထွက်ပေါ်လာခြင်းဖြစ်သည်။

ဂျီ-၂၀ နိုင်ငံများ၏ ထိပ်သီးအစည်းအဝေးတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ ရှီကျင့်ဖျင်တို့အကြား ကုန်သွယ်ရေးစစ်ပွဲဖြေရှင်းရေးအတွက် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်မည်ဟု မျှော်လင့်ရသည်။ **အေအက်ဖ်ပီ**



# စာနယ်ဇင်းလွတ်လပ်ခွင့်အတွက် မော်စကိုတွင် လူထုဆန္ဒပြ

**မော်စကို ဇွန် ၁၇**
ရုရှားနိုင်ငံ မြို့တော်မော်စကိုတွင် ဇွန် ၁၆ ရက်က စာနယ်ဇင်းလွတ်လပ်ခွင့်တောင်းဆိုသည့် ဆန္ဒပြပွဲတစ်ခု ပြုလုပ်ခဲ့ရာ ယင်းဆန္ဒပြပွဲ၌ လူပေါင်း ၁၆၀၀ ခန့် ပါဝင်ခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်း၌ ဖော်ပြသည်။

ရုရှားရဲတပ်ဖွဲ့က သတင်းထောက်တစ်ဦးအား ဖမ်းဆီးထိန်းသိမ်းထားခဲ့သည့် မူးယစ်ဆေးဝါးကိစ္စနှင့် ဆက်နွှယ်သော စွဲချက်တစ်ခုအား ရုပ်သိမ်းခဲ့ပြီး ရက်သတ္တပတ်မပြည့်မီတွင် ယင်းသို့ စာနယ်ဇင်းလွတ်လပ်ခွင့်အတွက် ပြည်သူများ၏ဆန္ဒပြပွဲဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

ယင်းစာနယ်ဇင်းလွတ်လပ်ခွင့်ဆန္ဒပြပွဲသည် မူးယစ်ဆေးဝါးစွပ်စွဲချက်ဖြင့် သတင်းထောက် အီဗန်လူဂိုနော့ဗ်အား ယခုလအစောပိုင်းက ဖမ်းဆီးခဲ့ပြီးနောက် ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ယင်းစွပ်စွဲဖမ်းဆီးမှု၏နောက်ကွယ်တွင် နိုင်ငံရေးအရ ပါဝင်နေသည်ဆိုပြီး ယင်းဆန္ဒပြပွဲများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

သတင်းထောက် လိုဂိုနော့ဗ်သည် အင်တာနက်သတင်းဝက်ဘ်ဆိုက်တစ်ခုအတွက် လုပ်ကိုင်နေသူဖြစ်ပြီး မြို့တော်မော်စကိုအုပ်ချုပ်ရေးအဖွဲ့နှင့် ပုဂ္ဂလိက လုပ်ငန်းနယ်ပယ်များအကြား အကျင့်ပျက်ခြစားမှုများ၊ အဂတိလိုက်စားမှုများကို ဖော်ထုတ်ရေးသားနေသူဖြစ်သည်။

ယင်းဆန္ဒပြပွဲကို စီစဉ်ခဲ့သည့် တာဝန်ရှိသူတစ်ဦးက ယမန်နှစ်ကစပြီး သတင်းသမားအချို့ဖမ်းဆီးခံနေရသည်ဟု ပြောကြားခဲ့သည်။

ဆိုဗီယက်ယူနီယံပြိုကွဲခဲ့ပြီးကတည်းကစ၍ သတင်းသမား ၃၀၀ ကျော် သတ်ဖြတ်ခံရခြင်းကို မပြုလုပ်သင့်ဟု ၎င်းက ပြောကြားသည်။

သတင်းထောက် လိုဂိုနော့ဗ်အား ဇွန် ၁၁ ရက်တွင် ပြန်လွှတ်ပေးခဲ့ပြီးနောက် အဆင့်မြင့် ရဲအရာရှိ နှစ်ဦးကို သမ္မတပူတင်က ရာထူးမှ ထုတ်ပယ်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**




# သူပုန်များက စိန်ပြောင်းများဖြင့် ပစ်ခတ်မှုကြောင့် အလက်ပိုပြည်နယ်တွင် အရပ်သား ၁၀ ဦးထက်မနည်း သေဆုံး

**ဒမတ်စကတ် ဇွန် ၁၇**
ဆီးရီးယား သူပုန်အဖွဲ့များက စိန်ပြောင်းများဖြင့် ပစ်ခတ်တိုက်ခိုက်မှု အသစ်များပြုလုပ်ခဲ့ခြင်းကြောင့် အလက်ပိုပြည်နယ်အတွင်း၌ အရပ်သား ၁၀ ဦးထက်မနည်း သေဆုံးခဲ့ရကြောင်း ဆီးရီးယားအစိုးရသတင်းဌာန ဆာနားတွင် ဖော်ပြသည်။ ယင်းပစ်ခတ်တိုက်ခိုက်မှုကို ဇွန် ၁၆ ရက်တွင် ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

အလက်ပိုပြည်နယ် တောင်ပိုင်းကျေးလက်ဒေသရှိ ဝူဒေဟီမြို့အား ပစ်မှတ်ထား၍ ဆီးရီးယားသူပုန်တပ်ဖွဲ့များက စိန်ပြောင်းများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ဆီးရီးယားအစိုးရဆာနာသတင်းဌာနက သတင်းဖော်ပြသည်။

ဆီးရီးယားအစိုးရတပ်ဖွဲ့များက ၂၀၁၆ ခုနှစ်အတွင်းက အလက်ပိုပြည်နယ်အား ပြန်လည်သိမ်းယူခဲ့ပြီးနောက် ပြည်နယ်၏မြို့တော်တွင် သူပုန်များ၏ အမြောက်များဖြင့် ပစ်ခတ်တိုက်ခိုက်မှု ဘေးအန္တရာယ်မှ အကြီးအကျယ် လုံခြုံမှုရရှိစေလိမ့်မည်ဟု ယုံကြည်ခဲ့ရသည်။

အလက်ပိုပြည်နယ်၏ အနောက်ပိုင်းနှင့် မြောက်ပိုင်းဒေသများရှိ ကျေးလက်ဒေသများ၌ ဆီးရီးယားအစွန်းရောက် သူပုန်အုပ်စုများ ခိုအောင်းနေထိုင်လျက်ရှိသည်။

ယင်းအစွန်းရောက်သူပုန်အုပ်စုများမှ အချို့သောအဖွဲ့များသည် အလက်ပိုမြို့တော်ရှိ အစိုးရအဆောက်အအုံများ တည်ရှိရာနေရာနှင့် နယ်စွန်နယ်ဖျား ဒေသများသို့ အမြောက်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိသည်။ **ဆင်ဟွာ**

# အီရတ်မြောက်ပိုင်း လေကြောင်းတိုက်ခိုက်မှုကြောင့် အိုင်အက်စ်စစ်သွေးကြွ ၁၆ ဦး သေဆုံး

**ဘဂ္ဂဒက် ဇွန် ၁၇**
အီရတ်နိုင်ငံမြောက်ပိုင်း နိုင်းဗက်ပြည်နယ်တွင် အမေရိကန်ဦးဆောင်သော ညွန့်ပေါင်းအဖွဲ့က ဇွန် ၁၇ ရက်တွင် လေကြောင်းမှ တိုက်ခိုက်ခဲ့မှုကြောင့် အိုင်အက်စ်စစ်သွေးကြွ ၁၆ ဦးသေဆုံးခဲ့ကြောင်း အီရတ်စစ်ဘက်က ပြောကြားသည်ကို ယနေ့ဆင်ဟွာသတင်းတစ်ရပ်က ဖော်ပြထားသည်။

နိုင်းဗက်စစ်ဆင်ရေးဌာနချုပ်မှလာသော စုံစမ်းထောက်လှမ်းရေးဆိုင်ရာအစီရင်ခံစာများအရ အမေရိကန်ဦးဆောင်သော ညွန့်ပေါင်းအဖွဲ့က ပြည်နယ် မြို့တော် မိုဆူးလ်တောင်ပိုင်း ဝက်ဒီအယ်လ်-ဂစ်ဆက်ဘ်ဒေသရှိ အိုင်အက်စ်ဥမင်တစ်ခုအား လေကြောင်းတိုက်ခိုက်မှု တစ်ရပ်ပြုလုပ်ခဲ့ကြောင်း ပူးတွဲစစ်ဆင်ရေးဌာနချုပ်၏ မီဒီယာရုံးမှ ထုတ်ပြန်သော အစီရင်ခံစာက ဖော်ပြထားသည်။

အဆိုပါလေကြောင်းတိုက်ခိုက်မှုကြောင့် အိုင်အက်စ်စစ်သွေးကြွ ၁၆ ဦး သေဆုံးခဲ့ကြောင်းလည်း ယင်းဌာနချုပ်မှ ထုတ်ပြန်သော အစီရင်ခံစာအရ သိရသည်။ ၂၀၁၇ ခုနှစ် နောက်ပိုင်းကာလအတွင်း အီရတ်လုံခြုံရေးတပ်ဖွဲ့များက နိုင်ငံတစ်ဝန်းရှိ အကြမ်းဖက် အိုင်အက်စ်စစ်သွေးကြွများအား အမြစ်ပြတ်ချေမှုန်းခဲ့ပြီးနောက် အီရတ်နိုင်ငံ၏ လုံခြုံရေးအခြေအနေသည်လည်း သိသိသာသာ တိုးတက်လာခဲ့သည်။

သို့ရာတွင် လက်ကျန်အိုင်အက်စ်စစ်သွေးကြွများသည် လုံခြုံရေးအတွက် ကွန်းခိုမှုများရှိလာခဲ့ကာ သဲကန္တာရဒေသများနှင့် ခရီးကြမ်းသည့်ဒေသများသို့ ရောက်ရှိလာခြင်း သို့မဟုတ် မြို့ပြဒေသများသို့ ရောက်ရှိလာခြင်းတို့ရှိခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အရပ်သားများအား မကြာခဏ ဆိုသလို ပြောက်ကျားတိုက်ခိုက်မှုများ ပြုလုပ်လာခဲ့ ကြောင်း သိရသည်။ **ဆင်ဟွာ**

# အီရန်နိုင်ငံက ယူရေနီယံသန့်စင်မှုဆိုင်ရာကန့်သတ်ချက်ကို ချိုးဖောက်ဖွယ်ရှိဟု သတိပေးပြောကြား



**တီဟီရန် ဇွန် ၁၇**
အီရန်နိုင်ငံနှင့် ကမ္ဘာ့အင်အားကြီးနိုင်ငံများအကြား ချုပ်ဆိုထားသည့် ၂၀၁၅ ခုနှစ် နျူကလီးယားစာချုပ်မှ အမေရိကန် နုတ်ထွက်မှုကို လတ်ဆတ်သည့် တုံ့ပြန်မှုအနေဖြင့် အီရန်နိုင်ငံက ယူရေနီယံသန့်စင်မှုအဆင့်ကို သိသိသာသာတိုးမြှင့်လုပ်ဆောင် သွားဖွယ်ရှိကြောင်း သတိပေးပြောကြားခဲ့သည်။

အီရန်နိုင်ငံအနေဖြင့် ယူရေနီယံသန့်စင်မှုအဆင့်ကို ဇူလိုင်လ သို့မဟုတ် ယင်းနောက်ပိုင်းလများတွင် ၂၀ ရာခိုင်နှုန်းအထိ တိုးမြှင့်သွားမည်ဖြစ်ကြောင်း အီရန်အဏုမြူစွမ်းအင်အဖွဲ့အစည်းက ဇွန် ၁၇ ရက်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောကြားခဲ့သည်။

ဟော်မုဇ်ရေလက်ကြားအနီးတွင် ဖြစ်ပွားခဲ့သည့် လောင်စာဆီတင်သင်္ဘောများ တိုက်ခိုက်ခံရမှု၌ အီရန်နိုင်ငံမှာ တာဝန်ရှိကြောင်း အမေရိကန်နိုင်ငံက ပြောကြားခဲ့ပြီးနောက် အီရန်နိုင်ငံ၏ ယူရေနီယံသန့်စင်မှုဆိုင်ရာ သတိပေးပြောကြားချက် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ အီရန်နိုင်ငံကမူ အဆိုပါလောင်စာဆီသင်္ဘောများ တိုက်ခိုက်မှုနှင့်စပ်လျဉ်းသည့် စွပ်စွဲချက်ကို ငြင်းဆိုထားကြောင်း သိရသည်။

၂၀၁၅ ခုနှစ် နျူကလီးယားစာချုပ်နှင့် သက်ဆိုင်သည့် အခြားသော အဖွဲ့အစည်းများအနေဖြင့် အီရန်နိုင်ငံ၏ အကျိုးစီးပွားကို အကာအကွယ်ပေးမည် ဆိုပါက စာချုပ်ပါ ကန့်သတ်ချက်များကို အီရန်နိုင်ငံက အလေးထားလိမ့်မည်ဖြစ်ကြောင်းနှင့် အီရန်နိုင်ငံအနေဖြင့် ယင်းကိစ္စနှင့်စပ်လျဉ်း၍ သံတမန်ရေးနည်းလမ်းအရ ဖြေရှင်းရန် တောင်းဆိုလိမ့်မည် ဖြစ်ကြောင်းလည်း အီရန်အဏုမြူစွမ်းအင်အဖွဲ့အစည်းက ထပ်လောင်းပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ



တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု ရေပူစမ်းကျေးရွာအနီးရှိ လျှိုအတွင်းမှ ဇွန် ၁၆ ရက်က သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

**နေပြည်တော် ဇွန် ၁၇**

မူးယစ်တပ်ဖွဲ့စု(၄၂)ရန်ကုန်(အနောက်)မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၆ ရက် ည ၈ နာရီ ၁၀ မိနစ်တွင် ရန်ကင်းမြို့နယ် အမှတ်(၅)ရပ်ကွက် ရန်အေးလမ်းတွင်တွေ့ရှိသူ သောင်းထိုက်ဝင်း (ခ)နောင်နောင်အားစစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၃၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ ကွင်းဆက်အရ စမ်းချောင်းမြို့နယ် ဝေဠုဝန်(တောင်)ရပ်ကွက် ဝေဠုဝန်လမ်း အမှတ်(၇၀)ရှိ မထားနဒီမြတ်(ခ)မေ်ာနင်း၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၈၀ ကိုလည်းကောင်း။

အလားတူ ဇွန် ၁၅ ရက် နံနက် ၁၁ နာရီခွဲတွင် တပ်မတော်မှ တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု ရေပူစမ်းကျေးရွာအနီးရှိ လျှိုအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၆ ဒသမ ၉ သိန်း၊ ကဖင်း ၁၀၅၀ ကီလို၊ ဘိန်းဖြူ ၁ ဒသမ ၄ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြားအကြေမှုန့် ၁၉၆ ဒသမ ၃ ကီလိုနှင့် မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့်ဆက်စပ်ပစ္စည်းများကို လည်းကောင်း၊ ဇွန် ၁၆ ရက် နံနက် ၉ နာရီတွင် အဆိုပါလျှိုအတွင်းမှ စိတ်ကြွရူးသွပ်ဆေး ၄၀၈၃ ပြား၊ စိတ်ကြွရူးသွပ်ဆေးပြား အကြေမှုန့် ၁၀၀ ဂရမ်၊ ပလတ်စတစ်ကပ်ခွာအိတ်ငယ်များ ထည့်ထားသည့် ဆာလာအိတ် ၁၈ အိတ်တို့ကို လည်းကောင်း။

ထို့အတူ ဇွန် ၁၄ ရက် နံနက် ၇ နာရီ ၄၅ မိနစ်တွင် တပ်မတော်မှ မိုင်းဆတ်မြို့နယ် မယ်ကြုတ်ကျေးရွာရှိ ဒေါ်မီရှံ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြားအကြေမှုန့် ၃ ဒသမ ၃၆ ကီလို ကိုလည်းကောင်း၊ အလားတူ နံနက် ၁၀ နာရီခွဲတွင် တစ်ရွာတည်းနေ ကျကာ၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၂၀၀၊ ဘိန်းဖြူ ၁၉၁ ဂရမ်၊ ကဖင်း ၁၈ ကီလို၊ ဝမ်ချက်စတာသေနတ်တစ်လက်နှင့် လေသေနတ်တစ်လက်တို့ကို လည်းကောင်း၊ ဆက်လက်၍ မိုင်းဆတ်မြို့နယ် ပူနားကို-ဖတ္တမိန်းသွားကားလမ်းရှိ သချိုင်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၀ ကိုလည်းကောင်း၊ မိုင်းတွမ်းတောင်ပေါ်ကျေးရွာအုပ်စု ပူနားကိုကျေးရွာအထွက်ရှိ အမှိုက်ပုံအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၀၊ ကတ်တမင်းငါးကီလို၊ ၉ မမ ပစ္စတိုတစ်လက်နှင့် ၎င်းကျည်အိမ်တစ်ခုတို့ကိုလည်းကောင်း၊ မိုင်းတွမ်းတောင်ပေါ်ကျေးရွာအုပ်စုအားဆော်ပေါ်မိုးကျေးရွာမြောက်ဘက် မြေကြီးအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၆၀၀၀ ကိုလည်းကောင်း၊ အလားတူ ညနေ ၄ နာရီ မိနစ် ၅၀ တွင် မယ်ကြုတ်ကျေးရွာရှိ မောရှည်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် ဂက်စ်အိုး အလုံး ၂၀၊ ဆေးပြားမွှေစက်တစ်လုံး၊ အအေးပေးစက် နှစ်လုံး၊ မီးစက်အသေးနှစ်လုံးနှင့် ညှစ်စက်တစ်လုံးတို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပဲခူးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့အတွင်း တရားမဝင်သစ်များ သိမ်းဆည်းရမိ



**နေပြည်တော် ဇွန် ၁၇**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်မြို့ ကျွန်းကုန်း Toll Plaza အနီး ၁၂ ဘီးယာဉ်ပေါ်မှ တရားမဝင် ကျွန်း/အခြားတံခါးချပ်များနှင့် ပရိဘောဂပစ္စည်းမျိုးစုံ ၂၇၃ မျိုး (၂ ဒသမ ၉၈၂၈ တန်)ကို ပြစ်မှုကျူးလွန်သူနှစ်ဦးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့အား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး သက်ဆိုင်ရာရဲစခန်းတွင် အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ပဲခူးခရိုင် ကျောက်တံခါးမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်(၁၀၄/၅)အနီး Nissan ယာဉ်ပေါ်မှ တရားမဝင် ပျဉ်းကတိုးခွဲသား အချောင်း ၆၀ (၃ ဒသမ ၃၀၂၄ တန်)ကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ် ရွှေကျင်ကြိုးပိုင်းအတွင်း တရားမဝင် ကညင် ၂၈ လုံး (၆ ဒသမ ၃၄၈၈ တန်)ကို လည်းကောင်း၊ မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ် အင်းတပေါင်းကျေးရွာ၏အရှေ့ဘက် ချင်းတွင်းမြစ်ဘေးမှ တရားမဝင် အင်ခွဲသားဆိုဒ်စုံ ၂၂၅ ချောင်း (၉ ဒသမ ၀၇၂၈ တန်)တို့ကို လည်းကောင်း ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ပြီး ဆက်စပ်သောကျူးလွန်သူကို စုံစမ်းရှာဖွေဖော်ထုတ်၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အိပ်ရာထဲ ဆေးလိပ်သောက်ရာမှ မီးလောင်မှုဖြစ်ပွား၊ တစ်ဦးသေဆုံး

**ဝက်လက် ဇွန် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့ အမှတ်(၃) ရပ်ကွက် ရွှေအိုးတွင်းရပ်တွင် ဇွန် ၁၇ ရက် နံနက် ၆ နာရီခွဲက အိပ်ရာထဲဆေးလိပ်သောက်ရာမှ မီးလောင်မှုဖြစ်ပွား၍ တစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဦးဖိုးဆန်းသည် အိပ်ရာထဲတွင် ဆေးလိပ်သောက်ရာမှ ထန်းရွက်မိုး၊ ထန်းရွက်ကာ မြေစိုက်တဲအိမ်၏အမိုးသို့ မီးကူးစက်လောင်ကျွမ်းခဲ့ပြီး ဦးဖိုးဆန်းမှာ မီးလောင်သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်စပ်လျဉ်း၍ ဝက်လက်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း ဝက်လက်မြို့မရဲစခန်းမှ သိရသည်။

**မိုးသောက် (ရွှေဘို)**

# တရားမဝင်ကုန်စည်များတားဆီးထိန်းချုပ်ရေး ဆောင်ရွက်

**နေပြည်တော် ဇွန် ၁၇**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၉ ခုနှစ် ဇွန် ၁၆ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၄၁၂ စီး၊ သွင်းကုန် ၂၄၆ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ငါးစီး၊ သွင်းကုန် ၁၄၉ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ၂၀၁၉ ခုနှစ် ဇွန် ၁၆ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၃၂ သန်း တန်ဖိုးရှိ သကြား (10 Pkgs)ကို ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ယောမင်းကြီးရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ဇွန် ၁၀ ရက် မွန်းလွဲပိုင်းတွင် ဒဂုံမြို့နယ် မြို့မရဲစခန်းမှ ယာယီရဲမှူး မိုးကျော်ကျော် မှုခင်းများလျှော့နည်းပပျောက်ရေး ရပ်ကွက်နေပြည်သူများအား အသိပညာပေးဟောပြောစဉ်။ ကိုရဲ

# ဝိုင်းမော်၌ တည်းခိုခန်းအတွင်း အမျိုးသားတစ်ဦး သေဆုံးမှုဖြစ်

**ဝိုင်းမော် ဇွန် ၁၇**

ကချင်ပြည်နယ် ဝိုင်းမော်မြို့၌ ဇွန် ၁၆ ရက် နံနက်က တည်းခိုခန်းတည်းခိုသူ အမျိုးသားတစ်ဦး အခန်းတွင်း သေဆုံးခဲ့ကြောင်း ဝိုင်းမော်မြို့နယ် ရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၁၆ ရက် နံနက် ၈ နာရီခွဲက ဝိုင်းမော်မြို့နယ် ပြည်သူ့ဆေးရုံတွင် အမျိုးသားတစ်ဦး ရုပ်အလောင်း ရောက်ရှိနေကြောင်း သတင်းအရ ဝိုင်းမော်မြို့မရဲတပ်ဖွဲ့စခန်းမှ ဒုတိယရဲအုပ်အောင်မြင့်ဦးနှင့် တပ်ဖွဲ့ဝင်များက သွားရောက်ကြည့်ရှုစစ်ဆေးရာ သေဆုံးသူမှာ မိုးမောက်မြို့ ကြေးနန်းရပ်ကွက်နေ နေလင်းထွန်းဖြစ်ပြီး ဇွန် ၁၆ ရက်နံနက် ၇ နာရီခွဲက တည်းခိုခန်းအတွင်း ခုတင်ချင်းကပ်လျက် အိပ်သူက နေလင်းထွန်းအား လှုပ်နှိုးရာ အသားများအေးစက်ပြီး သေဆုံးနေကြောင်းနှင့် အခန်းတွင်း၌ အဲကွန်းနှင့်ပန်ကာမှာ ဖွင့်လျက်ရှိကြောင်း သိရသည်။ **ဝင်းနိုင်(ကချင်မြေ)**

# လမ်းလျှောက်လာသူအား စစ်ဆေးရာမှ ဆိုင်ကယ်သော့တုများနှင့်အတူ ဖမ်းမိ

**ပေါင် ဇွန် ၁၇**

သထုံခရိုင် ပေါင်မြို့တွင် ဇွန် ၁၇ ရက်က လှည့်ကင်းဆောင်ရွက်နေစဉ် Cutter တစ်လက်ပါ ဆိုင်ကယ်သော့များနှင့်အတူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူခဲ့ကြောင်း ပေါင်မြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ပေါင်မြို့မရဲစခန်းမှူး ဒုရဲမှူးထွန်းဇော်ဦး၏ အနီးကပ်ကြီးကြပ်မှုဖြင့် နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်စောတာဖနှင့် တပ်ဖွဲ့ဝင်များသည် ဇွန် ၁၇ နံနက် ၅ နာရီခန့်က ပေါင်မြို့ ကဒုံစီးရပ်ကွက် သထုံ-မော်လမြိုင် အဝေးပြေးကားလမ်းမကြီးနှင့် သမိန်ဗရမ်းလမ်းထောင့်တွင် ကျော်လွင်(ခ)ငွေလှိုင် ဒေါင်းဇရပ် မော်လမြိုင်မြို့နေသူကို တွေ့ရှိ၍ စစ်ဆေးမေးမြန်းရာ ကျော်လွင်မှာ ခိုးယူရာတွင် အသုံးပြုသော ၂၄ လက်မရှိ ကတ်တာတစ်လက်ကို ကိုင်ဆောင်ထားကြောင်း၊ ၎င်းဝတ်ဆင်ထားသော ပုဆိုးခါးပုံစတွင် ဆိုင်ကယ်သော့ ၁၂ ချောင်း၊ သော့အတု ငါးချောင်း၊ ဆင်းကတ်နှစ်ကတ်ပါ Vivo အမှတ်တံဆိပ်လက်ကိုင်ဖုန်းတစ်လုံးနှင့် ငွေကျပ် ၄၀၄၀၀ တို့ကို တွေ့ရှိသဖြင့် ကျော်လွင်(ခ) ငွေလှိုင်အား ပေါင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဇင်မျိုးသူ**

# ရန်ကုန်-မော်လမြိုင်ကားလမ်းတွင် ဆိုင်ကယ်တိမ်းမှောက်၊ မောင်းသူသေဆုံး

**ပေါင် ဇွန် ၁၇**

သထုံခရိုင် ပေါင်မြို့နယ် အင်းဖြောင်ကျေးရွာ ကွာလီအကွေ့ ရန်ကုန်-မော်လမြိုင်ကားလမ်းပေါ်တွင် ဇွန် ၁၆ ရက် ည ၈ နာရီခန့်က အမျိုးသားတစ်ဦး မောင်းနှင်လာသော ဆိုင်ကယ်မှာ အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်သွားရာ ဆိုင်ကယ်မောင်းသူ သေဆုံးခဲ့ကြောင်း ပေါင်မြို့မရဲစခန်းမှ သိရသည်။

သထုံခရိုင် ပေါင်မြို့နယ် အင်းဖြောင်ကျေးရွာ ကွာလီကွေ့ ရန်ကုန်-မော်လမြိုင်ကားလမ်းတွင် ပေါင်မြို့မှ သထုံမြို့သို့ အမျိုးသားတစ်ဦး မောင်းနှင်လာသော Honda Wave ဆိုင်ကယ်မှာ လမ်းကွေ့တွင် အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်ခြမ်းသို့ လဲကျတိမ်းမှောက်ခဲ့ပြီး ဆိုင်ကယ်မောင်းသူမှာ ဒဏ်ရာများရရှိကာ ရင်းငြိမ်တိုက်နယ်ဆေးရုံမှတစ်ဆင့် သထုံခရိုင် ပြည်သူ့ဆေးရုံသို့ လွှဲပြောင်းကုသခဲ့ရာ ရရှိဒဏ်ရာဖြင့် သေဆုံးသွားခဲ့ပြီး ပေါင်မြို့မရဲစခန်းက ဥပဒေအရစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုဟိန်း(ပေါင်)**

# ငြိမ်းချမ်းရေးတရားတော်နှင့် အခါသမယ နယုန်လ

■ ဝိသဇ္ဇက (ပဲခူး)

"နွေနှောင်းလမို့ ကမ္ဘာ့ကျက်သရေ၊ ရဂုံနက်ကျယ်၊ တောမြိုင်လယ်မှာ၊ စံပယ်မြတ်လေး၊ ပျံ့မွှေးမွှေးနှင့်၊ စာမေးသဘင်၊ ငှက်ပေါင်းရွှင်လို့၊ မင်းလွင်ငယ်ဝေသည်၊ တောင်လေပြေမြိုင်းမှုနှင့် ကြုံ့ပြန်လေခြင်း"ဟု ကုန်းဘောင်ခေတ်တွင် ထင်ရှားသည့်စာဆိုအကျော် မယ်ခွေက သူ၏တွေ့ကြုံခဲ့ရသည့် ရာသီမေထုန်လနယုန်မှ ပုံရိပ်ကို ထင်စေမြင်စေအောင် ဖော်ကျူးထားခဲ့၏။

နယုန်လကား နွေရာသီ၏နွေနှောင်းလ၊ နွေစွန်လ ဖြစ်ကာ ရေတွေက အရှေ့၊ အနောက်၊ တောင်၊ မြောက် တစ်ခွင် တဖွေးဖွေးနှင့် ရှိနေတော့သည်။ စုံခြေ တစ်လျှောက် အပြိုင်ပေါက်နေသည့် သစ်ပင်တို့ကလည်း နွေနှင့်မတူ ရွက်ညွန့်တွေတလူလူနှင့် အလှချင်းပြိုင်ကာ ဂနိုင်တစ်ခိုမှာ စိုပြည်သာယာလှပါဘိတော့သည်။ ကောင်းကင်တစ်ခွင်ဆို မင်ခဲတောင်ကြီးပြိုသလို မှိုင်းလို့သာ ညိုတော့သည်။ ရာသီမေထုန် ဤလနယုန်သည် မိုးဒေဝါနှင့် ယဉ်ပါးဆက်ဆံပြီး သွင်ပုံတော်အသစ်နှင့် ဘဝသစ်ထူထောင်နေသည့်အလား ရှိနေပါသည်"ဟု စာပေဝိဓူတို့က ဩကာသလောကကို အဓိပ္ပာယ်ရှိဖွယ်ရာ ထည့်သွင်း ဖွဲ့ဆိုထားခဲ့၏။

**နယုန်မိုးသေး မြက်သားမွေး**

နယုန်မိုးသေး မြက်သားမွေးဟု စကားစဉ်ရှိသော်လည်း ယေဘုယျအားဖြင့် နယုန်မိုးသည် ရွာလတ္တံ့သော အနာဂတ်မိုးများနှင့် နှိုင်းစာလျှင် မိုးသေးမိုးဖွဲဟု တင်စားကြခြင်း ဖြစ်၏။

နယုန်မိုးသေးဟု တင်စားကြသော်လည်း တစ်ခါတစ်ရံ မြစ်ရေထိုးကွင်းရေလျှံသည်အထိ ရွာသွန်းတတ်သည်။ ထို့ကြောင့် မြစ်ချောင်းနားနေသူတို့အဖို့ သတိထားဖွယ်မိုးပင် ဖြစ်ချေ၏။ "သူယုတ်၏သား ရမ်းကားတတ်စွ၊ မိုက်မာနနှင့် ဒေါသဟုန်ဟုန် တပြင်သုန်ဖြင့် နယုန်ရေဦး ရေရှူးရေလွင်၊ ရေသမင်သို့၊ လျင်လျင်တုပ်တုပ်၊ သိမ်းချုပ်မတည်၊ လိမ္မာနည်း၏" ဟူ၍ မာဃဒေဝလင်္ကာသစ်ကြီး၌ သူယုတ်သူမိုက်တို့ဖြင့် ဥပမာနှိုင်းကာ နယုန်ရေရှူးဟု ပြဆိုခဲ့သည်။ မင်းလှရာဇကျော်ထင်က အဘိရကပျို့တွင် "နယုန်တွင်မူ ခုံမင်ထပ်ရစ် ပြက်လျှပ်စစ်နှင့် နတ်ပဇ္ဇုန် နှိုက် အမွှန်ခွတို့ ခုနက ရေပန်းကြဲလေဖျန်း၏။ ပန်းယုတိကာ သုမနာလည်း၊ သင်းစွာလှိုင်စေ ကြိုင်လှင့်ကြွေ လျက် မြိုင်ခြေပျို့ပျို့ ညို့ရရို့တည့် ဟူ၍ မိုးသေးမိုးဖွဲရေရှူး တို့နှင့်အပြိုင် ပွင့်ငုံလေ့ရှိသောရာသီပန်းကို ပါဠိစကားလုံးများဖြင့် ယုထိကာဇွန်ပန်း၊ သုမနာမြတ်လေးပန်းဟူသော စံပယ်ပန်းအနွယ်ကို ရာသီပန်းအဖြစ် ဖွဲ့ဆိုထား၏။ ထိုပန်းတို့သည် ဆေးဖက်ဝင်ကြောင်းကို မြန်မာဆေးကျမ်း အဖုံဖုံ၌ ဖော်ပြထားသည်ကို တွေ့ရှိနိုင်၏။

**နယုန်လအဓိပ္ပာယ်**

နယုန်ဟူသောဝေါဟာရတွင် နသည်အချိန်ကာလ ဖြစ်၏။ ယုန်သည် မြန်မာရောင်းရင်း ဘာသာစကားအရ မိုးရွာခြင်းဟု အနက်ထွက်၏။ နယုန်လသည် မိုးရွာသော ကာလဟု မှတ်ယူကြ၏။ ပညာရှိတို့က နယုန်၏ရင်းမြစ်မှာ "နရယုဂ" ဟူသောပါဠိပုဒ်မှ နရယုဂသဒ္ဒါပျက်၍ နယုန် ဖြစ်လာသည်ဟု ဆို၏။ မေထုန်ရာသီ၏ အမည်များကို ရာဇမတ္တကျမ်း ရာသီဘိဓာနအပိုင်း၌ ဇိတုဓ၊ မိထုန၊ နရယုဂဟု သုံးမျိုးပြဆိုထားသည်။ ထိုသုံးမျိုးတွင် "နရယုဂ"မှာ မေထုန်ရာသီ၏ နာမည်တစ်မျိုးဖြစ်၏ဟု ဆိုသည်။ အဓိပ္ပာယ်မှာ မိန်းမ၊ ယောကျ်ား အစုံ (နရ=လူ+ယုဂ= အစုံ)ဟု ဆိုလို၏ဟု ဝေါဟာရလီနတ္ထဒီပနီကျမ်း၌ ပြဆိုထား၏။ ထိုကျမ်းဆရာ၏အလိုမှာ မေထုန်ရာသီသည် နရယုဂသဒ္ဒါ နရယုဂ်ဖြစ်လာပြီး နရယုဂ်မှ နယုန်ဖြစ်လာကြောင်း ဆို၏။

ပုဂံခေတ်၊ အင်းဝခေတ် ကျောက်စာတို့၌ နယုန်၊ နံယုန်၊ နံဇျုန်ဟု အမျိုးမျိုးရေးထိုးခဲ့ကြသည်။ ဒုတိယ ရှင်ပုညကာမိ စီရင်သော ဘုန်းမီးတက်လျှံချီမှန်စီ သတ်ပုံတွင် "တန်ခူးကဆုန်၊ လနမျုန်ကြိုး သုန်သုန်၊ နယုန်နသတ်မြန်း" ဟု သတ်ပုံဖြင့် ညွှန်းခဲ့၏။ သက္ကရာဇ် ၁၀၈၈ ခုနှစ်ပြီးသည့် သီရိမင်္ဂလာသတ်ပုံတွင် "ကဆုန်နမျုန်ကြိုးသုန်သုန်၊ နယုန်နသတ်မြန်း" ဟူ၍ နယုန်ကို နငယ်တပ်၍ ရေးသားလာသည်တို့ကိုထောက်လျှင် ဒုတိယ အင်းဝခေတ်၌ "နမျုန်" ဟုလည်း အရေးအသား ရှိကြောင်း သိရ၏။

**စာတော်ပြန်ပွဲ**

နယုန်လသည် စာတော်ပြန်ပွဲကျင်းပသောလ ဖြစ်သည်။ စာဆိုတော်လဟူ၍လည်း ခေါ်ဆိုနိုင်၏။ စာတော်ပြန်ပွဲကို ဒုတိယအင်းဝခေတ် သာလွန်မင်းတရားကြီးလက်ထက် သက္ကရာဇ် ၁၀၀၀ ပြည့်နှစ်ကစတင်၍ ကျင်းပခဲ့သည်ကို မှန်နန်းရာဇဝင် တတိယတွဲ (၂၃၉)တွင် ဖော်ပြထား၏။

သက္ကရာဇ် ၁၀၀၀ ပြည့်နှစ်တွင် ကျမ်းဂန်သင်ကြားသော သာမဏေတို့ကို သင်ကျမ်းကိုင် ဆရာတော်ကြီးများက ပို့ချပေးရသည်။ ထို့ကြောင့် အင်ရုံစာတမ်းခေါ်သော လောကဗျူဟာကျမ်းတွင် အင်ရုံဝန်ကြီးက အင်းဝမင်းများ နယုန်လတွင် စာတော်ပြန်ပွဲသဘင် ဆင်ယင်ကျင်းပပုံကို စုံလင်စွာဖော်ပြထား၏။

မြန်မာသက္ကရာဇ် ၁၀၉၅ ခုနှစ် မဟာရာဇာဓိပတိမင်း လက်ထက်တွင် အင်းဝမြို့တော်၌ ကျောင်းဆောက်ပြီးလျှင် ပခန်းကြီးမြို့ ကြေးပိုက်သင် ပထမကျော် ရှင်ဉာဏဝရကို တင်လှူ၍ "ကျော်အောင်စံထားဟု တွင်၏"ဟု သမိုင်းမှတ်တမ်းတင်ထားသည်ကို တွေ့ရှိရသည်။ အမရပူရ ပထမမြို့တည်နန်းတည် ဘိုးတော်မင်းတရားကြီးလက်ထက် ပထမပြန်စာမေးပွဲအကြောင်းနှင့်စပ်လျဉ်း၍ ရှေးမင်းများ လက်ထက် ပြန်ဆိုသည့်နည်းကို ပြန်ဆိုသော် သင့်၊ မသင့် မေးတော်မူကြောင်းနှင့် ပထမမောင်းထောင် သာသနာပိုင်၏ ပုစ္ဆာပကိဏ္ဏကအဖြေ၌ လာရှိသောစကားတို့ကို ထောက်လျှင် နှောင်မင်းများသည်လည်း ပထမပြန်စာမေးပွဲများ ကျင်းပကြောင်း ထင်ရှားပါသည်ဟု မြန်မာ့စွယ်စုံကျမ်းတွင် ရေးသားထား၏။

မင်းတုန်းမင်းကြီးလက်ထက်တွင် ပထမပြန်စာမေးပွဲ အတွက်ပြဋ္ဌာန်းသည့်ကျမ်းများမှာ သဒ္ဒါရှစ်စောင်၊ သင်္ဂြိုဟ်ကိုးပိုင်း၊ ဆန်း၊ လင်္ကာ၊ အဘိဓာန်၊ မာတိကာ၊ စာတုကတာ၊ ယမိုက်အောက်ငါးကျမ်းတို့ ဖြစ်ပါသည်။ သီပေါမင်းလက်ထက်သို့ရောက်သောအခါ မြန်မာ သက္ကရာဇ် ၁၂၄၅ ခုနှစ်မှစ၍ ပထမပြန်ပွဲဆိုင်ရာ ဥပဒေ၊ စည်းကမ်း၊ နည်းလမ်းများဖြင့် ကြီးကြပ်လျက် စနစ်တကျ ကျင်းပကြသည်။ ပြန်ဆိုမေးမြန်းပုံမှာလည်း ပါဠိကို နှုတ်တက် အာဂုံပြန်ဆိုစေခြင်း၊ အနက်အဓိပ္ပာယ်ကို နှုတ်ဖြင့်မေး၍ နှုတ်ဖြင့်ဆိုစေခြင်း၊ အနက်အဓိပ္ပာယ်ကို မေးခွန်းပုစ္ဆာတစ်မျိုးသာထုတ်၍ စာရွက်ဖြင့်မေး၊ စာရွက်ဖြင့်ရေး၍ဖြေစေခြင်း သုံးမျိုးပြုလုပ်၍ ကျင်းပခဲ့ကြခြင်း ဖြစ်၏။

**စာပြန်ရဟန်းပျိုတို့၏ ပုံရိပ်**

လွန်ခဲ့သော နှစ်ပေါင်း ၂၀၀ ခန့်က ရေးသားထားသည်ဟု ယူဆရသော "မောင့်မှာရဟန်း" ဟူသော အိုင်ချင်းတွင် ရဟန်းပျိုအဖြစ် ရောက်ရှိသောလူငယ်တို့၏ လူမှုရေးကို တွေ့မြင်ရသည်။ "မပန်သာသည် ရင်းမာ၊ ခေါင်ရမ်း၊ ဇလပ်ဖြူငယ်၊ တောင်သူပန်းကို၊ နွမ်းလို့ပစ်ချေရတော့မယ်၊ မချစ်သာသည့် မောင်မှာရဟန်း ကမ္မဝါ ရွှေစာတစ်ကျမ်းနှင့် ဖြစ်ချေတော့တယ်" "မပန်သာရင်းမာ အကိုင်းအခက်နှင့် မကြံသာ မင်းမှာ အပေါင်းအဖက်နှင့် အလိုလေး လူပျိုပုံမှာ မယ်ကမှန်းပါတဲ့ ခွင်လုံးပိုင်းလော" စသည်ဖြင့် ရေးစပ်ခဲ့သည်ကို လေ့လာခြင်းဖြင့် စာပြန်ရန် ကြိုးစားနေရသော ရဟန်းပျိုတို့၏ ပုံရိပ်သွင်ကို မြင်နိုင်ပေတော့၏။

**ပရိယတ္တိသာသနာတော်**

သာသနာတော်သုံးရပ်တွင် ပရိယတ္တိသာသနာတော်သည် အရေးအကြီးဆုံး၊ အခြေခံအကျဆုံးဖြစ်၍ ပရိယတ္တိသာသနာတော် တည်တံ့မှသာ ကျန်သာသနာများ တည်တံ့နိုင်ရကား။ ပရိယတ္တိသာသနာသည် သာသနာသုံးရပ်၏ အသက်သွေးကြောဖြစ်၏။ ထို့အတွက်ကြောင့် ရှေးခေတ်ကပင် ပရိယတ္တိသာသနာတိုးတက်ပြန့်ပွားရန်နှင့် ပညာရှင်များထွန်းကားလာရန်ဟူသော ဆန္ဒဖြင့် စာတော်ပြန်ပွဲကို နယုန်လ၏ရာသီပွဲတော်အဖြစ် တခမ်းတနား ပြုလုပ်ကျင်းပခဲ့ခြင်းဖြစ်သည်ဟု ယူဆသည်။ စာတော်ပြန်ပွဲသည် တိုင်းပြည်၏ သာသနာရေး၊ နိုင်ငံရေး၊ ပညာရေးနှင့် အုပ်ချုပ်ရေးဘက်တွင် လိမ္မာကျွမ်းကျင်သော ပညာရှင်များကို မွေးထုတ်ပေးသည်။ မြန်မာစာတက္ကသိုလ်စာမေးပွဲဖြစ်သကဲ့သို့ ထိုစာတော်ပြန်ပွဲများမှ လူကောင်းလူတော် ပညာရှင်များရွေးထုတ်ပြီး လွှတ်တော်၊ ရုံးတော်၊ ဗြဲတိုက်တို့တွင် တာဝန်ပေးခြင်းခံရသည်။ အချို့သော လူကောင်းများမှာ ရာထူးကြီးများကိုပင် တိုက်ရိုက်ရကြ၏။ ပညာရှိဆိုသည်မှာ လောကရေး၊ ဓမ္မရေးတို့တွင် တစ်ဖက်ကမ်းခပ်တတ်မြောက်သော ပါရဂူတို့သာ များ၏။

**ငြိမ်းချမ်းရေးတရားတော်များ**

နယုန်လသည် ဗုဒ္ဓဘာသာဝင်တို့၏ ငြိမ်းချမ်းရေး မှတ်တိုင်ကို စိုက်ထူခဲ့သော သမိုင်းဝင်နေ့ထူးနေ့မြတ်ကြီး ဖြစ်၏။ မြတ်ဘုရားရှင်သည် ကပိလဝတ်ပြည် မဟာဝုန်ကျောင်းတော်ကြီး၌ ငြိမ်းချမ်းရေးတရားတော်ကို ဟောကြားတော်မူခြင်း ဖြစ်သည်။

ဟောကြားတော်မူသောအကြောင်းရင်းက အိန္ဒိယနိုင်ငံတွင် တတိယမြောက် ဩက္ကာကမင်း၏ အဆက်အနွယ် ဆွေရင်းမျိုးရင်းများဖြစ်ကြသော သာကီဝင်မင်းမျိုးတို့နှင့် ကောလိယမင်းမျိုးတို့သည် ရောဟဏီမြစ်ကို ပိတ်ဆို့ကာ တာတမံပြုလုပ်၍ လယ်ယာလုပ်ကိုင်ကြသည်။ ရောဟဏီမြစ်သည် ဟိမဝန္တာမှ စီးဆင်းကာ ကပိလနှင့် ကောလိယ နှစ်မျိုးကြားမှ ဖြတ်သန်းလေ၏။ ကဆုန်၊ နယုန်လတို့တွင် ရေပိတ်ဆို့ကာ တာတမံပြုလုပ်၍ လယ်ယာလုပ်ကိုင်ကြသည်။ ကဆုန်၊ နယုန်တွင် မိုးခေါင်၍ ရေပြတ်သဖြင့် ယင်းမြစ်ရေကို အလုအယက်ယူငင်ကြကာ စိုက်ပျိုးကြရာတွင် အချင်းချင်းအငြင်းပွားကြရာ ဆွေချင်းမျိုးချင်း နှစ်ပြည်ထောင်မင်းတို့သည် စစ်ခင်းရသောအခြေအနေသို့ ဆိုက်ရောက်လာတော့မည်။

မြတ်ဘုရားရှင်သည် နှစ်ဖက်စစ်သည်တို့နှင့် မျိုးနွယ်တို့အလယ်တွင် ကောင်းကင်ထက်၌ ရောင်ခြည်တော် ခြောက်သွယ်ဖြင့် ထက်ဝယ်ဖွဲ့ခွေ တင့်တယ်စွာ ထိုင်တော်မူ၏။ နှစ်ဖက်မျိုးနွယ်တို့သည် မြတ်ဘုရားရှင်မျက်မှောက်၌ စစ်ခင်းသတ်ဖြတ်ကြခြင်းသည် မသင့်လျော်ကြောင်းသိရှိ၍ လက်နက်ချကာ မြတ်ဘုရားရှင်ကို ဦးနှိမ်ဝပ်ကျိုးရှိခိုးကြသည်။

မြေကြီးကိုအစိုးရသောမင်းတို့သည် အဖိုးမတန်သော ရေဟူသောအကြောင်းကြောင့် တန်ဖိုးမဖြတ်နိုင်သော မင်းတို့ကို အဘယ်ကြောင့် ဖျက်ဆီးလိုကြသနည်းဟု ဆုံးမတော်မူ၍ ဇာတ်ငါးဇာတ်ကို ဟောသည်။

၁။ ဝက်ဝံနှင့်ရက္ခစိုးတို့ရန်ငြိုးဖွဲ့မှား၍ နှစ်ဦးနှစ်ဖက် ပျက်စီးကြပုံ "ဖန္ဒနဇာတ်"၊

၂။ မြေပြိုပါပြီဟုထင်ကြေးဖြင့် ဟစ်အော်ထွက်ပြေးသော ယုန်တစ်ကောင်၏စကားကို ယုံမှား၍ တိရစ္ဆာန်များ အပြေးမှားပြီး ဆင်းရဲဒုက္ခရောက်ကြရပုံ "ဒုဒ္ဒုဘဇာတ်(ပထဝီဥန္ဒြိယဇာတ်)"၊

၃။ အားသေးသော နံ့စုတ်ငှက်မက အားကြီးသော ဆင်ပြောင်ကြီးကိုအနိုင်ယူ၍ ရန်သူကို အထင်မသေးသင့်ပုံ "လဋုကဇာတ်"၊

၄။ ညီညွတ်စဉ်အခါက ရန်သူ၏လက်မှလွတ်မြောက်သော်လည်း စိတ်ဝမ်းကွဲ၍ အချင်းချင်းမညီမညွတ်ဖြစ်သောအခါ ငုံးငှက်များ မုဆိုး၏ပိုက်ကွန်၌ အမိခံရပုံ "သမ္မောဒမာနဒဇာတ်"၊

၅။ သက်မဲ့ဖြစ်သော သစ်ပင်များ တစုတဝေးတည်း တည်နေ၍ လေဘေးအန္တရာယ်မှ ကင်းဝေးနိုင်ပုံ "ရုက္ခဓမ္မဇာတ်"နှင့်

၆။ မိမိကိုယ်ကို ထိန်းသိမ်းဆုံးမရန်"အတ္တဒဏ္ဍသုတ်" တို့ကို ပုံဆောင်ဟောပြဆုံးမတော်မူ၏။

မြတ်ဘုရားရှင်၏တရားဒေသနာတော်ကို နာကြားရသောအခါ သာကီဝင်မင်းနှင့် ကောလိယမင်းတို့သည် ဝမ်းမြောက်ဝမ်းသာဖြစ်ကြကုန်၍ အသက်ချမ်းသာရာ ရကြသည်။ သွေးချောင်းစီးခြင်းမှ ကင်းရသည်ဟု သတိသံဝေဂရကြလေ၏။

**မဟာသမယဟူသည်**

နယုန်လပြည့်နေ့တွင် နတ်ဗြဟ္မာအပေါင်း စုဝေးကြကုန်၏။ ဤသို့ နတ်ဗြဟ္မာတို့ စုရုံးစည်းဝေးမိသောအခါကို "မဟာသမယ" ဟု ခေါ်ဆိုပြီး ထိုနတ်သဘင်အစည်းအဝေး၌ အမည်နာမအမျိုးမျိုးကို ထုတ်ဖော်မြွက်ကြွား နှုတ်ခွန်းဆက်သောအားဖြင့် မိန့်ကြားသောစကားတော်များကို "မဟာသမယသုတ်" ဟု ခေါ်ဆို၏။ မဟာသည် ကြီးကျယ်ခြင်း၊ မြင့်မြတ်ခြင်းဖြစ်၍ သမယသည် အချိန်အခါ ဖြစ်လေသည်။ နတ်ဗြဟ္မာအပေါင်းတို့၏ ကြီးကျယ်မြင့်မြတ်သော အစည်းအဝေးဖြစ်လေသည်။ ယင်းသို့ မဟာသမယသုတ်တော်ကြီးကို ဟောကြားပြီးနောက် နတ်ဗြဟ္မာပေါင်း ကုဋေတစ်သိန်းစီ ကျွတ်တမ်းဝင်ကြလေ၏။ မဟာသမယသုတ်တော်ကြီးကို ဟောကြားပြီးနောက် စရိုက်အားလျော်စွာ ဖော်ပြပါ သုတ်တော်များကို ဆက်လက်ဟောကြားတော်မူပါ၏။

- ရာဂစရိုက်ရှိသော နတ်ဗြဟ္မာတို့အား သမ္မာပရိဗ္ဗာဇနိယသုတ်
- ဒေါသစရိုက်ရှိသော နတ်ဗြဟ္မာတို့အား ကလဟဝိဝါဒသုတ်
- မောဟစရိုက်ရှိသော နတ်ဗြဟ္မာတို့အား မဟာဗျူဟသုတ်
- ဝိတက်စရိုက်ရှိသော နတ်ဗြဟ္မာတို့အားစူဠဗျူဟသုတ်
- သဒ္ဓါစရိုက်ရှိသော နတ်ဗြဟ္မာတို့အား တုဝဋ္ဋကသုတ်
- ပညာစရိုက်ရှိသော နတ်ဗြဟ္မာတို့အား ပုရာဘေဒသုတ်

ယင်းသို့ ဟောကြားတော်မူပြီး အဆုံး၌ ရဟန္တာဖြစ်သော နတ်ဗြဟ္မာပေါင်းကုဋေတစ်သိန်းစီ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ဖြစ်ကာ ကျွတ်တမ်းဝင်ကြလေသည်ဟု ကျမ်းဂန်များ၌ ဖော်ပြထား၏။

**ငြိမ်းချမ်းရေးတည်ဆောက်သောကာလ**

ယင်းသို့သော ငြိမ်းချမ်းစွာဖြင့် ပြောင်းလဲလာမည့် တိုးတက်ရေးလမ်းပေါ်တွင် လျှောက်လှမ်းနေချိန်ကာလ မဟာသမယတွင် နှစ်ပြည်ထောင် စစ်ခင်းကြတော့မည့် ဆဲဆဲ မြတ်စွာဘုရားရှင်၏ ငြိမ်းချမ်းရေးတရားတော်များကို နာကြားရခြင်းကြောင့် နှစ်ပြည်ထောင် စစ်သည်များသည် လက်နက်ကိုချ၍ ရင်းနှီးချစ်ကြည်စွာ ငြိမ်းချမ်းရေးတည်ဆောက်နိုင်ခဲ့ကြသည့် "မဟာသမယအခါတော်"နှင့် ကြုံကြိုက်တိုက်ဆိုင်နေသည်။ မျက်မှောက်အချိန်အခါတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင်လည်း အသွင်ကူးပြောင်းသော နိုင်ငံတော်သစ်အဖြစ် ပြုပြင်တည်ဆောက်နေသည့်ကာလ ဖြစ်သည်။ ဤကာလတွင် ပြည်တွင်းစစ်မီးများငြိမ်းချမ်း၍ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းလာစေရန် ငြိမ်းချမ်းရေးတည်ဆောက်နေသည်မှာ မြန်မာနိုင်ငံအတွက် စိတ်ချမ်းမြေ့ဖွယ်ရာ၊ ရွှင်လန်းအားတက်ဖွယ်ရာ အပေါင်းလက္ခဏာများ ဖြစ်ပေတော့၏။ ။

> **နယုန်လကား နွေရာသီ၏နွေနှောင်းလ၊ နွေစွန်လဖြစ်ကာ ရေတွေက အရှေ့၊ အနောက်၊ တောင်၊ မြောက်တစ်ခွင် တဖွေးဖွေးနှင့် ရှိနေတော့သည်။ စုံခြေတစ်လျှောက် အပြိုင်ပေါက်နေသည့် သစ်ပင်တို့ကလည်း နွေနှင့်မတူ ရွက်ညွန့်တွေတလူလူနှင့် အလှချင်းပြိုင်ကာ ဂနိုင်တစ်ခိုမှာ စိုပြည်သာယာလှပါဘိတော့သည်။ ကောင်းကင်တစ်ခွင်ဆို မင်ခဲတောင်ကြီးပြိုသလို မှိုင်းလို့သာ ညိုတော့သည်။ ရာသီမေထုန် ဤလနယုန်သည် မိုးဒေဝါနှင့် ယဉ်ပါးဆက်ဆံပြီး သွင်ပုံတော်အသစ်နှင့် ဘဝသစ်ထူထောင်နေသည့်အလား ရှိနေပါသည်"ဟု စာပေဝိဓူတို့က ဩကာသလောကကို အဓိပ္ပာယ်ရှိဖွယ်ရာ ထည့်သွင်းဖွဲ့ဆိုထား**

# အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှ အဆက်**

**ငွေတောင်းခံလွှာ၊ ငွေရပြေစာ၊ မြီစားမှတ်စုနှင့် မြီရှင်မှတ်စုများကို မမှန်မကန်ဖော်ပြခြင်း**

၆၆။ (က) မည်သူမဆို အောက်ပါကျူးလွန်မှုတစ်ရပ်ရပ်ကို ပြုလုပ်ပါက ကျပ်နှစ်သိန်းငါးသောင်းထက် မပိုသော ဒဏ်ကြေးငွေ ပေးဆောင်ရမည်-

(၁) မမှန်ကန်သော သို့မဟုတ် ယင်းနှင့် မသက်ဆိုင်သည့် အခွန်ထမ်း မှတ်ပုံတင်အမှတ်ကို အသုံးပြုခြင်း၊

(၂) မမှန်ကန်သော ငွေတောင်းခံလွှာ သို့မဟုတ် အရောင်းပြေစာ ထုတ်ပေးခြင်း၊

(၃) မမှန်ကန်သော မြီစားမှတ်စု သို့မဟုတ် မြီရှင်မှတ်စု ထုတ်ပေးခြင်း၊

(၄) ငွေတောင်းခံလွှာ၊ ငွေရပြေစာ၊ မြီစားမှတ်စု သို့မဟုတ် မြီရှင်မှတ်စုများကို အခွန်ဥပဒေတစ်ရပ်ရပ်နှင့်အညီ မဟုတ်ဘဲ ပေးအပ်ခြင်း သို့မဟုတ် ပေးအပ်ရန် ပျက်ကွက်ခြင်း။

(ခ) အခွန်ဥပဒေတစ်ရပ်ရပ်နှင့် အကျုံးဝင်သည့် ကုန်စည်ထုတ်လုပ်သူ သို့မဟုတ် ဝန်ဆောင်မှုဆောင်ရွက်သူ သို့မဟုတ် ကုန်စည်တင်သွင်းသူ သို့မဟုတ် ကုန်သွယ်မှုဆောင်ရွက်သူသည် ကုန်စည်ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုရယူသူ၏ သတင်းအချက်အလက်များနှင့်စပ်လျဉ်း၍ တတ်နိုင်သမျှ ဂရုတစိုက်ဆောင်ရွက်ခဲ့ပြီး အဆိုပါ သတင်းအချက်အလက်များသည် မှန်ကန်သည်ဟု လုံလောက်သော အကြောင်းအရင်းများအရ ယုံကြည်ခဲ့ပါလျှင် ယင်းကုန်စည် ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုရယူသူ၏ ငွေတောင်းခံလွှာ၊ ငွေရပြေစာ၊ မြီစားမှတ်စု သို့မဟုတ် မြီရှင်မှတ်စုများတွင် ဖော်ပြထားသည့် ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုရယူသူနှင့်စပ်လျဉ်းသည့် မှတ်ပုံတင်ထားမှုအခြေအနေ သို့မဟုတ် အခွန်ထမ်းမှတ်ပုံတင်အမှတ် အပါအဝင် သတင်းအချက်အလက်များယွင်းမှု သို့မဟုတ် မပြည့်စုံမှု တစ်စုံတစ်ရာကြောင့် ယင်းကုန်စည် ထုတ်လုပ်သူ သို့မဟုတ် ဝန်ဆောင်မှုဆောင်ရွက်သူ သို့မဟုတ် ကုန်စည်တင်သွင်းသူ သို့မဟုတ် ကုန်သွယ်မှုဆောင်ရွက်သူသည် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂)၊ ပုဒ်မခွဲငယ် (၃) သို့မဟုတ် ပုဒ်မခွဲငယ် (၄) အရ ဒဏ်ကြေးငွေ ပေးဆောင်ရန် တာဝန်မရှိစေရ။

(ဂ) အခွန်ဥပဒေတစ်ရပ်ရပ်နှင့် အကျုံးဝင်သည့် ကုန်စည်ထုတ်လုပ်သူ၊ ဝန်ဆောင်မှုဆောင်ရွက်သူ သို့မဟုတ် ကုန်စည်တင်သွင်းသူ သို့မဟုတ် ကုန်သွယ်မှုဆောင်ရွက်သူ တစ်ဦးဦးသည် ထိုက်သင့်အားလျော်စွာ ဂရုတစိုက်ဆောင်ရွက်ခဲ့ပြီး ငွေတောင်းခံလွှာ၊ ငွေရပြေစာ၊ မြီစားမှတ်စု သို့မဟုတ် မြီရှင်မှတ်စုများ ထုတ်ပေးရန် လိုအပ်သည့် ကုန်စည်ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုရယူသူသည် မှတ်ပုံတင်ထားသူ သို့မဟုတ် မှတ်ပုံတင်ထားခြင်းမရှိသူဟု လုံလောက်သော အကြောင်းအရင်းများအရ ယုံကြည်ခဲ့ပါလျှင် ယင်းကုန်စည် ထုတ်လုပ်သူ၊ ဝန်ဆောင်မှုဆောင်ရွက်သူ သို့မဟုတ် ကုန်စည်တင်သွင်းသူ သို့မဟုတ် ကုန်သွယ်မှုဆောင်ရွက်သူသည် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၄) အရ ဒဏ်ကြေးငွေ ပေးဆောင်ရန် တာဝန်မရှိစေရ။

**ကြေညာလွှာနောက်ကျတင်သွင်းခြင်း**

၆၇။ (က) မည်သူမဆို အခွန်ကြေညာလွှာ သို့မဟုတ် အခြားကြေညာလွှာ တစ်ရပ်ရပ်ကို တင်သွင်းရန် သတ်မှတ်ထားသည့် နေ့ရက်တွင် သို့မဟုတ် ယင်းနေ့ရက်မတိုင်မီ တင်သွင်းရန် ပျက်ကွက်ပါက အောက်ပါဒဏ်ကြေးငွေနှစ်ရပ်အနက်မှ များရာဒဏ်ကြေးငွေကို ပေးဆောင်ရမည် -

(၁) ပေးဆောင်ရမည့်အခွန်ပမာဏ၏ ၅ ရာခိုင်နှုန်းအပြင် တင်သွင်းရန် သတ်မှတ်ထားသည့်နေ့ရက်မှ ညွှန်ကြားရေးမှူးချုပ်က စည်းကြပ်မှုပြုလုပ်သည့် အချိန်ကာလအထိ ကြေညာလွှာတင်သွင်းရန် ဆက်လက်ပျက်ကွက်နေသည့် တစ်လချင်းစီအတွက် သို့မဟုတ် တစ်လ၏ အစိတ်အပိုင်းအတွက် ပေးဆောင်ရမည့် အခွန်ပမာဏ၏ ၁ ရာခိုင်နှုန်း၊

(၂) ငွေကျပ်တစ်သိန်း။

(ခ) ဤပုဒ်မပါ ရည်ရွယ်ချက်များအလို့ငှာ ပေးဆောင်ရမည့် အခွန်ပမာဏဟု ဆိုရာတွင် အရစ်ကျပေးဆောင်ရသည့် အခွန်များလည်း ပါဝင်သည်။

**ပေါ့ဆမှုဖြင့် သို့မဟုတ် မရိုးမဖြောင့်သောရည်ရွယ်ချက်ဖြင့် အခွန်လျော့နည်းပေးဆောင်ခြင်း**

၆၈။ အခွန်ထမ်းတစ်ဦး၏ အခွန်ကြေညာလွှာတွင် မမှန်ကန်သော ဖော်ပြချက်တစ်ခု သို့မဟုတ် ချန်လှပ်ထားခဲ့သော အကြောင်းအချက်တစ်ခုခုအရ အခွန်ကို လျော့နည်းပေးဆောင်ခဲ့ပြီး သို့မဟုတ် လျော့နည်းပေးဆောင်ခဲ့ဖွယ်ရှိပြီး ယင်းဖော်ပြချက် သို့မဟုတ် ချန်လှပ်ထားချက်သည် အခွန်ထမ်းက ကြိုတင်ကြံရွယ်ချက်ဖြင့် ပြုလုပ်ခြင်း သို့မဟုတ် လျစ်လျူရှုခြင်းဖြစ်လျှင် အခွန်ထမ်းသည် အောက်ပါဒဏ်ကြေးငွေတစ်ရပ်ရပ်ကို ပေးဆောင်ရမည်-

(က) ပုဒ်မခွဲ (ခ) နှင့် အကျုံးမဝင်ပါက လျော့နည်းပေးဆောင်သည့် အခွန်ပမာဏ၏ ၂၅ ရာခိုင်နှုန်း၊

(ခ) လျော့နည်းပေးဆောင်သည့် အခွန်ပမာဏသည် ကျပ်သိန်းတစ်ထောင်ထက် ကျော်လွန်လျှင် သို့မဟုတ် ပေးဆောင်ရမည့် အခွန်၏ ၅၀ ရာခိုင်နှုန်းထက် ကျော်လွန်လျှင် လျော့နည်းပေးဆောင်သည့် အခွန်ပမာဏ၏ ၇၅ ရာခိုင်နှုန်း။

**မှားယွင်းသော သို့မဟုတ် လမ်းလွဲစေနိုင်သော ဖော်ပြချက်များ**

၆၉။ (က) ပုဂ္ဂိုလ်တစ်ဦးဦးသည် မှားယွင်းသော သို့မဟုတ် လမ်းလွဲစေနိုင်သောဖော်ပြချက်ကို အခွန်ဝန်ထမ်းထံ တင်ပြသဖြင့် ယင်းသတင်းအချက်အလက်အပေါ် မှန်ကန်သည်ဟု ယူဆ၍ စည်းကြပ်မှုပြုရာတွင် အမှန်ပေးဆောင်ရန်တာဝန်ရှိသော အခွန်အောက် လျော့နည်းပေးဆောင်ခဲ့ဖွယ်ရှိလျှင်ဖြစ်စေ၊ အမှန်ပြန်အမ်းရမည့် ငွေထက် ပိုမိုပြန်အမ်းခဲ့ဖွယ်ရှိလျှင်ဖြစ်စေ ဒဏ်ကြေးငွေကျပ်တစ်သိန်းငါးသောင်းအပြင် အောက်ပါဒဏ်ကြေး ငွေတစ်ရပ်ရပ်တို့အနက် များရာဒဏ်ကြေးငွေကို ပေးဆောင်ရမည်-

(၁) အမှန်ကျသင့်သည့်အခွန်နှင့် လျော့နည်းစည်းကြပ်ခဲ့နိုင်ဖွယ်ရှိသည့် အခွန်တို့၏ ခြားနားသည့် ပမာဏ၊

(၂) အမှန်ပြန်အမ်းရမည့်ငွေကြေးနှင့် ပိုမိုပြန်အမ်းခဲ့နိုင်ဖွယ်ရှိသည့် ငွေကြေးတို့၏ ခြားနားသည့်ပမာဏ။

(ခ) ပုဂ္ဂိုလ်တစ်ဦးသည် ၎င်းတင်ပြသည့် ဖော်ပြချက်ပါ အဓိကအကြောင်းအချက်သည် မှားယွင်းကြောင်း သို့မဟုတ် လမ်းလွဲစေနိုင်ကြောင်းမသိရှိခဲ့လျှင်ဖြစ်စေ၊ သိရှိနိုင်မည်ဟု ယူဆရန် လုံလောက်သောအကြောင်းအရင်း မရှိခဲ့လျှင်ဖြစ်စေ ထိုပုဂ္ဂိုလ်အား ဤပုဒ်မအရ မည်သည့်ဒဏ်ကြေးငွေကိုမျှ ချမှတ်ခြင်းမပြုရ။

**ရှင်းလင်းချက်(၁)။** ဤပုဒ်မအရ အခွန်ဝန်ထမ်းတစ်ဦးထံသို့တင်ပြသည့်ဖော်ပြချက်ဟုဆိုရာတွင် ပုဒ်မ ၆၈ နှင့် အကျုံးဝင်သည့်ဖော်ပြချက်တစ်စုံတစ်ရာမှအပ ဤဥပဒေအရ ယင်းအခွန်ဝန်ထမ်း၏တာဝန်များကို ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းတစ်ဦးထံသို့ နှုတ်ဖြင့်သော်လည်းကောင်း၊ စာဖြင့်သော်လည်းကောင်း၊ အခြားနည်းလမ်းဖြင့်သော်လည်းကောင်း တင်ပြသော အောက်ပါဖော်ပြချက်တစ်ရပ်ရပ်လည်း ပါဝင်သည်-

(က) ဤဥပဒေအရ ရေးသားသည့်၊ ပြုစုသည့်၊ တင်သွင်းသည့်၊ တင်ပြသည့် သို့မဟုတ် ပေးအပ်သည့် လျှောက်လွှာ၊ သက်သေခံလက်မှတ်၊ ကြေညာချက်၊ အမိန့်ကြော်ငြာစာ၊ ကြေညာလွှာ၊ ကန့်ကွက်လွှာ သို့မဟုတ် အခြားစာတမ်းအမှတ်အသားများ၊

(ခ) ဤဥပဒေအရ တင်သွင်းရန်လိုအပ်သော သတင်းအချက်အလက် တစ်စုံတစ်ရာ၊

(ဂ) အခွန်ဝန်ထမ်းအား ဤဥပဒေအရမဟုတ်ဘဲ တင်သွင်းသော စာတမ်းအမှတ်အသား၊

(ဃ) အခွန်ဝန်ထမ်းက ပုဂ္ဂိုလ်တစ်ဦးအား မေးမြန်းသော မေးခွန်း၏ အဖြေ၊

(င) အခွန်ဝန်ထမ်းထံသို့ ပေးအပ်မည်ဟု သိရှိလျက် သို့မဟုတ် ကျိုးကြောင်းဆီလျော်စွာ မျှော်လင့်လျက် အခြားပုဂ္ဂိုလ်တစ်ဦးထံသို့ ပေးအပ်သည့် ဖော်ပြချက်။

**ရှင်းလင်းချက်(၂)။** ဤပုဒ်မပါ လမ်းလွဲစေနိုင်သော အဓိကအကြောင်းအချက်တစ်ခုပါဝင်သည့် ဖော်ပြချက်ဆိုရာတွင် ကိစ္စရပ်တစ်ခု သို့မဟုတ် အရာတစ်ခုကို ယင်းဖော်ပြချက်မှ ချန်လှပ်ထားခြင်းကြောင့် ယင်းသို့လမ်းလွဲမှုဖြစ်စေသည့် ဖော်ပြချက်လည်း ပါဝင်သည်။

**စာတမ်းအမှတ်အသားများကို ထိန်းသိမ်းရန်ပျက်ကွက်ခြင်း**

၇၀။ (က) မည်သူမဆို ဤဥပဒေအရသော်လည်းကောင်း၊ အခွန်ဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း လိုအပ်သည့် စာတမ်းအမှတ်အသားများ ထိန်းသိမ်းရန်ပျက်ကွက်ပါက ပျက်ကွက်မှုဆက်လက်ဖြစ်ပွားနေသည့် ရက်တစ်ရက်ချင်းစီအတွက်ဖြစ်စေ၊ ရက်တစ်ရက်၏ တစ်စိတ်တစ်ပိုင်းအတွက်ဖြစ်စေ ပုဒ်မခွဲ (ခ) ပါ ဒဏ်ကြေးငွေကို ပေးဆောင်ရမည်။

(ခ) ဒဏ်ကြေးငွေသည် -

(၁) ကျပ်ငါးသိန်းထက် မပိုသည့် အခွန်ပေးဆောင်ရန် တာဝန်ရှိသူဖြစ်ပါက ပျက်ကွက်မှု ဆက်လက်ဖြစ်ပွားနေသည့် ရက်တစ်ရက်စီအတွက် တစ်ရက်လျှင် ကျပ်ငါးထောင်ဖြစ်သည်။

(၂) ကျပ်သိန်း ၅၀ ထက် မပိုသည့် အခွန်ပေးဆောင်ရန် တာဝန်ရှိသူဖြစ်ပါက ပျက်ကွက်မှုဆက်လက်ဖြစ်ပွားနေသည့် ရက်တစ်ရက်စီအတွက် တစ်ရက်လျှင် ကျပ်ငါးသောင်းဖြစ်သည်။

(၃) ကျပ်သိန်း ၅၀ ထက် ကျော်လွန်သည့် အခွန်ပေးဆောင်ရန် တာဝန်ရှိသူဖြစ်ပါက ပျက်ကွက်မှုဆက်လက်ဖြစ်ပွားနေသည့် ရက်တစ်ရက်စီအတွက် တစ်ရက်လျှင် ကျပ်တစ်သိန်းဖြစ်သည်။

(ဂ) ပုဒ်မခွဲ (ခ) တွင် မည်သို့ပင်ပါရှိစေကာမူ ညွှန်ကြားရေးမှူးချုပ်သည် အခွန်ထမ်းအား ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာရန်ပျက်ကွက်ကြောင်း အကြောင်းကြားသည့်နေ့မှ အများဆုံးရက်ပေါင်း ၃၀ အထိ ကာလအတွက် ဒဏ်ကြေးငွေ ချမှတ်ခြင်းမှ သက်သာခွင့်ပြုနိုင်သည်။

**တတိယပုဂ္ဂိုလ်အကြောင်းကြားစာကို လိုက်နာရန် ပျက်ကွက်ခြင်း**

၇၁။ မည်သူမဆို ပုဒ်မ ၆၀ အရ ထုတ်ပြန်သည့် အကြောင်းကြားစာကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက တတိယပုဂ္ဂိုလ်ပေးဆောင်ရမည့် အခွန်ပမာဏနှင့် ယင်းအကြောင်းကြားစာတွင် ဖော်ပြထားသည့် သတ်မှတ်ရက်တွင် ညွှန်ကြားရေးမှူးချုပ်ထံသို့ ပေးဆောင်ပြီးဖြစ်သည့် အခွန်ပမာဏတို့အကြား ခြားနားချက်၏ ၂၅ ရာခိုင်နှုန်းကို ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည်။

**ရုံးလုပ်ငန်းဆောင်ရွက်ရန် ထိုက်သင့်သည့်နေရာ၊ အသုံးအဆောင်နှင့် အကူအညီများပေးရန် ပျက်ကွက်ခြင်း**

၇၂။ မည်သူမဆို ဤဥပဒေအရလည်းကောင်း၊ အခွန်ဥပဒေတစ်ရပ်ရပ်အရလည်းကောင်း အခွန်ဝန်ထမ်းကို ရုံးလုပ်ငန်းဆောင်ရွက်ရန် ထိုက်သင့်သည့်နေရာ၊ အသုံးအဆောင်နှင့် အကူအညီများပေးရန် ပျက်ကွက်ပါက ကျပ်ငါးသိန်းထက်မပိုသော ဒဏ်ကြေးငွေကို ပေးဆောင်ရမည်။

**သတင်းအချက်အလက်ပေးပို့ရန် အကြောင်းကြားစာကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း**

၇၃။ မည်သူမဆို ဤဥပဒေအရဖြစ်စေ၊ အခွန်ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ ညွှန်ကြားရေးမှူးချုပ်က သင့်လျော်စွာ တောင်းခံသည့် သတင်းအချက်အလက်ကို သတ်မှတ်အချိန်အတွင်း ပေးအပ်ရန် ပျက်ကွက်ပါက ကျပ်ငါးသိန်းထက် မပိုသော ဒဏ်ကြေးငွေကို ပေးဆောင်ရမည်။

**နောက်ကျပေးဆောင်ခြင်း**

၇၄။ (က) မည်သူမဆို စည်းကြပ်မှု သို့မဟုတ် ပြန်လည်စည်းကြပ်မှုပြုသည့်နေ့မှ ၁၄ ရက်အတွင်း သို့မဟုတ် စည်းကြပ်မှုအကြောင်းကြားစာပါ သတ်မှတ်ရက်တွင် ပေးဆောင်ရန်ရှိသည့် အခွန်အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ပေးဆောင်ရန် ပျက်ကွက်ပါက ပေးဆောင်ခြင်းမရှိသေးသည့် အခွန်၏ ၁၀ ရာခိုင်နှုန်းနှင့် ညီမျှသည့် ပမာဏကို နောက်ကျပေးဆောင်ခြင်းအတွက် ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည်။

(ခ) မည်သူမဆို အခွန်ဥပဒေတစ်ရပ်ရပ်နှင့်အညီ အရစ်ကျပေးဆောင်ရမည့် အခွန်အားလုံးကို ဖြစ်စေ၊ ယင်း၏အစိတ်အပိုင်းကိုဖြစ်စေ အဆိုပါအရစ်အတွက် ပေးဆောင်ရန် သတ်မှတ်ရက်အတွင်း ပေးဆောင်ရန်ပျက်ကွက်ပါက ပေးဆောင်ခြင်းမရှိသေးသည့် အခွန်၏ ၁၀ ရာခိုင်နှုန်းနှင့်ညီမျှသည့် ပမာဏကို နောက်ကျပေးသွင်းမှုအတွက် ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည်။

(ဂ) မည်သူမဆို လုံလောက်သောအကြောင်းမရှိဘဲ ဤဥပဒေသက်ရောက်သည့် အခွန်ဥပဒေတစ်ရပ်ရပ်အရ ပင်ရင်းမှနုတ်ယူပေးသွင်းသည့်အခွန်ကို နုတ်ယူပေးသွင်းရန် သတ်မှတ်ခံထားရသူတစ်ဦးဦးသည် အခွန်ကို နုတ်ယူပေးသွင်းခြင်းမပြုလျှင် ထိုအခွန်နှင့် စပ်လျဉ်း၍ ပျက်ကွက်သူအဖြစ် မှတ်ယူခြင်းခံရမည်ဖြစ်ပြီး နုတ်ယူခြင်းမရှိသည့် အခွန်အား ပေးဆောင်ရန် တာဝန်ရှိစေရမည်။

(ဃ) မည်သူမဆို ဤဥပဒေသက်ရောက်သည့် အခွန်ဥပဒေတစ်ရပ်ရပ်အရ ပင်ရင်းမှ နုတ်ယူပေးသွင်းသည့်အခွန်ကို သတ်မှတ်ထားသည့်ရက်အတွင်း ပေးဆောင်ရန်ပျက်ကွက်ပါက ထိုသို့ပေးဆောင်ရန် ပျက်ကွက်သောပမာဏ၏ ၁၀ ရာခိုင်နှုန်းကို နောက်ကျပေးဆောင်ခြင်းအတွက် ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည်။

(င) ပုဒ်မ ၄၄ အရ အချိန်ကာလတိုးမြှင့်ခြင်းကို ခွင့်ပြုထားလျှင် ယင်းကာလအတွင်း ပေးဆောင်ရမည့်အခွန်ကို ပေးဆောင်ခဲ့ပါက ပုဒ်မခွဲ(က)အရ ဒဏ်ကြေးငွေပေးဆောင်ရန် တာဝန်မရှိစေရ။

**(ဆက်လက်ဖော်ပြပါမည်)**

# ဘားအံ၌ ပြည်ထောင်စုငြိမ်းချမ်းရေးဆိုင်ရာလုပ်ငန်းစဉ်များ တင်ပြဆွေးနွေး



**ဘားအံ ဇွန် ၁၇**

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)၊ နိုင်ငံရေးပါတီများအစုအဖွဲ့မှ ဒေသအခြေစိုက် နိုင်ငံရေးပါတီများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများသို့ ပြည်ထောင်စုငြိမ်းချမ်းရေးဆိုင်ရာလုပ်ငန်းစဉ်များ တင်ပြဆွေးနွေးခြင်းကို ဇွန် ၁၆ ရက် နံနက် ၉ နာရီခွဲက ကရင်ပြည်နယ် ဘားအံမြို့ဇွဲကပင်ခန်းမ၌ ကျင်းပသည်။

UPDJC ဒုတိယဥက္ကဋ္ဌ ဦးသုဝေ (ဒီမိုကရက်တစ်ပါတီ) က အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူး စိုင်းကျော်ညွန့် (ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကာ ဦးနိုင်ငံလင်း(အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်) က အရပ်ဘက်လူမှုအဖွဲ့ အစည်းများဖိုရမ် (CSOs Forum) လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ (ဦး)သန်းစိုးနိုင်(စာရေးဆရာ)၊ ဦးဝင်းမျိုးသူ(ဥက္ကဋ္ဌ၊ စိမ်းလန်းအမိမြေ)၊ ဦးရဲမျိုးဟိန်း (တကောင်း နိုင်ငံရေးလေ့လာမှုအဖွဲ့)၊ ရဲဘော်မိဆူးပွင့် (ABSDF- UPDJC အဖွဲ့ဝင်)၊ဒေါ်အယ်လ်ဂျာနန်(အမှုဆောင်ဒါရိုက်တာ၊ ငြိမ်းဖောင်ဒေးရှင်း)၊ ဦးခွန်ထွန်းရွှေ (ပအိုဝ်းအမျိုးသား အဖွဲ့ချုပ်ပါတီ -UPDJC အဖွဲ့ဝင်)၊ ဦးသွင်လင်းအောင် (Moderator) တို့က စကားဝိုင်းကို ဦးဆောင်ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသော ဒေသအခြေစိုက်ပါတီများ၊အရပ်ဘက် လူမှုအဖွဲ့အစည်းများက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြသည်။

အဆိုပါ ပြည်ထောင်စုငြိမ်းချမ်းရေးဆိုင်ရာလုပ်ငန်းစဉ်များ တင်ပြဆွေးနွေးခြင်းသို့ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ UPDJC ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များ၊ ဒေသအခြေစိုက်နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း၌ ယာဉ်၊ လမ်းစည်းကမ်းဆိုင်ရာအသိပညာပေး

**ကျောက်ပန်းတောင်း ဇွန် ၁၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းတွင် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ ယာဉ်အန္တရာယ်ကင်းဝေးစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇွန် ၁၇ ရက် နံနက် ၉ နာရီခွဲက အဆိုပါကျောင်းစုဝေးခန်းမ၌ ကျင်းပသည်။

အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း (ကျောက်ပန်းတောင်း) ကျောင်းအုပ်ဆရာမကြီး ဒေါက်တာဒေါ်သီတာဆွေက အသိပညာပေးဟောပြောပွဲ ပြုလုပ်ရသည့်ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အမှတ်(၉၃) ယာဉ်ထိန်းတပ်ဖွဲ့စိတ်မှ ရဲအုပ်သျှန်အောင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများဖြစ်သည့် မော်တော်ဆိုင်ကယ်စီးနင်းသူများ လိုက်နာရမည့်စည်းကမ်းများနှင့် သိရှိလိုက်နာရမည့်အချက်များ၊ ယာဉ်မောင်းလိုင်စင်အမျိုးအစားများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာဥပဒေများနှင့် ယာဉ်ထိခိုက်မှုဖြစ်ပွားလာပါက ဆောလျင်စွာဆောင်ရွက်ရမည့်အချက်များ၊ လမ်းစည်းကမ်းဆိုင်ရာ အမှတ်အသားများကို ပရိုဂျက်တာဖြင့် ရှင်းလင်းဟောပြောသည်။

ယင်းနောက် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။ **ကိုနေ(ကျောက်ပန်းတောင်း)**



နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် တောင်ညိုနယ်မြေရဲစခန်းမှူး ရဲအုပ်အောင်လွင်ဦးနှင့် အဖွဲ့ ဇွန် ၁၆ ရက်တွင် တောင်ညိုကျေးရွာအုပ်စု ပြည်တော်လင်းကျေးရွာ၌ မုဒိမ်းမှု၊ လူသတ်မှုများ လျော့နည်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ်၊ လိုင်စင်မဲ့မော်တော်ယာဉ်များမသုံးစွဲရေး ပညာပေးဟောပြောစဉ်။

**အောင်ကို**

## သတင်းရေးသားထုတ်ပြန်ခြင်း အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**တောင်ကြီး ဇွန် ၁၇**

သတင်းရေးသားထုတ်ပြန်ခြင်း အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲကို ဇွန် ၁၇ ရက် နံနက် ၉ နာရီက တောင်ကြီးမြို့တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနခန်းမ၌ ကျင်းပသည်။

ရှမ်းပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးညွန့်ရွှေက သတင်းရေးသားထုတ်ပြန်ခြင်း အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်းသည် ပြန်ကြားရေးဝန်ကြီးဌာန၏ ရည်မှန်းချက်ဖြစ်သော ပြန်ကြားပေးရန်၊ ဖျော်ဖြေပေးရန်၊ အသိပညာပေးရန်ဆိုသည့်အတိုင်း ပြည်သူများကို အချိန်နှင့်တစ်ပြေးညီ ထူးခြားဖြစ်စဉ်များ၊ သတင်းစီးဆင်းမှု၊ မှန်ကန်မှုများရှိရန် သတင်းရေးသားထုတ်ပြန်ခြင်းသင်တန်းများ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် သတင်းအရင်းအမြစ်ရှာဖွေခြင်း၊ ဝေါဟာရရှင်းလင်းချက်၊ သတင်းရေးသားခြင်း၊ သတင်း၏ အခြေခံဖွဲ့စည်းတည်ဆောက်ပုံ၊ တွေ့ဆုံမေးမြန်းခြင်း၊ သတင်းဆောင်းပါးရေးသားခြင်း၊ မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှု၊ သတင်းလိုက်ခြင်း၊ သတင်းထုတ်ပြန်ချက်၊ သတင်းမှတ်တမ်းရိုက်ကူးရာတွင် ဆောင်ရန် ရှောင်ရန်များ၊ Online အသုံးပြု၍ သတင်းများထုတ်ပြန်ခြင်း၊ Social media (လူမှုမီဒီယာဘာသာရပ်)၊ သတင်းမှတ်တမ်းရိုက်ကူးခြင်း (လက်တွေ့) နှင့် Night study များဖြင့် ဆွေးနွေးပို့ချသွားမည်ဖြစ်ပြီး သင်တန်းသားစုစုပေါင်း ၃၆ ဦး တက်ရောက်ကာ ဇွန် ၁၇ ရက်မှ ၂၂ ထိ ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**




## မြိတ်မြို့နယ်ရှိ ကျေးရွာများဖွံ့ဖြိုးတိုးတက်ရေး ပြည်သူများနှင့်တွေ့ဆုံ

**မြိတ် ဇွန် ၁၇**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်ရှိကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဒေါ်ရီရီချို၊ မြိတ်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဇွန် ၁၆ ရက်တွင် စလွန်းကျေးရွာအုပ်စုနှင့် ကဟန်းကျေးရွာအုပ်စုတို့သို့ ကွင်းဆင်း၍ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တိုင်းဒေသကြီးဝန်ကြီးနှင့်အဖွဲ့သည် စလွန်းကျေးရွာတွင် သာသနာလင်္ကာရဘုန်းတော်ကြီးကျောင်းတွင် လည်းကောင်း၊ ကဟန်းကျေးရွာအုပ်စုတွင် တောင်ဖီလာရွာအောင်ရတနာဘုန်းတော်ကြီးကျောင်းတွင်လည်းကောင်း ဒေသခံများအားတွေ့ဆုံ၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို တင်ပြပေးနိုင်ရေးနှင့် အစိုးရအဖွဲ့က ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးနှင့်အဖွဲ့သည် မင်းသန်း - မောင်းလေ့ာ် ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ပြည်ထောင်စုနှင့် တိုင်းဒေသကြီးခန့်မှန်းရန်ပုံငွေကျပ် ၁၃ ဒသမ ၆၅ ဘီလီယံဖြင့် တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၄) က တာဝန်ယူတည်ဆောက်လျက်ရှိသော တနင်္သာရီမြစ်ကူး မင်းသန်း-မောင်းလေ့ာ်တံတားတည်ဆောက်ရေးစီမံကိန်းအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

မင်းသန်း-မောင်းလေ့ာ်တံတားသည် မြိတ်မြို့နယ် မင်းသန်းကျေးရွာနှင့် ကျွန်းစုမြို့နယ် မောင်းလေ့ာ်ကျေးရွာတို့ကို ဆက်သွယ်ထားသောတံတားဖြစ်ပြီး တံတားအရှည်ပေ ၂၁၀၀၊ အကျယ် ၂၄ ပေရှိကာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှစတင်၍ တည်ဆောက်လျက်ရှိကြောင်း၊ အဆိုပါတံတားတည်ဆောက်ပြီးစီးပါက ဒေသခံပြည်သူများ လူမှုစီးပွားရေးလုပ်ငန်းများဆောင်ရွက်ရန် လွယ်ကူလျင်မြန်စွာ သွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**မြိတ် (ပြန်/ဆက်)**



**ကျိုက်မရောမြို့နယ်အတွင်းရှိ အသက် (၈၅)နှစ်အထက် သက်ကြီးဘိုးဘွားများ လူမှုရေးပင်စင်ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၁၆ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရွှေဟင်္သာ) ခန်းမ၌ ကျင်းပစဉ်။**

ချိုမြတ်မြတ်ထွေး (ကျိုက်မရော)

## တိုတိုထွာထွာဖတ်စရာ

### မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်ရေးပြိုင်ပွဲများ ကျင်းပ

**မြဝတီ**

ကရင်ပြည်နယ် မြဝတီမြို့ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို ဇွန် ၁၆ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါပြိုင်ပွဲသို့ အလယ်တန်းအဆင့် ၁၃ ဦး၊ အထက်တန်းအဆင့် ၁၀ ဦး စုစုပေါင်း ၂၃ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

**လက်ပံတန်း**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကလေးစာဖတ်ခန်းတွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အကြို စာစီစာကုံးပြိုင်ပွဲကို ဇွန် ၁၇ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခြေခံပညာကျောင်းများမှ အလယ်တန်းအဆင့် ကျောင်းသားကျောင်းသူ ၁၀ ဦး၊ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၀ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

**ဝင့်နန္ဒာဌေး**

**ရန်ကုန်**

မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအထိမ်းအမှတ်အဖြစ် ကျပန်းစကားပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲကို ဇွန် ၁၆ ရက် နံနက် ၉ နာရီက ဒလမြို့နယ် ကျန်စစ်သားရပ်ကွက် ဒလ-တွံတေးကားလမ်းမဘေးရှိ မြို့နယ်ပညာရေးမှူးရုံး၌ ကျင်းပသည်။

မူလတန်းအဆင့်-၁၆ ဦး၊ အလယ်တန်းအဆင့် ကိုးဦး၊ အထက်တန်းအဆင့်တွင် သုံးဦးတို့က သတ်မှတ်ပေးထားသည့် ခေါင်းစဉ်များဖြင့် မဲနှိုက်၍ ကျရာခေါင်းစဉ်အား ယှဉ်ပြိုင်ခဲ့ကြသည်။

**မောင်ယဉ်ဦး(ဒလ)**

**ဒေးဒရဲ**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အကြို ဆေးရောင်ခြယ်ပြိုင်ပွဲကို ဒေးဒရဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကလေးစာဖတ်ခန်း၌ ဇွန် ၁၅ ရက် နံနက် ၁၁ နာရီက ကျင်းပသည်။

အဆိုပါဆေးရောင်ခြယ်ပြိုင်ပွဲသို့ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၂၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများအား ပန်းချီပညာရှင် ဦးအေးမြင့်ဆွေက ဆုများအသီးသီး ပေးအပ်ခဲ့ကြကြောင်းသိရသည်။

**မြင့်မြင့်ခိုင်(ပြန်/ဆက်)**

**ဟိုပင်**

ကချင်ပြည်နယ် ဟိုပင်မြို့ လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ဇွန် ၁၆ ရက် နံနက် ၉ နာရီက အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အကြို ပန်းချီပြိုင်ပွဲ ကျင်းပသည်။

ဟိုပင်မြို့အတွင်းရှိ အထက (၁)၊ အထက(မြသီတာ)၊ အထက(စက်ကုန်း)၊ ဒေါ်ခင်သန်းမူကိုယ်ပိုင်အထက်တန်းကျောင်း၊ အမက(ဂါတ်ကုန်း)နှင့် အလက (ခွဲ) အနောက်ကျောင်းတို့မှ မူလတန်းအဆင့်၊ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၅၆ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

**တိုးတိုးမေ (ဟိုပင်)**



ခရမ်းမြို့နယ် ပိန်းကန်နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်သိန်းဆန်းဝင်း ဇွန် ၁၆ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ခရမ်းမြို့နယ် စွယ်ကတော့ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် ရွာသူရွာသားများကို သက်ငယ်မုဒိမ်းမှုပပျောက်ရေးနှင့် မူခင်းကျဆင်းရေး ဆွေးနွေးဟောပြောစဉ်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

# အာဆီယံတိုင်းရင်းဆေးနှင့် ကျန်းမာရေးဖြည့်စွက်အစာဆိုင်ရာ ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ် သင်တန်းဖွင့်

**နေပြည်တော် ဇွန် ၁၇**

တတိယအကြိမ် အာဆီယံတိုင်းရင်းဆေးနှင့် ကျန်းမာရေးဖြည့်စွက် အစာဆိုင်ရာ ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ်သင်တန်းဖွင့်ပွဲကို ယနေ့တွင် တိုင်းရင်းဆေးပညာဦးစီးဌာန အမျိုးသားပရဆေးဥယျာဉ်(နေပြည်တော်)၌ ကျင်းပသည်။

အခမ်းအနားတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာသာထွန်းကျော်က အဖွင့်အမှာစကားပြောကြားပြီး အခမ်းအနားကို ဖွင့်လှစ်ပေးသည်။





အဆိုပါ သင်တန်းကို တိုင်းရင်းဆေးပညာဦးစီးဌာနက ဦးစီး၍ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ဆေးဝါးစက်ရုံ(အင်းစိန်)နှင့် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့မှ ပညာရှင်များ၏ ပံ့ပိုးမှုဖြင့် ဖွင့်လှစ်ခြင်းဖြစ်ပြီး ပြည်ထောင်စုနယ်မြေ တိုင်းဒေသကြီး၊ ပြည်နယ် ၁၀ ခုနှင့် ပုဂ္ဂလိကတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး ၄၉ ခုတို့မှ လုပ်ငန်းရှင်များနှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးစက်ရုံ(ရန်ကုန်နှင့်မန္တလေး)တို့မှ ဝန်ထမ်းများ စုစုပေါင်း သင်တန်းသား ၆၃ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇွန် ၁၇ ရက်မှ ၂၂ ရက်အထိ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**ဉာဏ်ကောင်းဆက်**

# မဒေါက်၌ ရေဘေးကာကွယ်ရေးသရုပ်ပြ

**မဒေါက် ဇွန် ၁၇**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မဒေါက်မြို့ (၁)ရပ်ကွက်ရှိ စစ်တောင်းတာမိုင်(၃၈/၅)မိုင်တွင် ဇွန် ၁၆ ရက်နံနက် ၉ နာရီခန့်က ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြခဲ့သည်။

အဆိုပါသရုပ်ပြပွဲသို့ ညောင်လေးပင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်သိန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွေး၊ ပဲခူးခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်မိုးညွန့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေဝ်မိုင်လှကြည်နှင့် ဌာနဆိုင်ရာများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ မီးသတ်နှင့်ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ မြို့နယ်အတွင်းရှိ လူမှုကူညီရေးအသင်းဥက္ကဋ္ဌနှင့် အသင်းသားများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်သိန်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့ က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ပဲခူးခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက ရေဘေးအန္တရာယ်ကာကွယ်ရေး နည်းလမ်းများနှင့် သတိပြုရမည့်အချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးအရာရှိ ဦးသန့်ဇင်အောင်နှင့် ဝန်ထမ်းများက ရေပေါက်ပေါက်ခြင်းအတွက် ရေခွေခွေခြင်း၊ သဲဗွက်ထခြင်းအတွက် ရေခွေခွေခြင်း၊ တာပေါ်ရေကျော်ခြင်းအတွက် တာထိပ်ဆင့်ခြင်း၊ တာအိတာလျှောခြင်းအတွက် ကာကွယ်ခြင်းနည်းစနစ်များကို လက်တွေ့သရုပ်ပြသမှုများပြုလုပ်ပြသပေးကြပြီး ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များက ကြည့်ရှုအားပေးကြသည်။



ယင်းမြို့နယ်တွင် ရေဘေးကာကွယ်ရေးတာ သုံးခုရှိရာ စစ်တောင်းတာ၏ ရေဘေးကာကွယ်ရေး ဧရိယာမှာ ၅၂၄၃၄ ဧကရှိကြောင်း သိရသည်။

**ပိန်းဇလုပ်သိန်းညွန့်**

# ငဝန်တာမိုင်အမှတ် (၇၁/၁)၊ ရေကင်းစခန်းအမှတ် (၇) တွင် ရေဘေးကာကွယ်ရေး သရုပ်ပြ

**သာပေါင်း ဇွန် ၁၇**

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သာပေါင်းမြို့ ငဝန်တာ တာမိုင်(၇၁/၁) ရေကင်းစခန်း အမှတ်(၇) သစ်ပုတ်ကုန်းကျေးရွာအနီးတွင် ရေဘေးကာကွယ်ရေး သရုပ်ပြပွဲကျင်းပသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမြင့်အောင်က မိုးရာသီ ရေကြီးနစ်မြုပ်မှု လျော့နည်းသက်သာစေရေးနှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ရေဘေးကာကွယ်ရေးတာများမကျိုးပေါက်နိုင်ရန် သာပေါင်းမြို့နယ် ငဝန်တာတွင် ရေကင်းစခန်းအမှတ်(၅)မှ ရေကင်းစခန်း အမှတ် (၈) အထိ ရေကင်းစခန်းလေးခု ဖွင့်လှစ်ထားရှိပြီး အရေးပေါ်အခြေအနေဖြစ်ပေါ်လာပါက အရေးပေါ်ပစ္စည်းစုဆောင်းထားရှိမှုများ၊ ဝန်ထမ်းအင်အားများဖြင့် ကြီးကြပ်ဆောင်ရွက်နေမှုအခြေအနေများနှင့် ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်မှု အရေးပါပုံ၊ တာတမံဥပဒေကို လိုက်နာဆောင်ရွက်ရန် အရေးကြီးပုံတို့ကို ရှင်းလင်းပြောကြားသည်။

မိုးရာသီ တာတမံထိခိုက်ပျက်စီးစေသော အကြောင်းရင်းများဖြစ်သည့် တာထိပ်ပေါ်ရေကျော်ခြင်း၊ ရေပေါက်တူးပေါက်ဖြစ်ပေါ်ခြင်း၊ တာအိတာလျှောခြင်း၊ သဲဗွက်ထခြင်းစသည်တို့ ဖြစ်ပေါ်ပုံနှင့်ကာကွယ်ရမည့်နည်းလမ်းများကို သရုပ်ပြရှင်းလင်းပြီး တက်ရောက်လာကြသူများအား ရေဘေးအန္တရာယ်ကာကွယ်ရေး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။



**သာပေါင်း(ပြန်/ဆက်)**

## မောင်တောမြို့တွင် မုန်တိုင်းဘေးအန္တရာယ်ဆိုင်ရာ သဏ္ဌာန်တူဇာတ်တိုက်လေ့ကျင့်

**မောင်တော ဇွန် ၁၇**
ရခိုင်ပြည်နယ် မောင်တောမြို့နယ် ကျောက်ပန္ဒုကျေးရွာ၌ မုန်တိုင်းဘေးအန္တရာယ်ဆိုင်ရာ သဏ္ဌာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်းကို ဇွန် ၁၆ ရက် နံနက် ၉ နာရီက ကျင်းပသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ဦးဆောင်၍ မြို့နယ်အဆင့် သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီဝင်များသည် မြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်ဖြစ်ပွားလာပါက လူနှင့် တိရစ္ဆာန်များအား ဘေးလွတ်ရာစုရပ်စခန်းသို့ စနစ်တကျ ပြောင်းရွှေ့တတ်စေရန်၊ သဘာဝဘေးကြောင့် လူ့အသက်ဆုံးရှုံးမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှု လျော့နည်းစေရန် ရည်ရွယ်၍ မုန်တိုင်းသဏ္ဌာန်တူ ဇာတ်တိုက်လေ့ကျင့်ခဲ့ကြရာ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများ အင်အား ၄၂၀ ခန့် ပါဝင်ဆောင်ရွက်ခဲ့ကြသည်။ **သက်လွင်စိုး(ပြန်/ဆက်)**



## ဘုရားငူကျေးရွာတွင် သဘာဝဘေးသဏ္ဌာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်း ပြုလုပ်

**သာပေါင်း ဇွန် ၁၇**
သာပေါင်းမြို့နယ်ကြက်ခြေနီအသင်းခွဲက ကြီးမှူးပြုလုပ်သည့် ရပ်ရွာလူထုပါဝင်သော သဘာဝဘေး သဏ္ဌာန်တူဇာတ်တိုက်လေ့ကျင့်ခြင်းကို ဇွန်လ ဒုတိယပတ်က ရွှေညောင်ပင်ကျေးရွာအုပ်စု ဘုရားငူကျေးရွာ၌ ကျင်းပသည်။



မိုးလေဝသမှ ထုတ်ပြန်သောသတင်းများကို ကျေးရွာတာဝန်ရှိသူများက ကြေညာခြင်း၊ မုန်တိုင်းဝင်ရောက်တိုက်ခတ်ခြင်းမဖြစ်ခင် ကြိုတင်ပြင်ဆင်ရန်များ နှိုးဆော်ခြင်း၊ ကျေးရွာတွင်းသွားလာမည့်လမ်းအခြေအနေနှင့်မြေပုံရေးဆွဲခြင်း၊ အရေးကြီးစာရွက်စာတမ်းများနှင့် စားနပ်ရိက္ခာများ၊ လိုအပ်သောပစ္စည်းများ ထုပ်ပိုးသိမ်းဆည်းထားရန် နှိုးဆော်ခြင်း၊ အရေးပေါ်အခြေအနေဖြစ်ကြောင်း သတင်းရရှိသည်နှင့် ကျေးရွာရှိ စုဝေးခန်းမသို့ ရွှေ့ပြောင်းနေထိုင်ကြရန် နှိုးဆော်ခြင်းတို့ကို အဆင့်ဆင့်ဆောင်ရွက်ကြပြီး ကျေးရွာနေ ပြည်သူများက သဏ္ဌာန်တူဇာတ်တိုက်လေ့ကျင့်ကြသည်။

ဆက်လက်၍ ခိုလှုံရာစခန်းသို့ ရောက်ရှိသည့်အခါ နေရာချထားခြင်း၊ လူဦးရေစာရင်းကောက်ယူခြင်း၊ စိစစ်ခြင်းများ ပြုလုပ်ကြပြီး ပျောက်ဆုံးနေသူအား ရှာဖွေကယ်ဆယ်ခြင်း၊ ရှေးဦးပြုစုပေးခြင်းစသည့် သရုပ်ပြခြင်းများကို ကျေးရွာရှိ ကော်မတီဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက လက်တွေ့လုပ်ဆောင်ခဲ့ကြသည်။
**မျိုးဇော်သိန်း (ပြန်/ဆက်)**

## မိုးကာလ မှိုများ သတိပြုစားသုံးသင့်

**ရေတာရှည် ဇွန် ၁၇**
မိုးဦးရာသီကာလ မြက်ကြားမှိုများကို ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ထွန်ယက်ခြင်း မပြုရသေးသည့် လယ်ကွက်များမှ နေရာအနှံ့အပြား၌ နုတ်ယူရရှိနေကြပြီး ဈေးသို့သွားရောက်ရောင်းချကြခြင်းအပြင် ကျေးရွာများသို့လည်း လှည့်လည်ရောင်းချလျက်ရှိသည်ကို တွေ့ရှိနေရသည်။

ချိုဆိမ့်သော အရသာရှိသည့် မြက်ကြားမှိုသည် အပွင့်နှင့် အရိုးတံမှာသေးငယ်ပြီး နူးညံ့သည့်အတွက် စားသုံးသူတိုင်း ကြိုက်နှစ်သက်ကြခြင်းဖြစ်သည်။ မြက်ကြားမှိုနှင့်အတူ အခြားသော အဆိပ်အတောက်ရှိသည့် မှိုမျိုးများ ပါဝင်လာပါက မှိုတောက်၍ ဆေးရုံသို့တင်ပို့ကုသရခြင်းများလည်းရှိရာ မှိုချက်စားရာတွင် အထူးသတိပြုကြဖို့လိုအပ်ကြောင်း သုံးသပ်ပြောကြားမှုများလည်း ရှိနေသည်။

"လူကြီးတွေကတော့ မြက်ကြားမှိုကို ခွဲခြားနုတ်တတ်ပေမယ့် ကလေးတွေကျတော့ တွေ့သမျှမှိုကို အကုန်နုတ်တာ ရောထွေးကုန်တော့ ခွဲခြားရခက်ကုန်တာပေါ့။ ပြန်ဝယ်သွားတဲ့လူက ချက်စားတော့မှ မှိုတောက်တာတွေဖြစ်ကုန်တာ" ဟု အင်ကြင်းကုန်းကျေးရွာနေ ဒေသခံတစ်ဦးက ပြောကြားသည်။
**ကိုလွင်(ဆွာ)**





မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်ရွှေသည် ငါန်းဇွန်မြို့နယ် ငါန်းမြှားကြီးကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ဇွန် ၁၃ ရက် မှုခင်းအသိပညာပေး ဟောပြောစဉ်။
**ပွင့်သစ္စာ**

## စားသောက်ကုန်များအား ရှောင်တခင်စစ်ဆေး

**ထီးချိုင့် ဇွန် ၁၇**
စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ်ရှိ သက်ဆိုင်ရာဌာနများ ပူးပေါင်း၍ ထီးချိုင့်မြို့ အမှတ် (၃) ရပ်ကွက်ရှိ ကုန်စုံဆိုင်များနှင့် အမှတ် (၃) စာသင်ကျောင်းရှိ မုန့်ဈေးတန်းတို့အား စားသုံးရန်မသင့်သော စားသောက်ကုန်များ ရောင်းချခြင်း ရှိ၊ မရှိ ဇွန် ၁၇ ရက် နံနက် ၁၀ နာရီက ရှောင်တခင်ဝင်ရောက်စစ်ဆေးခဲ့သည်။

စားသုံးရန် မသင့်လျော်သည့် စားသောက်ကုန်များ၊ ထုတ်လုပ်ခွင့်ထောက်ခံချက်မရှိသော ကုန်ပစ္စည်းများကို ရောင်းချနေသည့် ကုန်စုံဆိုင်များအား စစ်ဆေးခဲ့ကြောင်း သိရသည်။ **ရဲလင်းထွန်း (ပြန်/ဆက်)**

## တိုတိုထွာထွာဖတ်စရာ

### ကျေးလက်နေပြည်သူများထံ သောက်သုံးရေလှူဒါန်း

**ညောင်ဦး**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်တွင် ကျေးလက်နေပြည်သူများ သောက်သုံးရေရှားပါးမှုအခက်အခဲများ ရင်ဆိုင်ကြုံတွေ့နေရဆဲဖြစ်ကြောင်း သိရ၍ ဇွန် ၁၆ ရက် နံနက် ၉ နာရီက ဖြူစင်မေတ္တာ ပရဟိတရေလှူအသင်းက သုမင်္ဂလာပရဟိတရေလှူအသင်းနှင့် ပူးပေါင်း၍ ရေသယ်ယာဉ်များဖြင့် သွားရောက်လှူဒါန်းပေးခဲ့သည်။

ညောင်ဦးမြို့နယ် ညောင်လှကျေးရွာရှိ ဒေသခံများအတွက် ရေဂါလန် ၂၇၀၀၊ ငါ့ပိုင်ကျေးရွာရှိ ဒေသခံများအတွက် ရေဂါလန် ၂၇၀၀၊ ကန်နီကြီးတဲတိုက်ရှိ ဒေသခံများအတွက် ရေဂါလန် ၂၇၀၀ စုစုပေါင်း ရေဂါလန် ၈၁၀၀ အား ဖြန့်ဝေလှူဒါန်းပေးခဲ့ကြောင်းသိရသည်။ **ရဲဝင်းနိုင် (ညောင်ဦး)**

### ကျောင်းကျန်းမာရေးအဖွဲ့ နယ်လှည့်ဆေးကုသပေး

**ကမမောင်း**
ကရင်ပြည်နယ် ကမမောင်းမြို့ ကိုးနဝင်းဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ဇွန် ၁၆ ရက် နံနက် ၈ နာရီက အရှေ့တောင်တိုင်းစစ်ဌာနချုပ် အမှတ် (၂၁) တပ်မတော်ဆေးရုံ ခုတင်-၁၀၀ မှ ကျောင်းကျန်းမာရေး နယ်လှည့်ဆေးကုသမှုအဖွဲ့က ရဟန်းသံဃာတော်များ၊ မိဘပြည်သူများနှင့် ကျောင်းသားကျောင်းသူများ၏ ကျန်းမာရေးကို စမ်းသပ်စစ်ဆေး၍ ဆေးကုသပေးခဲ့သည်။

ကမမောင်းမြို့နယ်အတွင်းရှိ ပြည်သူများအား နှလုံး၊ သွေးတိုး၊ ဆီးချိုရောဂါများအပြင် သွားရောဂါနှင့် သွေးအမျိုးအစားများကို ခွဲခြားစစ်ဆေးပေးခြင်း၊ လူနာများအတွက်ထိုးဆေး၊ စားဆေးများဖြင့် အခမဲ့ဆေးဝါးကုသပေးခဲ့ကြသည်။ **လင်းသန့်(ပြန်/ဆက်)**

### ခင်ဦးမြို့တွင် စပါးရိတ်ခြွေစက် စွမ်းရည်ပြပွဲကျင်းပ

**ခင်ဦး**
စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့တွင် နွေစပါးရိတ်သိမ်းမှု သရုပ်ပြပွဲနှင့် စပါးရိတ်ခြွေစက်စွမ်းရည်ပြပွဲကို ညီမင်းစိုး မျိုးစေ့ထုတ်ခြံ၌ ဇွန် ၁၆ ရက် နံနက် ၈ နာရီက ကျင်းပသည်။

မဲဆောက်ကုမ္ပဏီမှ မန်နေဂျာက စပါးရိတ်ခြွေစက်နှင့် ပတ်သက်၍ မိတ်ဆက်ရှင်းလင်းပြီး စက်အရောင်းအဖွဲ့မှ ဦးလင်းထွဋ်က စက်နှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် GW 1 ပုလဲသွယ် နွေစပါးခင်းကို စပါးရိတ်ခြွေစက်ဖြင့် လက်တွေ့မောင်းနှင်သရုပ်ပြသခဲ့ကြောင်း သိရသည်။ **မိုးသောက် (ရွှေဘို)**

### အမြင့်တင်ပိုက်လိုင်းစနစ်ဖြင့် သောက်သုံးရေရရှိ

**ဂန့်ဂေါ**
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဂန့်ဂေါမြို့နယ် စမိတ်ရွာတွင် အမြင့်တင်ပိုက်လိုင်းစနစ်ဖြင့် ရေသွယ်ယူမှုကိုဆောင်ရွက်ခဲ့ရာ ယခုအခါ သောက်သုံးရေ အဆင်ပြေစွာရရှိနေပြီဖြစ်သည်။

ကျေးရွာအိမ်ခြေ ၁၇၀ မှ ပြည်သူ ၈၆၀ တို့ သောက်သုံးရေလွယ်ကူစွာရရှိနေကြပြီဖြစ်သည်။ ဆက်လက်၍ ရေမီတာစနစ်ဖြင့် အိမ်တိုင်ရာရောက်ရေဖြန့်ဝေနိုင်ရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ နည်းပညာများရယူကာ ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင် ဦးမျိုးမြင့်က ပြောသည်။ **ကျော်သန်းဆွေ (ဂန့်ဂေါ)**

### သစ်တောစိုက်ခင်းတည်ထောင်ခြင်းလုပ်ငန်းဆောင်ရွက်

**ကသာ**
ကသာမြို့နယ် ပိန္နဲချောင်ကျေးရွာအနီး၌ အောင်ပုံနတ်တံခါး ကြိုးပြင်ကာကွယ်တော ဧက ၂၅၀ ကို စီးပွားဖြစ် ပျဉ်းကတိုးစိုက်ခင်း တည်ထောင်ခြင်း၊ သဘာဝတောတန်ဖိုးမြှင့်စိုက်ခင်း ဧက ၁၀၀၊ စိုက်ခင်းဟောင်း ပြန်လည်ဆယ်တင်ခြင်း ၉၅ ဧက၊ ကျေးရွာသုံး ထင်းစိုက်ခင်း ဧက ၂၀ ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပုဂ္ဂလိကစီးပွားရေးစိုက်ခင်းများမှ ထုတ်ယူရရှိနိုင်သော အရွယ်အစားပမာဏရှိလာပါက ပြည်ပနိုင်ငံများ၊ ပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ်အသီးသီးသို့ ထုတ်လုပ်ရောင်းချခွင့်များရရှိသဖြင့် ပုဂ္ဂလိကစီးပွားဖြစ်စိုက်ပျိုးခြင်းများနှင့် ဒေသခံပြည်သူအစုပိုင် သစ်တောစိုက်ခင်းများတွင် ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ မန်ဂျန်ရှား၊ ယူကလစ်ပင်မျိုးများကို စိုက်ပျိုးလျက်ရှိကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။ **ငွေအိုး (ကသာ)**



# ရက်ရှ်ဖို့ဒ်အား ရီးယဲလ်နှင့် ဘာစီလိုနာက ခေါ်ယူရန်စိတ်ဝင်စားနေသော်လည်း မန်ယူတွင် ဆက်ရှိရန် တစ်ပတ်ပေါင်သုံးသိန်းခွဲဖြင့် ကမ်းလှမ်း

မန်ယူအသင်းတိုက်စစ်မှူး မားကတ်ရက်ရှ်ဖို့ဒ်အား ခေါ်ယူရန်အတွက် စပိန်လာလီဂါထိပ်တန်းအသင်းနှစ်သင်းဖြစ်သည့် ရီးယဲလ်မက်ဒရစ်အသင်းနှင့် ဘာစီလိုနာအသင်းတို့က စိတ်ဝင်စားလျက်ရှိပြီး လက်ရှိတွင် မန်ယူအသင်းကလည်း ရက်ရှ်ဖို့ဒ်အား အသင်းတွင် ဆက်ရှိရေး တစ်ပတ်လုပ်ခလစာပေါင်သုံးသိန်းခွဲအထိပေး၍ ကမ်းလှမ်းသွားမည်ဖြစ်ကြောင်းသိရသည်။

တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်၏ လက်ရှိစာချုပ်သက်တမ်းသည် ၁၂ လအတွင်းရောက်ရှိနေပြီဖြစ်သော်လည်း မန်ယူအသင်းနှင့် စာချုပ်သစ်ချုပ်ဆိုရေးဆွေးနွေးလျက်ရှိကြောင်းလည်း သိရသည်။

အသက် ၂၁ နှစ်အရွယ်ရှိ တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်သည် နည်းပြဆိုးရှားလက်ထက်တွင် နံပါတ်တစ်ဦးစားပေးတိုက်စစ်မှူးအဖြစ် ပါဝင်ကစားခွင့်ရရှိခဲ့ခြင်းကြောင့် မန်ယူအသင်းတွင် ဆက်လက်ကစားရန် စီစဉ်ထားသူလည်းဖြစ်သည်။

လက်ရှိတွင်မူ တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်အား ရီးယဲလ်မက်ဒရစ်အသင်းနှင့် ဘာစီလိုနာအသင်းတို့က ခေါ်ယူရန်စိတ်ဝင်စားလျက်ရှိပြီး မန်ယူအသင်းတွင် ဆက်နေမည်ဆိုပါက လေးနှစ်သက်တမ်းရှိစာချုပ်သစ်တစ်ရပ်ချုပ်ဆိုမည်ဖြစ်ကြောင်းလည်း သိရသည်။

မန်ယူအသင်းတိုက်စစ်မှူး ရက်ရှ်ဖို့ဒ်နှင့် ဂိုးသမားဒီဂီယာတို့ မန်ယူအသင်းမှ မထွက်ခွာပါက ကွင်းလယ်ကစားသမားပေါ့ဘာသည်လည်း မန်ယူအသင်းတွင် ဆက်ရှိနေမည်ဖြစ်ကြောင်းလည်း သိရသည်။

**ငွေကြယ် - ရေးသားသည်**

# စာချုပ်သစ်ချုပ်ဆိုခြင်းမရှိခဲ့ပါက ခရစ္စတယ်ပဲလေ့မှ တိုက်စစ်မှူးဘန်တီကီ ထွက်ခွာမည်



ဘယ်လ်ဂျီယံတိုက်စစ်မှူး ဘန်တီကီသည် လက်ရှိကလပ် ခရစ္စတယ်ပဲလေ့အသင်းက စာချုပ်သစ်ချုပ်ဆိုခြင်းမရှိခဲ့ပါက အသင်းမှ ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

တိုက်စစ်မှူး ဘန်တီကီသည် လက်ရှိတွင် ခရစ္စတယ်ပဲလေ့အသင်းနှင့် စာချုပ်သက်တမ်းနောက်ဆုံးနှစ်သို့ ရောက်ရှိနေပြီဖြစ်ပြီး စာချုပ်သစ်မချုပ်ဆိုပါက ၁၂ လအတွင်း အသင်းမှ ထွက်ခွာမည်ဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။

ခရစ္စတယ်ပဲလေ့အသင်းက တရုတ်ကလပ်အသင်းများ၏ ကမ်းလှမ်းလာမှုကို လက်ခံရန်နှင့် နွေရာသီအပြောင်းအရွှေ့ကာလတွင် ရောင်းချရန် စီစဉ်လျက်ရှိသော်လည်း လက်ရှိအချိန်အထိ ဘန်တီကီအား ခေါ်ယူရန် ကမ်းလှမ်းထားခြင်းမရှိသေးကြောင်းသိရသည်။ ထို့ကြောင့် တိုက်စစ်မှူး ဘန်တီကီအနေဖြင့် ခရစ္စတယ်ပဲလေ့အသင်းတွင် ဆက်ရှိရေးအတွက် ကြိုးပမ်းလျက်ရှိကြောင်းလည်း သိရသည်။

တိုက်စစ်မှူး ဘန်တီကီသည် ၂၀၁၆ ခုနှစ်အတွင်းက ခရစ္စတယ်ပဲလေ့အသင်းသို့ ရောက်ရှိလာခဲ့ပြီး ပထမရာသီက ပြိုင်ပွဲအရပ်ရပ်တွင် ၁၇ ဂိုးအထိသွင်းယူထားနိုင်ခဲ့သူလည်းဖြစ်သည်။ သို့ရာတွင် ဒုတိယရာသီတွင်မူ ဒဏ်ရာပြဿနာကြုံတွေ့ခဲ့ရခြင်းကြောင့် သွင်းဂိုးသုံးဂိုးသာသွင်းယူနိုင်ခဲ့သူဖြစ်ပြီး ဂိုးသွင်းခြေစွမ်းကျဆင်းခဲ့ရသူဖြစ်သည်။

၂၀၁၈-၂၀၁၉ ဘောလုံးရာသီတွင်မူ ဧပြီလအတွင်းက အာဆင်နယ်အသင်းနှင့် ပွဲစဉ်တွင် သွင်းယူခဲ့သည့် သွင်းဂိုးမှာ ဘန်တီကီအတွက် ပထမဆုံးသွင်းဂိုးလည်း ဖြစ်ခဲ့သည်။

## အနုပညာ

# တေလာဆွစ်ရဲ့ တေးဗီဒီယိုသစ်မှာ ကတ်တီပါရီနဲ့အတူ နာမည်ကျော်များစွာပါဝင်



ဂရမ်မီဆုများရှင် အမေရိကန်ပေါ့ပ်ကြယ်ပွင့် တေလာဆွစ်ရဲ့မကြာသေးမီကမှ စတင်ထုတ်လွှင့်ခဲ့တဲ့ " You Need To Calm Down" တေးဗီဒီယိုမှာတော့ သူနဲ့ နှစ်ပေါင်းများစွာ ဆက်ဆံရေးအဆင်မပြေဖြစ်ခဲ့ပြီး ပြန်လည်အဆင်ပြေလာခဲ့တဲ့ ပေါ့ပ်ကြယ်ပွင့် ကတ်တီပါရီ ပါဝင်နေတာ တွေ့ရပါတယ်။ ဒီတေးဗီဒီယိုမှာတော့ တေလာဆွစ်က ကတ်တီပါရီကို ဖက်ထားခဲ့တာကိုလည်း တွေ့ရပါတယ်။ ဒ့ါအပြင် ဒီတေးဗီဒီယိုမှာ အခြားသော နာမည်ကျော်တွေလည်း ပါဝင်နေကြောင်း ဟောလိဝုဒ်လိုက်ဖ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

တေလာဆွစ်ရဲ့ တေးအယ်လ်ဘမ်သစ်မှာပါဝင်မယ့် တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ "You Need To Calm Down" ကို ဇွန် ၁၇ ရက်မှာတော့ တေးဗီဒီယိုနဲ့အတူ စတင်ထုတ်လွှင့်ပေးခဲ့တာဖြစ်ပါတယ်။ ဒီတေးဗီဒီယိုမှာတော့ တေလာဆွစ်နဲ့ ကတ်တီပါရီတို့ဟာ ရယ်မောပျော်ရွှင်နေပြီး တေလာဆွစ်က ကတ်တီပါရီကို ဖက်ထားခဲ့တာကိုလည်း တွေ့ရပါတယ်။ ဒ့ါအပြင် ဒီတေးဗီဒီယိုမှာ နာမည်ကျော်မင်းသားတစ်ဦးဖြစ်တဲ့ ရှိုင်ယန်ရေးနော့ဒ်လည်း ပါဝင်နေပြီး သူကတော့ ပန်းချီရေးဆွဲသူတစ်ဦးအဖြစ် ပါဝင်ထားတာဖြစ်ပါတယ်။ သူဟာ ကတ်တီပါရီနဲ့ တေလာဆွစ်တို့ရဲ့ချစ်ခင်နေပုံကို တွေ့မြင်ရပြီး အံ့ဩဟန် သရုပ်ဆောင်ထားတာကိုလည်း တွေ့ရပါတယ်။

ဒ့ါအပြင် အခြားသော နာမည်ကျော်တွေဖြစ်ကြတဲ့ အဲလန်ဒီဂျန်းနရား၊ အဒမ်လမ်းဘားဒ်တို့လည်း ပါဝင်ပါတယ်။ ဒ့ါအပြင် တေလာဆွစ်ရဲ့ သူငယ်ချင်းတွေလည်း ပါဝင်နေပါတယ်။

"You Need To Calm Down" ဟာ တေလာဆွစ်ရဲ့တေးအယ်လ်ဘမ်သစ် "Lover" မှာပါဝင်မယ့် တေးသီချင်းတစ်ပုဒ်ပါ။

# Global Phenom Award ဆုကို BTS ဆွတ်ခူး

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "BTS" ဟာ လတ်တလောမှာ ပြုလုပ်ခဲ့တဲ့ အနုပညာထူးချွန်ဆုပေးပွဲတစ်ပွဲမှာတော့ "Global Phenom Award" ဆုကို ဆွတ်ခူးခဲ့ကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဇွန် ၁၇ ရက်မှာတော့ " Radio Disney Music Awards" လို့ လူသိများတဲ့ နိုင်ငံတကာ တေးဂီတထူးချွန်ဆုပေးပွဲ " 2019 ARDYs: A Radio Disney Music Celebration" ကို ကျင်းပခဲ့ပြီး ယခုနှစ်မှာမှ ပထမဆုံးအကြိမ် ထည့်သွင်းပေးအပ်ခဲ့တဲ့ "Global Phenom Award" ဆုကိုတော့ "BTS" က ရရှိခဲ့တာပါ။ ဒီလို ဆုရွေးချယ်ပေးအပ်ခဲ့ရတာကတော့ "BTS" ရဲ့ကမ္ဘာ့ပေါ့ပ်တေးဂီတအပေါ် လွှမ်းမိုးနိုင်မှုတွေ၊ အဖွဲ့ရဲ့တေးသီချင်းတွေ၊ အကတွေနဲ့ ဖက်ရှင်ကျမှုတွေကြောင့် ဖြစ်ကြောင်းလည်း သိရပါတယ်။

ဒီဆုကိုတော့ "BTS" အဖွဲ့ဝင်တွေဟာ တက်ရောက်လက်ခံရယူနိုင်ခဲ့ခြင်း မရှိဘူးလို့လည်း သိရပါတယ်။





# စူလီရဲ့တေးအယ်လ်ဘမ်သစ် ဇွန်လကုန်တွင် ထွက်ရှိမည်

တောင်ကိုရီးယားရဲ့ကျော်ကြားတဲ့ ကြယ်ပွင့်တစ်ဦးဖြစ်သူ စူလီဟာ တစ်ကိုယ်တော်တေးသံရှင်အဖြစ် အနုပညာလှုပ်ရှားမှုတွေ ပြန်လည်လုပ်ဆောင်သွားမှာဖြစ်ပြီး သူ့ရဲ့ တေးအယ်လ်ဘမ်သစ်ကိုလည်း ယခုလအတွင်း ထုတ်လွှင့်သွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီးဖြစ်ပါတယ်။ လတ်တလောမှာတော့ စူလီရဲ့တေးအယ်လ်ဘမ်သစ်ထွက်ရှိမယ့်ရက်ကို အေဂျင်စီက ထုတ်ဖော်ပြောကြားလာတာဖြစ်ကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

စူလီရဲ့ တေးအယ်လ်ဘမ်သစ်အမည်ကိုတော့ "Goblin" လို့ ပေးထားပြီး ယင်းတစ်ကိုယ်တော်တေးအယ်လ်ဘမ်သစ်မှာတော့ တေးသီချင်းသုံးပုဒ်ပါဝင်မှာဖြစ်တယ်လို့လည်း သိရပါတယ်။ တေးအယ်လ်ဘမ်သစ်တစ်ခုလုံးကိုတော့ ဇွန် ၂၉ ရက်မှာ စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

"Goblin" ဟာ စူလီအနေနဲ့သူ့ကို စတင်မွေးဖွားပေးခဲ့တဲ့ အမျိုးသမီး ကေပေါ့ပ်တေးဂီတအဖွဲ့ "f(x)" ကနေ နုတ်ထွက်ခဲ့တဲ့ ၂၀၁၅ ခုနှစ်နောက်ပိုင်း ပထမဆုံးထုတ်လွှင့်တဲ့ တေးအယ်လ်ဘမ်သစ်လည်းဖြစ်ပါတယ်။

**အေးပြည့် - ရေးသားသည်**

## ကလေးစာပေပွဲတော်အတွက် စာအုပ်များလှူဒါန်း

**တာချီလိတ် ဇွန် ၁၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ မကာဟိုခမ်း အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား ကျောင်းသူဟောင်းများသည် တန်ဖိုးငွေကျပ် ၃၂၃၆၀၀၀ တန်ဖိုးရှိ ဗလာစာအုပ်အထူးထုတ် ဒါဇင် ၁၀၄၀ ကို ကလေးစာပေပွဲတော်လာ ကျောင်းသား ကျောင်းသူများအား ပေးဝေရန်အတွက် ဇွန် ၁၇ ရက်က လှူဒါန်းခဲ့သည်။

ထို့ပြင် ကလေးစာပေပွဲတော် စာအုပ်စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ(တာချီလိတ်)သို့ လာရောက်လည်ပတ်သူများအတွက် စားစရာများဖြင့် စတုဒိသာကျွေးမွေးရန်လည်း စီစဉ်ထားကြောင်း သိရသည်။

အဆိုပါပွဲတော်ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် တာချီလိတ်ခရိုင် စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းစီစဉ်ကျင်းပပြီး ဇွန် ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ အခြေခံပညာအထက်တန်းကျောင်း မကာဟိုခမ်းရပ်ကွက် တာချီလိတ်မြို့၌ စည်ကားသိုက်မြိုက်စွာ ပြုလုပ်သွားမည်ဖြစ်ရာ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**





## ဟားခါးတွင် ပထမဆုံးအကြိမ် ကျောက်ကပ်သန့်စင်ခြင်းလုပ်ငန်း စတင်ဆောင်ရွက်

**ဟားခါး ဇွန် ၁၇**

ချင်းပြည်နယ် ဟားခါးမြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီးတွင် အသစ်တပ်ဆင်ထားသည့် ကျောက်ကပ်သန့်စင်စက်ဖြင့် ပထမဆုံးအကြိမ် ကျောက်ကပ်သန့်စင်ခြင်းလုပ်ငန်း စတင်ဆောင်ရွက်မှုကို ဇွန် ၁၇ ရက် နံနက် ၉ နာရီခွဲက အဆိုပါဆေးရုံရှိ ကျောက်ကပ်သန့်စင်ဌာနတွင် ကျင်းပသည်။

ချင်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ့၊ ပြည်နယ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဝီကော၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးတိုးဝင်းနှင့် ပြည်နယ်၊ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြည့်ရှုအားပေးကြပြီး ပြည်နယ်ပြည်သူ့ကျန်းမာရေး၊ ကုသရေးဦးစီးဌာနမှူး ဒေါက်တာတင်မောင်ဆွေနှင့် ပြည်နယ်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဇင်ကိုကိုအောင်တို့က လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဧည့်သည်တော်များသည် ပြည်သူ့ဆေးရုံကြီးအတွင်းရှိ သွေးလှူဘဏ်ဌာနတွင် အသစ်တပ်ဆင်ထားသော စက်ပစ္စည်းများ၊ ကလေးအထူးကြပ်မတ်ဆောင်တွင်အသစ်တပ်ဆင်ထားသော စက်ပစ္စည်းများကိုကြည့်ရှုကြရာ ပြည်နယ်ပြည်သူ့ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်များက ရှင်းလင်းပြသကြသည်။

ဟားခါးမြို့ပြည်နယ်ပြည်သူ့ဆေးရုံကြီး၏ ကျောက်ကပ်သန့်စင်ဌာနတွင် သမားတော်ကြီး ဒေါက်တာဝင်းမြင့်က ဦးဆောင်၍ လက်ထောက်ဆရာဝန် ဒေါက်တာထန်စိုးလျှန်နှင့် သူနာပြုဆရာမ လေးဦးဖြင့် ကျောက်ကပ်ရောဂါဝေဒနာရှင်များအား စတင်ကုသပေးလျက်ရှိသည်။

ယခင်က ကျောက်ကပ်ရောဂါသည်များကို ချင်းပြည်နယ်နှင့် မိုင်ပေါင်းများစွာဝေးလံသည့် မြို့ကြီးများတွင်သာ သွားရောက်ကုသခဲ့ရပြီး ယခုအချိန်တွင် ဟားခါးပြည်သူ့ဆေးရုံကြီး၌ အထူးကုသမားတော် ဆရာဝန်ကြီးကိုယ်တိုင် ဦးဆောင်ကုသပေးနေပြီဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ပြည်သူ့စကားဝိုင်းများ မြို့နယ်အချို့တွင်ကျင်းပ



**မတ္တရာ**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ဘူမိန္ဒရကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကို ဇွန် ၁၆ ရက် မွန်းလွဲ ၁ နာရီက အဆိုပါကျေးရွာ အလက(ခွဲ) ကျောင်းခန်းမတွင် ကျင်းပသည်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမင်းမင်း၊ ဦးအောင်ကျော်နိုင် (မြို့နယ်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)၊ ဦးခင်မောင်လွင် (မြို့နယ်ပညာရေးမှူး)၊ ဦးအောင်ဗိုလ်ဗိုလ် (ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)၊ ဦးဝေယံလင်းနိုင် (ကလေးသူငယ်များဖွံ့ဖြိုးရေးအသင်း) တို့က ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများ၏ မေးမြန်းဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။ **(အပေါ်ပုံ)**

**စိုးကျော်သူထွေး (မတ္တရာ)**

**ပင်လည်ဘူး**

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့၌ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဦးဆောင်ပြုလုပ်သော လူငယ်နှင့်ကျန်းမာရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ဇွန် ၁၆ ရက် နံနက် ၉ နာရီခွဲက ပင်လည်ဘူးမြို့နယ် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးခိုင်လင်းနိုင်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးဝင်းခိုင်က လူငယ်နှင့် ကျန်းမာရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ပြုလုပ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

မြို့နယ် ကျန်းမာရေးဦးစီးဌာန ဒေါက်တာကျော်နိုင်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်း ဒုရဲအုပ်မိုးကြယ်၊ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ စာရေးဆရာ မောင်လွှန်းမြိုင်(ပင်လည်ဘူး)၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးနိုင်းလိမ်းဟုန်း၊ မြို့နယ်တိုင်းရင်းဆေးဦးစီးဌာန တိုင်းရင်းဆေးမှူး ဒေါ်မြင့်မြင့်ခိုင်တို့က ဦးဆောင်ပြီး လူငယ်နှင့်ကျန်းမာရေးခေါင်းစဉ်ဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးပြောကြားပြီး ကျောင်းသား ကျောင်းသူများက မိမိတို့သိရှိလိုသည့် အကြောင်းအရာများအား မေးမြန်းကြကာ သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြသည်။

ထို့နောက် မြို့နယ်တိုင်းရင်းဆေးဦးစီးဌာနမှ ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးစစ်ဆေးမှုများပြုလုပ်ကာ ကျန်းမာရေးမကောင်းသည့် ကျောင်းသား ကျောင်းသူများအား မြန်မာ့တိုင်းရင်းဆေး စားဆေး၊ သောက်ဆေး၊ လိမ်းဆေးများပေးကာ ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးခဲ့သည်။ **မျိုးလွင်(ပင်လည်ဘူး)**

**ရမည်းသင်း**

ရမည်းသင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ရေးဦးစီးဌာနက လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ဇွန် ၁၆ ရက် မွန်းတည့် ၁၂ နာရီတွင် KEC မိသားစုဘော်ဒါကျောင်း၌ ပြုလုပ်သည်။

ရမည်းသင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးနေလင်းအောင်က ပြည်သူ့စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

နည်းပညာတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးခင်မောင်ချင်း၊ ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးစိန်ဖြိုးမောင်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒေါက်တာ သီရိမွန်၊ ခရိုင်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးဇော်မင်းစိုး၊ ခရိုင်လူငယ်ရေးရာကော်မတီဝင် ဦးအေးမင်းမြတ်တို့က မူးယစ်ဆေးဝါးသုံးစွဲရခြင်းကြောင့် ဖြစ်ပေါ်လာမည့် အန္တရာယ်များ၊ ဥပဒေပုဒ်မများ၊ လူမှုရေး၊ ကျန်းမာရေးဆိုင်ရာ ထိခိုက်မှုများ၊ မူးယစ်ဆေးဖြတ်ပေးနေမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များ မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**ရန်နိုင်ထွန်း(ရမည်းသင်း)**





# နောင်တရားမြို့ ရွှေဘုန်းပွင့်စေတီတော် ထီးတော်တင်လှူ

**နောင်တရား ဇွန် ၁၇**
ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နောင်တရားမြို့ ရွှေဘုန်းပွင့်စေတီတော် ထီးတော်တင်လှူပွဲကို ဇွန် ၁၇ ရက် မွန်းတည့် ၁၂ နာရီက ကျင်းပခဲ့သည်။

နောင်တရားပရိယတ္တိစာသင်တိုက်၏ ပဓာနနာယက ဆရာတော်ဘဒ္ဒန္တဂန္ဓမာက ဦးစီး၍ ရွှေဘုန်းပွင့်စေတီတော်ကို ပြန်လည်ပြုပြင်မွမ်းမံပြီး ထီးတော်တင်လှူခြင်းဖြစ်သည်။ ထို့အပြင် ရွှေဘုန်းပွင့်စေတီတော်၌ (၂၅) ကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်းကျမ်းနှင့် မဟာသမယသုတ်ကို ရွတ်ဖတ်ပူဇော်ခဲ့ကြောင်း သိရသည်။

အလှူတော်မင်္ဂလာအခမ်းအနားတွင် တပည့်ဒါယကာ ဒါယိကာမများက ဘုရားအမှူးရှိသော သံဃာတော် အရှင်သူမြတ်တို့အား ဆွမ်း၊ ခဲဘွယ်၊ သစ်သီးအစရှိသော လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းပြီး သံဃာတော်အရှင်သူမြတ်များ ဟောကြားတော်မူသော ပရိတ်တရားတော်နှင့် အလှူအနုမောဒနာ ဓမ္မဒေသနာမြတ်တို့ကို အတူတကွနာယူကာ ရေစက်သွန်းချ အမျှပေးဝေခဲ့ကြောင်း သိရသည်။

**ခွန်အောင်(နောင်တရား)**

# မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခြင်းဆိုင်ရာ စာတမ်းဖတ်ပွဲကျင်းပရေး ညှိနှိုင်းဆွေးနွေး

**ရန်ကုန် ဇွန် ၁၇**
ဘာသာပြန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခြင်းဆိုင်ရာ အသိပညာ၊ အတတ်ပညာများ မျှဝေဆောင်ရွက်နိုင်ရန်၊ အရည်အသွေးမြင့်မားသော ဘာသာပြန် သုတ၊ ရသစာပေများ ထွက်ပေါ်လာစေရန်နှင့် ဘာသာပြန်လုပ်ငန်းကို မျိုးဆက်သစ်လူငယ်များ စိတ်ဝင်စားပါဝင်လာစေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပမည့် မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခြင်းဆိုင်ရာ စာတမ်းဖတ်ပွဲကို ဩဂုတ်လ နောက်ဆုံးအပတ်တွင် ရန်ကုန်မြို့သိမ်ဖြူလမ်းရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်) ရွှေဥဒေါင်းခန်းမ၌ နှစ်ရက်တာ ကျင်းပသွားမည် ဖြစ်သည်။

အဆိုပါမြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခြင်းဆိုင်ရာ စာတမ်းဖတ်ပွဲကျင်းပနိုင်ရေးအတွက် ဒုတိယအကြိမ် ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် စာတမ်းဖတ်ပွဲကျင်းပမည့် အချိန်နှင့် နေ့ရက်ကို သတ်မှတ်ခြင်း၊ စာတမ်းဖတ်ကြားမည့် ပညာရှင်ရှစ်ဦးနှင့် ၎င်းတို့၏ စာတမ်းခေါင်းစဉ်အမည်များကို ပဏာမ ရွေးချယ်ခြင်း၊ စီးပွားရေး၊ ဥပဒေရေးရာ အစရှိသည့် စိတ်ဝင်စားဖွယ်ကဏ္ဍများ စုံလင်စွာပါဝင်ရေးအတွက် ပြင်ပမှ ပညာရှင်များ ဖိတ်ခေါ်ရေးနှင့် စာတမ်းဖတ်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တက်ရောက်လာကြသူများက အသေးစိတ်ညှိနှိုင်းဆွေးနွေးကြသည်။

ယနေ့ဆွေးနွေးပွဲသို့ မြန်မာလေ့လာရေးအဖွဲ့မှ ပညာရှင်များ၊ စာတမ်းဖတ်ပွဲဖြစ်မြောက်ရေးကော်မတီဝင်များနှင့် ဖိတ်ကြားထားသည့် ဘာသာရပ်ဆိုင်ရာ ပညာရှင်ကြီးများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်း - စန္ဒီဖြိုး၊ ဓာတ်ပုံ - လှမိုး**



# စေတုတ္တရာမြို့နယ်၌ ကျောက်ချောလမ်းဖွင့်

**စေတုတ္တရာ ဇွန် ၁၇**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စေတုတ္တရာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကူညီဆောင်ရွက်မှုဖြင့် ကျေးရွာအဝင် ကျောက်ချောလမ်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက စေတုတ္တရာမြို့နယ် ပေါက်ချောင်းကျေးရွာ၌ ပြုလုပ်သည်။

ရှေးဦးစွာ ကျေးရွာအဝင် ကျောက်ချောလမ်းကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးစိုးလင်းထွဋ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမောင်မောင်လေး၊ မြို့နယ်စာရင်းစစ်ဦးစီးအရာရှိ ဦးမောင်မောင်သွင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။



ဆက်လက်၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိက ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများနှင့်ပတ်သက်၍ သိကောင်းစရာများကို ဆွေးနွေးပြောကြားသည်။

အဆိုပါ ကျေးရွာအဝင်ကျောက်ချောလမ်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခွင့်ပြုရန်ပုံငွေကျပ် သိန်း ၁၀၀၊ ကျေးရွာပြည်သူများ ထည့်ဝင်ငွေ သုည ဒသမ ၅ သိန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လမ်းအကျယ် ၁၂ ပေ၊ အရှည် ပေ ၁၅၆၀ ရှိကြောင်း သိရသည်။

**စည်သူလွင်(ပြန်/ဆက်)**

# ရောဝတီတံတား(ထီးချိုင့်)ရေလမ်းကြောင်းပြောင်းလဲမည်

**နေပြည်တော် ဇွန် ၁၇**
ရောဝတီတံတား(ထီးချိုင့်) ရေလမ်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်/အဆန်လမ်းအဖြစ် ရေလည်တိုင်အမှတ်(၁၅) နှင့် (၁၆) အကြားမှ ဖွင့်လှစ်ထားခဲ့သည်။ ယခုအခါ ရေများကာလသို့ ရောက်ရှိလာပြီဖြစ်သဖြင့် ရေလမ်းကြောင်းအခြေအနေအရ ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို ဇွန် ၂၀ ရက်မှစ၍ အစုန်လမ်းအဖြစ် ရေလည်တိုင်အမှတ် (၁၄)နှင့် (၁၅)အကြားသို့လည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလည်တိုင်အမှတ် (၁၅) နှင့် (၁၆)အကြားသို့လည်းကောင်း ပြောင်းလဲဖွင့်လှစ်မည် ဖြစ်သည်။

ပြောင်းလဲမည့် ရေလမ်း၏ ကင်းလွတ်အကျယ်မှာ ရေလည်တိုင်အမှတ် (၁၄ ) နှင့် (၁၅ ) အကြားတွင် ၃၄၄ ပေရှိပြီး ရေလည်တိုင်အမှတ် (၁၅) နှင့် (၁၆ ) အကြားတွင် ပေ ၂၀၀ ခန့်ရှိမည် ဖြစ်သည်။ ကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေမျက်နှာပြင်အထက် ၄၇ ပေရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့်ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင်တြိဂံအမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်းပြသထားမည် ဖြစ်သည်။ မဝင်ရမည့်ရေလမ်းတွင် နေ့အခါ အနီရောင်ကြက်ခြေခတ်အမှတ်အသားပြသ၍ ညအခါ မီးနီထွန်းပြသထားမည် ဖြစ်သည်။

တံတားရေလည်တိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလည်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့် အစွန်းထွက်နေသဖြင့် ရေယာဉ်များ ရေလည်တိုင် နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုကြရန်နှင့် တွဲရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သောအကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေးနှိုးဆော်ချက် သတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**

# ညောင်ဦး-မြင်းခြံလမ်းပေါ်ရှိ အရှည် ၄၃၅ ပေရှိ ဆင်တဲဝချောင်းတံတား

**မန္တလေး ဇွန် ၁၇**
မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ညောင်ဦး- မြင်းခြံလမ်း မိုင်တိုင်အမှတ် (၃၃/၁)နှင့် (၃၃/၃) အကြား တံတားအမှတ် (၁၁) ဆင်တဲဝချောင်းတံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့ (၂)မှ ဦးဌေးဦး(ညွှန်ကြားရေးမှူး၊ မြို့ပြ)နှင့် ဒေါ်ခိုင်ခိုင်ကျော် (လက်ထောက်ညွှန်ကြားရေးမှူး၊ မြို့ပြ)တို့က တာဝန်ယူတည်ဆောက်လျက်ရှိသည်။

တံတားအမျိုးအစားမှာ အပေါ်ထည် ကြိုတင်အားဖြည့် သံကူကွန်ကရစ်ရက်မ၊ သံကူကွန်ကရစ်ကြမ်းခင်း၊ လက်ရန်း အချင်း ၁ ဒသမ ၂ မီတာရှိသော သံကူကွန်ကရစ်ဘိုးပိုင်ဖြင့်ပြုလုပ်ထားသည်။ လူသွားလမ်းအကျယ် တစ်မီတာ တစ်ဖက်စီပါရှိပြီး ကြိုတင်အားဖြည့် သံကူကွန်ကရစ်ရက်မ ၁၁ ခန်း၊ တံတား၏အရှည်မှာ ၄၃၅ ပေရှိ တံတားတစ်စင်းဖြစ်သည်။ ယခင်က ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက တာဝန်ယူ တည်ဆောက်ခဲ့သော တံတားပေါ်မှ ဖြတ်သန်းသွားလာရပြီး ရထားလာမည့်အချိန်တွင် ရထားဖြတ်ပြီးမှသာ ခရီးသွားပြည်သူများ သွားလာရကြောင်း၊ ယခုအခါ အချိန်ကြန့်ကြာမှုမရှိတော့ဘဲ သွားလာနိုင်မည်ဖြစ်ကြောင်းနှင့် တံတားမှာ ၈၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**မြထွန်း(မလှိုင်)**

**ရန်ကုန်မြို့ လသာမြို့နယ် အမှတ်(၁)ရပ်ကွက် (၁၈)လမ်း သီရိသုခဓမ္မာရုံ၌ ဇွန် ၁၆ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဝင်းနိုင်က ရပ်ကွက်နေပြည်သူများအား တွေ့ဆုံပြီး သက်ငယ်မုဒိမ်းမှု လျော့နည်းကျဆင်းရေး၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး၊ ဒုစရိုက်မှုများ လျော့နည်းကျဆင်းရေးတို့ကို အသိပညာပေးဟောပြောစဉ်။**
မီးမီး(လှိုင်)



# လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းနှင့် ရုံးအဆောက်အအုံဆောက်လုပ်မှု ကြည့်ရှုစစ်ဆေး

**သထုံ ဇွန် ၁၇**
မွန်ပြည်နယ် ပေါင်မြို့နယ်နှင့် ဘီးလင်းမြို့နယ်တို့တွင် လူထုဗဟိုပြုစီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ထားသောလုပ်ငန်းများနှင့် ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးအဆောက်အအုံ ဆောက်လုပ်နေခြင်းကို ဇွန် ၁၅ ရက်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှခိုင် ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေးဆောင်ရွက်ကြရန် အကြံပြုဆွေးနွေးသည်။

ထို့နောက် ညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် ကျေးရွာတွင် ဆောင်ရွက်ထားရှိသော ခန်းမ၊ ကွန်ကရစ်လမ်းများနှင့် ရေပေးဝေရေးလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သထုံခရိုင်ကျေးလက်**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်မှူးမေအောင် (ငြိမ်း)၊ ထားဝယ်

**စက်ရုံမှူး(ငြိမ်း)၊ ဓာတုဗေဒပစ္စည်းစက်ရုံအမှတ်(၁)**

အမှတ်(၁) စက်မှုဝန်ကြီးဌာန၊ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း၊ ဓာတုဗေဒပစ္စည်း စက်ရုံအမှတ်(၁)၏ စက်ရုံမှူး(ငြိမ်း) ဗိုလ်မှူးမေအောင်(ငြိမ်း) အသက်(၉၀)သည် ၁၅-၆-၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**စက္ကူ-ဓာတု**
**အငြိမ်းစားဝန်ထမ်းဟောင်းများအဖွဲ့**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးကီကျွမ်း

**အ.ထ.က ကျောင်းအုပ်ကြီး(ငြိမ်း)၊ ပေါင်မြို့**

**အသက် (၈၆) နှစ်**

စီးပွားရေးတက္ကသိုလ်(ရန်ကုန်)၊ ဟန်လင်းဆောင်ကျောင်းသားဟောင်း ကိုကျော်မျိုးလွင်(ပီးကြောင်/ပေါင်ကြီး)၏ဖခင် ဦးကီကျွမ်းသည် ၁၄-၆-၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရ၍ ပီးကြောင်/ပေါင်ကြီး၏မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဟန်လင်းဆောင်သူငယ်ချင်းများ**
**(၁၉၈၆-၁၉၉၃)**

## ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးကြီးစန်းမြင့်ဦး (ဦးဆောင်ညွှန်ကြားရေးမှူး၊ က-ပ-ရ-ငြိမ်း)၊ ဒေါ်ခင်မြဝင်းတို့၏မိခင်ကြီး ဒေါ်သန်းသန်းလွင် (မော်လမြိုင်) အသက် (၈၄)နှစ်သည် ၁၄-၆-၂၀၁၉ (သောကြာနေ့) ည ၇း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ကုန်းလမ်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး**
**နှင့် ဝန်ထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်မှူးမြင့်သိန်း (ငြိမ်း)

**အသက်(၈၂)နှစ်**

ရန်ကုန်တက္ကသိုလ်နှင့် တက္ကသိုလ်များ ခြေလျင်/တောင်တက်အသင်း အဖွဲ့ဝင်ဟောင်းများဖြစ်ကြသော ကိုအောင်စည်ဟိန်းနှင့် မဇင်မင်းသိန်းတို့၏ဖခင် ဗိုလ်မှူးမြင့်သိန်း (ငြိမ်း) (မြန်မာ့ဆားလုပ်ငန်း)သည် ၁၃-၆-၂၀၁၉ ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်း ကြေကွဲရပါသည်။

**တက္ကသိုလ် ခြေလျင်/တောင်တက်အသင်း**
**သဘာဝခေါ်သံဖောင်ဒေးရှင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ရေ ၃၄၁၈ ဗိုလ်မှူးကျော်သန်း (ငြိမ်း)

**တပ်မတော်(ရေ)**

**အဏ္ဏဝါ (ရန်ကုန်) နာရေးကူညီမှုအသင်း၊ နာယကအဖွဲ့ဝင်**

**အသင်းဝင်အမှတ်(၀၆၃)**

**အသက်(၆၇)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ အမှတ်(၃၂)၊ ပထမထပ်(ဝဲ)နေ ဒေါ်ခင်ဦးကြည် ၏ ခင်ပွန်းဖြစ်သူသည် ၁၅-၆-၂၀၁၉ ရက် နံနက် ၆ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အဏ္ဏဝါ (ရန်ကုန်) နာရေးကူညီမှုအသင်း**

## ဝမ်းနည်းကြေကွဲခြင်း

## ဦးမင်းဇော်စိုး

**A.G.T.I(MP), (2000-မိတ္ထီလာ)**

**အသက် (၄၁) နှစ်**

မိတ္ထီလာ-ရတနာမာရ်အောင်နယ်မြေနေ ဦးလှဝင်း-ဒေါ်စန်းစန်းရင်တို့၏သား၊ နေပြည်တော်၊ မြန်မာ့သစ်လုပ်ငန်း၊ ပင်မအလုပ်ရုံအိမ်ရာဝင်းအတွင်းနေ ဦးစောနန်းလှိုင်-ဒေါ်ဘက်တီယုတို့၏သားသမက်၊ ဒေါ်တင်နွယ်ဝင်း၊ ဦးမြတ်မင်းဆွေ-ဒေါ်နွယ်နီဝေတို့၏ညီ/မောင်၊ မြန်မာ့သစ်လုပ်ငန်းအင်ဂျင်နီယာဌာန ပင်မအလုပ်ရုံတွင် အငယ်တန်းလက်ထောက်အင်ဂျင်နီယာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော ဦးမင်းဇော်စိုးသည် ၁၅-၆-၂၀၁၉ (စနေနေ့) နံနက် ၁၁း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**တံတားဦးစီးဌာနမိသားစု**
**နေပြည်တော်**

## အထူးကျေးဇူးတင်ရှိခြင်း

၁၄-၆-၂၀၁၉ ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားသော ဒေါ်သန်းသန်းတင် (ခ) ဒေါ်ချိုချိုတင် အသက် (၇၂) နှစ်အား နာမကျန်းစဉ်ကာလအတွင်း အဘက်ဘက်မှ ကူညီစောင့်ရှောက်ပေးခဲ့ကြသော Grand Hanthar ဆေးရုံကြီး၊ HD, ICU, HDU ဌာနမှ ဆရာဝန်ကြီးများ၊ ဆရာ၊ ဆရာမများနှင့် လာရောက်မေတ္တာပြုဆုတောင်းပေးကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ ကွယ်လွန်ချိန်တွင် Social media မှတစ်ဆင့် ဝမ်းနည်းကြောင်း အားပေးနှစ်သိမ့်သူများ၊ စျာပနနေ့တွင် လူကိုယ်တိုင်သော်လည်းကောင်း၊ ပန်းခြင်းပန်းခွေများပေးပို့၍ မေတ္တာပြုကြသော မိတ်ဆွေအပေါင်းတို့အားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်းနှင့် ၂၃-၆-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၅း၃၀ နာရီတွင် အင်းစိန်၊ ရွာမနှစ်ခြင်းခရစ်ယာန်အသင်းတော်တွင် ပြုလုပ်မည့်အောက်မေ့ဖွယ်အစည်းအဝေးသို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယကာကြီး**

## ဦးတင်ရီ (ပုလော၊ မြိတ်၊ ကော့သောင်းမြို့)

**အသက်(၉၅)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နေ (ဦးဘသိန်း-ဒေါ်ငွေအုံ)တို့၏သား၊ (ဒေါ်တင်ပို)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအေးကိုကို- ဒေါ်နွဲ့နွဲ့ရီ၊ ဒေါ်အေးအေးရီ၊ ဦးသောင်းထွန်း-ဒေါ်လှလှအေး၊ ဦးဖုန်းဝေ-ဒေါ်ကျင်ရီ၊ ဦးမျိုးဝေ-ဒေါ်ရှင်တင်၊ ဦးငွေလင်း-ဒေါ်တင်သီတာဆွေ၊ ဦးမင်းဝေ-ဒေါ်မြမြညွန့်၊ (ဒေါ်မိမိခိုင်)၊ ဦးဇော်ထွန်း- ဒေါ်ခင်ဝင်း၊ ဦးတိုးတိုး-ဒေါ်ဝင်း လီလီမောင်၊ (ဦးဘိုဘို-ဒေါ်စန္ဒာလှိုင်)၊ ဦးကိုကိုညီ-ဒေါ်ဝင်းဝင်းတိုးတို့၏ဖခင်၊ မြေး ၂၂ ယောက်၊ မြစ် ၁၀ ယောက်တို့၏ ချစ်လှစွာသောအဘိုး ဦးတင်ရီသည် ၁၆-၆-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၅း၂၀ နာရီတွင် ရန်ကုန်မြို့ ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၆-၂၀၁၉ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၆-၂၀၁၉(စနေနေ့) နံနက် ၈ နာရီမှ ၁၁ နာရီအထိ အမှတ်(၅၅)၊ တံတိုင်းမွှေးလမ်း၊ ဝါဝါဝင်း၊ မြခွာညို အဆင့်မြင့်အိမ်ရာ၊ (၇)အနောက်ရပ်ကွက်၊ ရောဝဏ်လမ်းမကြီး၊ သာကေတမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးကြွရောက်ပါရန် ဖိတ်ကြားအပ် ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

## ဦးစိုးမြင့်

**လ/ထ ကထိက(ငြိမ်း)၊ ရူပဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်**

**အသက် (၆၇) နှစ်**

စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့နယ်၊ ဒယ်ရောက်ရွာနေ (ဦးဘသွင်)-ဒေါ်ဖွားနိုင်တို့၏သားလတ်၊ ရန်ကုန်မြို့နေ (ဦးဖေမောင်-ဒေါ်စိန်လှ)တို့၏သားသမက်၊ စမ်းချောင်းမြို့နယ်၊ သုခမိန်လမ်း၊ အမှတ်(၂)၊ လေးလွှာ(A)နေ ဒေါ်ခင်သန်းဝင်း၏ ခင်ပွန်း၊ ဦးအောင်ဟိန်း-ဒေါ်ခိုင်စပယ်နှင်း၊ ဗိုလ်ကြီးရန်မျိုးနိုင်တို့၏ဖခင်၊ ဦးချစ်ဝေ၊ ဒေါ်ခင်ရွှေတို့၏ ညီ/မောင်၊ ဒေါ်ခင်ငွေ၊ ဦးအောင်ကြီး၊ ဦးအောင်ကျော်၊ ဦးအောင်မော်တို့၏အစ်ကို ဦးစိုးမြင့်သည် ၁၅-၆-၂၀၁၉ ရက် ည ၁၁း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၆-၂၀၁၉ ရက်တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၁-၆-၂၀၁၉ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ရဟန်း ဒါယကာကြီး**

## ဦးမောင်မောင်ချစ်

**အသက်(၆၆)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၄)ရပ်ကွက်၊ ကျောက်စိမ်း(၁)လမ်း၊ အမှတ်(၁၀၇-က)နေ (ဦးသန်းဖေ-ဒေါ်ထွေး)တို့၏ သား၊ (ဦးအောင်ဇီ-ဒေါ်ညွန့်ကြည်)တို့၏ သားသမက်၊ ကိုအောင်ဇော်လင်း-မလှမိုးနှင်း၊ ကိုညီညီဟိန်း-မမေဇာလင်း၊ ကိုဝင်းဇော်ချစ်-မပပအောင်၊ ကိုနေဝင်းထွန်း-မဖြူနှင်းချစ်တို့၏ ဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုး၊ ဒေါ်စန်းစန်းထွေး၏ ချစ်လှစွာသောခင်ပွန်း ဦးမောင်မောင်ချစ်သည် ၁၆-၆-၂၀၁၉ ရက် မွန်းလွဲ ၁း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၆-၂၀၁၉ ရက် ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (မြောက်ဒဂုံနေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင်ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၆-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ရဟန်းဒါယိကာမကြီး**

## ဒေါ်ကျင်ဆိုင်

**အသက် (၆၂) နှစ်**

ပဲခူးတိုင်းဒေသကြီး၊ မောက်မောက်ကျေးရွာ၊ ကဝမြို့နယ်နေ (ဦးကုလားလေး-ဒေါ်စောခင်)တို့၏ သမီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အောင်မေတ္တာလမ်း၊ အမှတ် (၆၁/ခ)နေ ဦးကိုကြီး၏ ချစ်လှစွာသောဇနီး၊ (ဦးဇင်မင်းထွန်း)-ဒေါ်ကေသွယ်ဦး၊ ဦးညီညီနိုင်-ဒေါ်ကေသီမိုး၊ ဦးမင်းကိုကိုငွေ-ဒေါ်မြင့်မြတ်စိုး၊ ဦးဝင်းကိုကိုငွေ-ဒေါ်ဝင်းမင်းဖြိုးတို့၏ ချစ်လှစွာသောမိခင်၊ မြေး ၈ ယောက်တို့၏အဘွားသည် ၁၇-၆-၂၀၁၉ ရက် နံနက် ၆း၅၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၆-၂၀၁၉ ရက် နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (တာမွေမြို့နယ်၊ အောင်မေတ္တာလမ်း၊ အမှတ် -၆၁/ခ နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၆-၂၀၁၉ ရက် နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးငွေမင်းအေး (ဒါရိုက်တာ)

**နန်းကနောင်သတ္တုတူးဖော်ရေးနှင့် အင်ဂျင်နီယာလုပ်ငန်းကုမ္ပဏီလီမိတက်**

**အထက(၃) မြောက်ဥက္ကလာပ၊ ကျောင်းသားဟောင်း**

**အသက် (၅၄) နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်၊ ဘုမ္မာ(၁၀)လမ်း၊ အမှတ်(၃၃၂)နေ (ဦးဘအေး-ဒေါ်ငွေသိန်း)တို့၏သား၊ (ဦးစောထွေးခင်)-ဒေါ်နော်ဒီးတို့၏သားသမက်၊ ဒေါ်မေရီအေး(အထက-၃၊ ငြိမ်း)၊ ဦးသိန်းထူးအေး(အင်ဂျင်နီယာ-မြို့ပြ)-ဒေါ်ခင်စိုး(ဗဟိုဘဏ်)၊ (ဦးတင်ထွန်းအောင်)-ဒေါ်မြင့်နွယ်အေး (ပြည်တွင်းအခွန်များဦးစီးဌာန၊ ဗိုလ်တထောင်မြို့နယ်)တို့၏ညီ/မောင်၊ ဦးစိုးမိုးအေး(M.D, NKN M & E Co.,Ltd)တို့၏အစ်ကို၊ ဒေါ်နော်ခလေးလာ(ခ) ဒေါ်နှင်းနှင်းအေး၏ ချစ်လှစွာသောခင်ပွန်း၊ မောင်အောင်ကောင်းမြတ်မင်း၊ မမြတ်ကြည်မွန်ငွေတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မစိုးမြတ်ရည်မွန်သိန်း၊ မသက်မှူးသဥ္ဇာတို့၏ဦးလေး ဦးငွေမင်းအေးသည် ၁၇-၆-၂၀၁၉ (တနင်္လာနေ့) နံနက် ၅ နာရီတွင် မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၆-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၆-၂၀၁၉ (တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**မြိတ်မြို့နယ်အသင်း(ရန်ကုန်)**
**သက်ကြီးကန်တော့ခံ**

## ဦးတင်ရီ

**(မြိတ်/ကော့သောင်း)**

**အသင်းဝင်အမှတ်(၈၂၇)**

**အသက်(၉၅)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၇) အနောက်ရပ်ကွက်၊ ရောဝဏ်လမ်းမကြီး၊ တံတိုင်းမွှေးလမ်း၊ ဝါဝါဝင်း မြခွာညိုအဆင့်မြင့်အိမ်ရာ၊ အမှတ်(၅၅)နေ (ဒေါ်တင်ပို)၏ ခင်ပွန်း၊ ဦးဖုန်းဝေ (မြိတ်အသင်းဝင် အမှတ်-၁၃၇၀)-ဒေါ်ကျင်ရီတို့၏ ဖခင်သည် ၁၆-၆-၂၀၁၉ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၆-၂၀၁၉ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။

အမှုဆောင်အဖွဲ့

## ဦးမြသန်း

**လ/ထ ညွှန်ကြားရေးမှူး(ငြိမ်း)**

**(စ-စ-စ)**

**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၂၃၇)၊ (၃၆)လမ်းနေ (ဦးဘ-ဒေါ်သန်း)တို့၏သား၊(ဒေါ်ကြည်ကြည်ခင်)၏ခင်ပွန်း၊ (ကိုဇော်နေမင်း)၊ မမြစန္ဒာ၊ ကိုသူရိန်ဝင်းထွန်း-တင်ဇာမော်တို့၏ဖခင်၊ မောင်ဖုန်းပြည့်မောင်၏အဘိုး ဦးမြသန်းသည် ၁၆-၆-၂၀၁၉ ရက် နံနက် ၁ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့နံနက် ၁၁း၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၆-၂၀၁၉ရက် နံနက် ၇နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးစိန်ဝင်း (၂)

**အထက(၁)၊ လသာ (ငြိမ်း)**

**အသက် (၇၃) နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်နေ (ဦးကျော်-ဒေါ်အုန်းကျင်)တို့၏သား၊ (ဦးစံချိန်-ဒေါ်ခင်ရီ)တို့၏သားသမက်၊ ဒေါ်စမ်းစမ်းဝင်း၏ချစ်လှစွာသော ခင်ပွန်း၊ (ဦးအောင်ကျော်)-ဒေါ်တင်အေး၊ (ဦးတင်မောင်ညွန့်-ဒေါ်သန်းမြင့်)တို့၏ညီ၊ ဦးကျော်ဆင့်-ဒေါ်အရီတို့၏အစ်ကို၊ ကိုကျော်သိခ်-မခင်နှင်းသာဝင်း၊ မသီဂီဝင်း (ခ) မဝင်နီတို့၏ ဖခင် ဦးစိန်ဝင်း(၂)သည် ၁၇-၆-၂၀၁၉ ရက် နံနက် ၄း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၆-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၆-၂၀၁၉ ရက် နံနက် ၇ နာရီမှ ၁၁ နာရီအထိ လမ်းမတော်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**

## ဒေါ်စန်းစန်းမြင့်(ခ)ဟဝါဘီဘီ

**အသက် (၆၅)နှစ်**

**မော်လမြိုင်ကျွန်းမြို့နယ်**

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (င/ခ)ရပ်ကွက်၊ ပြည်ထောင်စုလမ်း၊ အမှတ်(၈၆၈)နေ (ဦးဟူစိန်)-ဒေါ်ရှမ်ရှူးဘီတို့၏ သမီး၊ (ဦးရာဇတ်-ဒေါ်အေးတင်)တို့၏ သမီးချွေးမ၊ ဦးကျော်လွင် (ဇဝရတ် စက္ကူရောင်းဝယ်ရေး)၏ ချစ်လှစွာသောဇနီး၊ ဂျပန်နိုင်ငံ၊ ချီဘာမြို့နေ MR.SHOHEI UEDA-မယဉ်ဥမ္မာကျော်၊ ကိုကျော်ကျော်ထူး၊ မယဉ်သူဇာကျော်တို့၏ မိခင်သည် ၁၅-၆-၂၀၁၉ (စနေနေ့) ည ၁၀း၄၅ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၁၆-၆-၂၀၁၉ ရက်တွင် အဆွေရ်ဆွလာသ်အပြီး ရေဝေးမွတ်စလင်မ်ဥယျာဉ်တော်၌ ဒါဖနာပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘဝနတ်ထံ ပျံလွန်တော်မူခြင်း**

## ဘဒ္ဒန္တဉာနဝရမဟာထေရ်

**သိက္ခာတော်(၅၃)ဝါ၊ သက်တော်(၇၂)နှစ်**

စစ်ကိုင်းတောင်ရိုး၊ ဝိပဿနာမဟာဂန္ဓာရုံကမ္မဋ္ဌာန်းတိုက်ကြီး၏ ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ၊ တိုင်းသံဃနာယကအကျိုးတော်ဆောင်(ရွှေကျင်)သည် (၁၃၈၁ ခုနှစ်၊ နယုန်လပြည့်)၊ ၁၇-၆-၂၀၁၉ ရက်တွင် ပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (နယုန်လပြည့်ကျော် ၄ ရက်)၊ ၂၁-၆-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် အန္တိမအဂ္ဂိစျာပနပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ဆရာတော်၏ တပည့်များ

**ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး**

## ဒေါ်သန်းသန်းဝင်း

**အသက်(၇၃) နှစ်**

**B.Sc (Maths), HGP, RL, B.Ed**

**ပြည်လမ်း၊ T.T.C ကျောင်းသူဟောင်း**

**အမက(၁)လှိုင် (ငြိမ်း)၊ အလက (၅) လှိုင် (ငြိမ်း)၊ အထက (၄) လှိုင် (ငြိမ်း)၊ အထက(၂) မှော်ဘီ (ငြိမ်း)၊ အထက(၁) မရမ်းကုန်း (ငြိမ်း)**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပလရ(အပိုင်) ဘောဂ(၁၀)လမ်း၊ ဘောဂရပ်ကွက်နေ (ရှေ့နေဦးအုန်း-ဒေါ်သန်းကြွေ)တို့၏သမီး၊ (ဦးချစ်ရင်-ဒေါ်ကြည်)တို့၏သမီး ချွေးမ၊ (ဦးတင်ဝင်း)-ဒေါ်ချိုချိုခင်၊ (ဦးကျော်ဦး-ဒေါ်ကြည်ကြည်ဝင်း)၊ (ဦးအောင်မြင့်ဝင်း)-ဒေါ်ရီရီလွင်တို့၏ညီမ၊ ဦးအောင်သန်းဝင်း-ဒေါ်မေစိန်၊ (ဦးလှထွန်း)-ဒေါ်ခင်ကြည်၊ ဦးသိန်းဦး-ဒေါ်အေးအေးဝင်း၊ ဦးမျိုးညွန့်ဝင်း-ဒေါ်မြမြသွေးတို့၏အစ်မ၊ မချောနန္ဒာဆွေ၊ မောင်နေထက်ဆွေ-မဖြူဖြူသင်း၊ မသဥ္ဇာဝင်းဆွေ၊ မောင်ညီမင်းခန့်တို့၏ချစ်လှစွာသော မိခင်၊ မောင်နန္ဒလင်းထက်၊ မောင်သုအက္ခရာတို့၏ချစ်လှစွာသောအဘွား၊ ဦးတင့်ဆွေ၏ချစ်လှစွာသောဇနီး ဒေါ်သန်းသန်းဝင်း(အထက်တန်းပြ-ငြိမ်း) သည် ၁၇-၆-၂၀၁၉ (တနင်္လာနေ့) နံနက် ၁၁း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၆-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၆-၂၀၁၉ (တနင်္ဂနွေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

## ဦးစိုးမြင့်

**လ/ထ ကထိက(ငြိမ်း)၊ ရူပဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်**

**အသက် (၆၇) နှစ်**

စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့နယ်၊ ဒယ်ရောက်ရွာနေ (ဦးဘသွင်)-ဒေါ်ဖွားနိုင်တို့၏သားလတ်၊ ရန်ကုန်မြို့နေ (ဦးဖေမောင်-ဒေါ်စိန်လှ)တို့၏သားသမက်၊ စမ်းချောင်းမြို့နယ်၊ သုခမိန်လမ်း၊ အမှတ်(၂)၊ လေးလွှာ(A)နေ ဒေါ်ခင်သန်းဝင်း၏ ခင်ပွန်း၊ ဦးအောင်ဟိန်း-ဒေါ်ခိုင်စပယ်နှင်း၊ ဗိုလ်ကြီးရန်မျိုးနိုင်တို့၏ဖခင်၊ (ဦးမြင့်ခိုင်)-ဒေါ်ခင်သန်းနွယ်တို့၏ညီ/မောင်၊ (ဒေါ်ရွှေစင်)၊ ဦးစောအောင်-ဒေါ်စောသန္တာ(USA) တို့၏အစ်ကို ဦးစိုးမြင့်သည် ၁၅-၆-၂၀၁၉ ရက် ည ၁၁း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၆-၂၀၁၉ ရက်တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၁-၆-၂၀၁၉ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်သန္တာဝင်း(ခ)တေးသံရှင် မေသက်ဝါ

**အသက်(၅၃)နှစ်**

ဝါးခယ်မ ဦးရဲမောင်-(ဒေါ်ကြည်ကြည်ခိုင်)တို့၏ သမီး၊ ဒေါ်မေရွက်ဝါ-(ဦးဝင်းထိန်)၊ ဦးသူရိယ(ခ)ဦးသန်းထွန်းဝင်း-ဒေါ်ခင်အေးသိန်းတို့၏ ညီမ၊ ကိုရွှေပြည်တန်-မနီလာရဲမောင်၊ ကိုသီဟ-မသီတာရဲမောင်(P.I.S.M)တို့၏ အစ်မ၊ ဦးတင်အောင်မိုး၏ ချစ်လှစွာသောဇနီး၊ မောင်ဉာဏ်စဉ်ဆက်(ဂျွန်လွင်-မော်ဒယ်အေဂျင်စီ)၏ မိခင်၊ တူ/တူမ ခုနစ်ယောက်တို့၏ အဒေါ်သည် ၁၇-၆-၂၀၁၉ (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၆-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (အမှတ်-၃၅၆/B ငါးလွှာ၊ ရာဇာဓိရာဇ်၊ (၂၅)လမ်း၊ (၇)ရပ်ကွက်၊ နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၆-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ရဟန်းဒါယိကာမကြီး**

## ဒေါ်အေးမြင့်

**အထက်တန်းပြ-ငြိမ်း၊ ပုသိမ်၊ အထက-၁**

**အသက် (၈၇) နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နေ (ဦးအုန်းစိန်-ဒေါ်မြညွန့်)တို့၏ သမီး၊ [ဦးသန်းထွန်း(NLD၊ နိုင်ငံ့ဂုဏ်ရည်ဒုတိယအဆင့်)]၏ဇနီး၊ (ဦးအေးကျော်)၏ညီမ၊ (ဒေါ်သန်းသန်းမြင့်)၊ ဦးလှမြင့်၊ (ဦးလှတင့်) တို့၏အစ်မ၊ ဦးဇင်ဝေ-ဒေါ်စိုးစန္ဒာတို့၏ ကျေးဇူးရှင်မိခင်ကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၄၃)ရပ်ကွက်၊ ရတနာလမ်း၊ အမှတ်(၆၁၁)နေ ဒေါ်အေးမြင့်သည် ၁၆-၆-၂၀၁၉ (တနင်္ဂနွေနေ့) ည ၈း၃၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၆-၂၀၁၉ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၆-၂၀၁၉ (စနေနေ့)တွင် နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ပုလောမြို့နယ်အသင်း(ရန်ကုန်)**

## ဦးတင်ရီ

**(ပုလော/ကော့သောင်း)**

**သက်ကြီးကန်တော့ခံပုဂ္ဂိုလ်**

**အသက်(၉၅)နှစ်**

**အသင်းဝင်အမှတ်-၂၈၀**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ဧရာဝဏ်လမ်းမကြီး၊ (၇)အနောက်ရပ်ကွက်၊ ဝါဝါဝင်း မြခွာညိုအဆင့်မြင့်အိမ်ရာ၊ တံတိုင်းမွှေးလမ်း၊ အမှတ်(၅၅)နေ (ဒေါ်တင်ပို)၏ ခင်ပွန်းသည် ၁၆-၆-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၅း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၆-၂၀၁၉ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (အသင်းမှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

**ထားဝယ်အသင်း**

## ဦးကြည်မောင်

**အသက်(၈၅)နှစ်**

**သက်ကြီးကန်တော့ခံ**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၆)လမ်း၊ အမှတ်(၈၅)နေ ဒေါ်စောရွှေ၏ ခင်ပွန်း၊ အသင်းဝင်အမှတ်(၆၉၂၄)၊ ဦးကြည်မောင်သည် ၁၆-၆-၂၀၁၉ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၆-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (အသင်းမှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

# မြန်မာ-ဗီယက်နမ် ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ရေး ဆွေးနွေး

**နေပြည်တော် ဇွန် ၁၇**

ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ပေါလစ်ဗျူရိုကော်မတီအဖွဲ့ဝင် Mr. Vuong Dinh Hue ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံ၍ နှစ်နိုင်ငံဆွေးနွေးပွဲကျင်းပပြုလုပ်သည်။

**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

နှစ်နိုင်ငံဆွေးနွေးပွဲတွင် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များ၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးကိစ္စရပ်များ၊ စိုက်ပျိုးရေးကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ဘဏ်လုပ်ငန်းကဏ္ဍ၊ လုံခြုံရေးကဏ္ဍ

စာမျက်နှာ ၇ ကော်လံ ၁ သို့



ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ပေါလစ်ဗျူရိုကော်မတီအဖွဲ့ဝင် Mr. Vuong Dinh Hue ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ နှစ်နိုင်ငံဆွေးနွေးပွဲ ပြုလုပ်စဉ်။

# မြန်မာ့လက်ရွေးစင်အသင်း ၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလား ခြေစစ်ပွဲယှဉ်ပြိုင်မည်



၂၀၁၉ အာရှဖလားခြေစစ်ပွဲတွင် မြန်မာအသင်း ယှဉ်ပြိုင်နေစဉ်။

**ရန်ကုန် ဇွန် ၁၇**

မြန်မာ့လက်ရွေးစင် အသင်းသည် စက်တင်ဘာလတွင် စတင်ကျင်းပမည့် ၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလား ဒုတိယအဆင့်ခြေစစ်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာအသင်းယှဉ်ပြိုင်မည့် ယင်းခြေစစ်ပွဲများအတွက် အုပ်စုမဲခွဲပွဲကို ဇူလိုင် ၁၇ ရက်တွင် ကာတာနိုင်ငံ ဒိုဟာမြို့၌ ကျင်းပမည်ဖြစ်သည်။

**ပုံစံပြောင်းလဲခဲ့**

အာရှဘောလုံးအဖွဲ့ချုပ်သည် ၂၀၁၉ အာရှဖလားပြိုင်ပွဲမှစတင်ကာ ခြေစစ်ပွဲကျင်းပသည့်ပုံစံပြောင်းလဲခဲ့ပြီး လာမည့်ပြိုင်ပွဲ ဒုတိယအဆင့် ခြေစစ်ပွဲကို ငါးသင်း၊ ရှစ်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်သည်။ ဒုတိယအဆင့် ခြေစစ်ပွဲတွင် အာရှထိပ်သီးအသင်းများ ပါဝင်လာမည်ဖြစ်ပြီး ၂၀၁၉ ခုနှစ် စက်တင်ဘာ ၅ ရက်မှ ၂၀၂၀ ပြည့်နှစ် ဇွန် ၉ ရက်အထိ ကျင်းပမည်ဖြစ်သည်။

စာမျက်နှာ ၁၁ ကော်လံ ၄ သို့ ❖

# အာဆီယံဖူဆယ်ပြိုင်ပွဲတွင် မြန်မာနှင့် မလေးရှား စတင်တွေ့ဆုံ

**ရန်ကုန် ဇွန် ၁၇**

၂၀၁၉ အာဆီယံဖူဆယ်ကလပ်ပြိုင်ပွဲကို ထိုင်းနိုင်ငံ၌ ဇွန် ၁၈ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး မြန်မာကလပ် MIU အသင်းသည် မလေးရှားကလပ် မီလာကာအသင်းနှင့် စတင်တွေ့ဆုံမည်ဖြစ်သည်။

**လေးကြိမ်မြောက် ယှဉ်ပြိုင်ခွင့်ရ**

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ယင်းပြိုင်ပွဲကို ၂၀၁၅ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး ထိုင်းကလပ်အသင်းများက လေးကြိမ်စလုံး ဗိုလ်စွဲထားသည်။ MIU အသင်းသည် ယင်းပြိုင်ပွဲတွင် လေးကြိမ်မြောက် ယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်ပြီး ပြီးခဲ့သည့်သုံးကြိမ်စလုံး တတိယဆု ရရှိခဲ့သည်။ ယခုပြိုင်ပွဲတွင် အသင်းခြောက်သင်း ယှဉ်ပြိုင်မည်ဖြစ်ပြီး သုံးသင်း၊ နှစ်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်သည်။

**ယှဉ်ပြိုင်ကစားရမည်**

MIU အသင်းသည် အုပ်စုပွဲများအဖြစ် ဇွန် ၁၈ ရက်တွင် မလေးရှားကလပ် မီလာကာအသင်း၊ ဇွန် ၂၀ ရက်တွင် ကမ္ဘောဒီးယားကလပ် Down Town အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ မြန်မာကလပ် MIU အသင်းသည် အုပ်စု(ခ) တွင်

စာမျက်နှာ ၁၃ ကော်လံ ၅ သို့ ■


ကြေးမုံ **ယနေ့ ဖတ်စရာ**

**တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်** စာမျက်နှာ » ၈

. . . . . . . . . . . .

**၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ တက္ကသိုလ်ဝင်ခွင့် လျှောက်ထားနိုင်** စာမျက်နှာ » ၉

. . . . . . . . . . . .

**ဓမ္မာစရိယစာမေးပွဲအောင်စာရင်း ထုတ်ပြန်ကြေညာ** စာမျက်နှာ » ၁၁



